ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
ဒသမနေ့မှတ်တမ်း

၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်

(၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)

[ဗုဒ္ဓဟူးနေ့]

အချိန်၊ ၁၀း၀၀။

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော် ၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

အချိန်၊ ၁၀း၀၀။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

အချိန်၊ ၁၀း၀၂။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၂)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၁၉၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရေ စုစုပေါင်း၏(၈၇.၈၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က) နဲ့ (ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

အချိန်။ ၁၀း၀၃။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ
ခွင့်ပန်ကြားခြင်း

အချိန်၊ ၁၀း၀၄။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(၈)၊ နည်းဥပဒေခွဲ၈ယ်(၁)အရ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပတ်သက်ပြီး ဇယားနဲ့ ဖတ်ပြပါမယ်။ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ ကိုယ်ရေးကိုယ်တာ၊ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်ရေးကိုယ်တာ၊ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကျန်းမာရေး၊ ဦးတင်ဝင်း၊ မကွေး(၈)၊ ကျန်းမာရေး၊ ဦးဘိုရယ်၊ ကယား(၃)၊ ယောကျ္ဃမနာရေး၊ ဦးမောင်သာခင်၊ ရခိုင်(၈)၊ ကျန်းမာရေး၊ ဒေါ်ရီရီမြင့်မွန်(၁)၊ ကိုယ်ရေးကိုယ်တာတို့ ဖြစ်ပါတယ်။

အခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များနဲ့ ပတ်သက်ပြီး ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု
အခြေအနေကို မှတ်တမ်းတင်ခြင်း

အချိန်၊ ၁၀း၀၇။

ဥက္ကဋ္ဌ။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ဒသမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၂)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၀)ဦး၊ ယနေ့ ခွင့်ပြုထားသူ(၇)ဦးဖြစ်၍ လွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၇)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(၈)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

အချိန်၊ ၁၀း၀၈။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ ထားသော မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ ကျန်းမာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းတွေ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ညောင်ဦးမြို့နယ်၊ စဉ့်ကူကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၀၉။

ဥက္ကဋ္ဌ။ ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးအေး ကညောင်ဦးမြို့နယ်၊ စဉ့်ကူကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၀၉။

ဦးအေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စဝန်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေး ဖြစ်ပါတယ်။ မေးမြန်းလိုတဲ့ မေးခွန်းကတော့ ညောင်ဦးမြို့နယ်၊ စဉ့်ကူကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုလို့ မေးမြန်းခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ညောင်ဦးမြို့နယ်၊ စဉ့်ကူကျေးရွာအုပ်စုဟာ ညောင်ဦးမြို့မှ (၂၀)မိုင်ခန့် ကွာဝေးပြီး စီးပွားရေး၊ လူမှုရေးအရ အထူးအရေးပါ စည်ကားဖွံ့ဖြိုးသော ကျေးရွာအုပ်စုကြီးဖြစ်တဲ့အပြင် ပတ်ဝန်းကျင် ကျေးရွာအုပ်စု(၁၇)အုပ်စုမှ ပြည်သူလူထုများ၏ စီးပွားရေးလုပ်ငန်းများ အထူးအလေးထားရသော ဒေသဖြစ်ပါတယ်။ စဉ့်ကူကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာနခွဲကို ၁၉၆၂ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ကျန်းမာရေးဌာနမှ ပတ်ဝန်းကျင် ကျေးရွာအုပ်စု(၅)အုပ်စု၊ ရပ်ကွက်၊ ကျေးရွာပေါင်း(၃၄)ရွာ၊ လူဦးရေပေါင်း(၃၀၀၀၀)ကျော်အား ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးလျက်ရှိပါတယ်။ တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိပါက နီးစပ်ရာ ကျေးရွာအုပ်စု(၁၇)အုပ်စု လူဦးရေ(၅၀၀၀၀)ခန့်မျှ တိုးတက်၍ ကျန်းမာရေးကုသစောင့်ရှောက်မှု ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။

လက်ရှိ စဉ့်ကူကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးကုသမှု မှတ်တမ်းများကို ဖော်ပြရပါလျှင် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလမှ သြဂုတ်လအထိ ပြင်ပလူနာ(၄၅၅၀)ဦး၊ အထက်အဆင့်သို့ လွှဲပြောင်းပေးရသည့် လူနာ(၁၆)ဦး၊ သေဆုံးသူ လူဦးရေ(၁၀၁)ဦး ရှိခဲ့ပါတယ်။ ကျန်းမာရေးဌာနခွဲအနေဖြင့် သာမန်ကုသမှု ကြိုတင်ကာကွယ်မှုများသာ ပြုလုပ်နိုင်ခဲ့ပြီး အရေးပေါ်လူနာ၊

အတွင်းလူနာများ ရှိလာပါက ညောင်ဦးသို့လည်းကောင်း၊ အနီးစပ်ဆုံး ချောက်မြို့သို့လည်းကောင်း သွားရောက်ကုသမှု ခံယူရသဖြင့် ငွေကုန်ကြေးကျ များပြားခြင်း၊ ချောင်းများ ဖြတ်သန်းရသဖြင့် မိုးတွင်းအခါသွားလာမှု အခက်အခဲများ မကြာခဏ ကြုံတွေ့နေရပါတယ်။

တိုက်နယ်ဆေးရုံ ဖွင့်လှစ်ရန်အတွက် ချောက်-ညောင်ဦး ကားလမ်း စဉ်ကူကျေးရွာ အနောက်ဘက် ယာမြေ (၆)ဧကခန့်အား အသုံးပြုရန် စီစဉ်ထားရှိပြီး ဖြစ်တဲ့အပြင် ပတ်ဝန်းကျင် ကျေးရွာများမှ ဆေးရုံဖွင့်လှစ်ရေးအတွက် စိတ်အားထက်သန်သကဲ့သို့ ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများမှလည်း ဆန္ဒသဘောထား ပေးကြပါတယ်။ သို့ပါ၍ ညောင်ဦးမြို့နယ်၊ စဉ်ကူ ကျေးရွာ ကျန်းမာရေးဌာနခွဲအား တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် တိုးမြှင့်ပေးပါက မည်သည့်ခုနှစ်တွင်စတင်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

သာစည်မြို့နယ်၊ ဟံဇားကျေးရွာ ကျေးလက်ကျန်းမာရေးဌာနတွင် ကိုယ်ထူကိုယ်ထ တည်ဆောက်လျက်ရှိသော တိုက်နယ်ဆေးရုံအဆင့် အဆောက်အဦအား ကူညီပံ့ပိုးပေးပါရန် နှင့် အဆောက်အဦ ပြီးစီးပါက တိုက်နယ် ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၁၃။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဌေးမောင် က သာစည်မြို့နယ်၊ ဟံဇားကျေးရွာ ကျေးလက်ကျန်းမာရေးဌာနတွင် ကိုယ်ထူကိုယ်ထ တည်ဆောက်လျက်ရှိသော တိုက်နယ်ဆေးရုံအဆင့် အဆောက်အဦအား ကူညီပံ့ပိုးပေးပါရန်နှင့် အဆောက်အဦ ပြီးစီးပါက တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၁၃။

ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီး များ မဂ်လာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ် ဦးဌေးမောင် ဖြစ်ပါတယ်။ သာစည်မြို့နယ်၊ ဟံဇားကျေးရွာ ကျေးလက်ကျန်းမာရေးဌာနတွင် တည်ဆောက်လျက်ရှိသော တိုက်နယ်ဆေးရုံအဆင့် အဆောက်အဦအား ကူညီပံ့ပိုးပေးပါရန်နှင့် အဆောက်အဦ ပြီးစီးပါက တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်ပေးပါရန် အစီအစဉ် ရှိ/မရှိကို မေးမြန်းလိုခြင်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဟံဇားကျေးရွာ ကျန်းမာရေးဌာနဟာ၊ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ဟံဇားကျေးရွာမှာ တည်ရှိပြီး ၁၉၅၆ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရှိရပါတယ်။ ဟံဇားကျေးရွာဟာ အိမ်ခြေ(၈၀၀)ကျော်၊ လူဦးရေ (၄၅၀၀)ကျော်နေထိုင်ပြီး အထက်တန်းကျောင်း၊ ရဲစခန်း၊ ဘူတာရုံ စာတိုက်များတည်ရှိပါတယ်။ လျှပ်စစ်မီးရရှိသော ရွာကြီးတစ်ရွာလည်းဖြစ်ပြီး ဒေသခံအများစုဟာ ယက္ကန်းလုပ်ငန်းဖြင့် အဓိကထား လုပ်ကိုင်နေသူများ ဖြစ်ကြပါတယ်။

ဟံဇားကျေးလက်ကျန်းမာရေးဌာနဟာ သာစည်မြို့နယ်၊ ပြည်သူ့ဆေးရုံကြီးနဲ့ မီးရထားလမ်းအတိုင်း (၁၁)မိုင်ကွာဝေးပြီး ကားလမ်းအတိုင်း မိုင်(၂၀)ကွာဝေးပါတယ်။ ဟံဇားကျေးရွာ အပါအဝင် အနီးပတ်ဝန်းကျင် ကျေးရွာပေါင်း(၃၀)မှ ဒေသခံပြည်သူ (၃၀၀၀၀)ခန့် မှီခိုအားထားရသော ကျန်းမာရေးဌာန ဖြစ်ပါတယ်။ ဟံဇားကျေးလက်ကျန်းမာရေးဌာနဟာ ဧရိယာ(၅)ဧကခန့်ရှိပြီး တိုက်နယ်ဆေးရုံအတွက် လိုအပ်တဲ့မြေနေရာ အကျယ်အဝန်းနဲ့လည်း ကိုက်ညီကြောင်းလည်းသိရှိရပါတယ်။ တိုက်နယ်ဆေးရုံအဆင့်နဲ့ လျော်ညီတဲ့ အလျား(၁၃၀)ပေ၊ အနံ(၁၀၀)ပေ အဆောက်အဦကို ဆရာတော်သံဃာတော်များ ကြီးကြပ်မှုနဲ့ ဒေသခံပြည်သူများရဲ့ အလှူငွေများဖြင့် ကိုယ်ထူကိုယ်ထ တည်ဆောက်နေဆဲဖြစ်ပါတယ်။ ငွေကြေးပမာဏအနေနဲ့ အတန်အသင့် သာရှိပြီး မပြည့်စုံသေးကြောင်းလည်း သိရှိရပါတယ်။

အဆောက်အဦဆောက်လုပ်ပြီးစီးပြီး တိုက်နယ်ဆေးရုံအဆင့် မြှင့်တင်ဖွင့်လှစ်ပေးနိုင်ပါက ဒေသခံပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ယခုထက်ပိုမို ဖြည့်ဆည်းနိုင်မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သာစည်မြို့နယ်၊ ဟံဇားကျေးလက်ကျန်းမာရေးဌာနတွင် တည်ဆောက်လျက်ရှိသော တိုက်နယ်ဆေးရုံအဆင့် အဆောက်အဦအား ကူညီပံ့ပိုးပေးပါရန်နှင့် အဆောက်အဦပြီးစီးပါက တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

အချိန်၊ ၁၀း၁၆။

ဥက္ကဋ္ဌ။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဖြေကြားချက်

အချိန်၊ ၁၀း၁၆။

ဒေါက်တာဖေသက်ခင် (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန) ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်လှယ်တော်များခင်ဗျား။ ကျွန်တော် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေနဲ့ မန္တလေးတိုင်းဒေသကြီး အမှတ်(၇) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးရဲ့ မေးခွန်းကို ပြန်လည် ဖြေကြားပါမယ်။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ စဉ်ကူကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ခြင်း အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီးတော့ ကျန်းမာရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ စဉ်ကူကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်အဆင့် ဆေးရုံအဖြစ်သို့ အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးခုနှစ်အတွင်းမှာ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင်ရဲ့ သာစည်မြို့နယ်၊ ဟံဇားကျေးလက်ကျန်းမာရေးဌာနမှာ တည်ဆောက်လျက်ရှိသော တိုက်နယ်ဆေးရုံအဆင့်အဆောက်အအုံကို ကူညီပံ့ပိုးပေးပါရန်နဲ့ အဆောက်အအုံ ပြီးစီးပါက တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ဖြေကြားရမယ်ဆိုရင် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်မှာ (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံ(၁)ရုံနှင့် (၁၆)ခုတင်ဆံ့ ညောင်ရမ်းတိုက်နယ်ဆေးရုံ(၁)ရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ(၁)ရုံ၊ စုစုပေါင်းတိုက်နယ်ဆေးရုံ(၂)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန (၇)ခု၊ ရွာကြီး၊ ရွှေထုတ်ကုန်၊ လှိုင်းတက်၊ ဟံဇား၊ မြေစို၊ မုံတော၊ ညောင်ရမ်း၊ ယင်းမာပင် နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ(၂၄)ခု ဖွင့်လှစ်ထားပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးနေပါတယ်။

အခုအခြေအနေမှာတော့ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ဟံဇားကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် လောလောဆယ် အစီအစဉ် မရှိသေးပါဘူး။ ကျွန်တော်တို့အနေနဲ့ စီမံချက်များအရ မန္တလေးတိုင်းမှာ တစ်နှစ်ကို တိုက်နယ်ဆေးရုံ(၃)ခုနှုန်း တိုးချဲ့ဖွင့်လှစ်သွားဖို့ရှိပါတယ်။ တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ညှိနှိုင်းပြီးတော့ ဦးစားပေးအစီအစဉ်အရတစ်နှစ်ကို(၃)ခုနှုန်းဖွင့်တဲ့ထဲမှာ ထည့်သွင်းပြီးတော့ ဦးစားပေးအစီအစဉ်အရ ကျွန်တော် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လောလောဆယ်တော့ အစီအစဉ်မရှိသေးပါဘူး ၁၂-၁၃၊ ၁၃-၁၄ အတွက်။

အမျိုးသားစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆင့်ဖြစ်သည့် သမဝါယမနှင့် ပြည်သူပိုင်အဆောက်အဦနှင့် မြေနေရာများအား ဥပဒေနှင့်အညီ ပြည်သူအများ မနစ်နာစေရန် မည်သို့သောစနစ်ဖြင့် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၁၈။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးသက်နိုင်ဦး က အမျိုးသားစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆင့်ဖြစ်တဲ့ သမဝါယမနှင့် ပြည်သူပိုင်အဆောက်အဦနှင့် မြေနေရာများအား ဥပဒေနှင့်အညီ ပြည်သူအများ မနစ်နာစေရန် မည်သို့သောစနစ်ဖြင့် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၁၈။

ဦးသက်နိုင်ဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်ထောင်စုဝန်ကြီးများနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ နိုင်ငံတော်သည် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆင့် သမဝါယမပိုင်နှင့် ပြည်သူပိုင်အဆောက်အဦနှင့် မြေနေရာအား ဖော်ထုတ်ရှင်းလင်းပြီး ပြည်သူများ မနစ်နာစေရန် ပြန်လည်နေရာချထား ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သမဝါယမဝန်ကြီးဌာနပိုင် အဆောက်အဦနဲ့ မြေနေရာများစွာကို အခြေခံအဆင့် သမဝါယမများမှ ခေတ်အဆက်ဆက် ထိန်းသိမ်းလာခဲ့ကြပါတယ်။ ယခုအခါ အခြေခံအဆင့် သမဝါယမပိုင်မြေနေရာနှင့် အဆောက်အဦများကို တတ်နိုင်သူများက မြေစာရင်းနဲ့ ပူးပေါင်းပြီးတော့ အမည်ပေါက်ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းမှာ အမည်ပေါက် ပူးပေါင်းဆောင်ရွက်ပြီးတော့ လက်ထဲရောက်ရှိနေတာကိုလည်း အခြေခံအဆင့်မှာ များစွာတွေ့နေရပါတယ်။

ဥပမာအားဖြင့်ဆိုလို့ရှိရင် ကျွန်တော်တို့ ဖြူးမြို့နယ်အတွင်းမှာရှိတဲ့၊ ဇေယျဝတီမြို့မှာရှိတဲ့ အခြေခံ သမဝါယမပိုင် မြေနေရာနဲ့ အဆောက်အဦဟာ(က) အောင်မြင်ကုန်း သမဝါယမ၊ (ခ) အောင်သုခ သမဝါယမ၊ (ဂ) ကြူအင်း သမဝါယမ၊ (ဃ) မိသားစု သမဝါယမ ပိုင်မြေနေရာများ ဟာဆိုလို့ရှိရင် သမဝါယမအနေနဲ့ ပြန်လည်ပြီးတော့ သိမ်းဆည်းပြီး၊ လေလံပစ်မယ်ဆိုလို့ရှိရင်လည်း ပုံစံ(၁၀၅)ရပြီလား၊ နောက်တစ်ခုက ပြည်သူအများစုထည့်ဝင်ထားတဲ့ ငွေကို ပြန်ပြီး တော့မှ ပြန်အမ်းပြီး ပြီလားဆိုတာကို ဒါစဉ်းစားသင့်တဲ့ အချိန်လည်း ရောက်ပါပြီ၊ အဲဒီမှာ ကျွန်တော့်အနေနဲ့ သမိုင်းကြောင်းလေးတစ်ခု အနည်းငယ်ရှင်းပြပါရစေ။ ကျွန်တော်တို့ ဖြူးမြို့နယ်၊ ကျောက်တံခါးမြို့နယ်မှာရှိတဲ့ ဖြူးမြို့နယ် ဇေယျဝတီမြို့မှာဆိုလို့ရှိရင် ကျွန်တော်တို့ ရှေးယခင်ကဆိုလို့ရှိရင်ကျွန်တော်တို့အိန္ဒိယအတွင်းဝန်(ရိုက်ဗဟာဒူးဟာရီ ဟရပ်ပရက်ဆပ်ဆင်းဟာရီဂျီ) ဆိုတဲ့ အတွင်းဝန်ကနေပြီးတော့ ဒီ ကာလကတ္တားမှာရှိတဲ့ မြို့တော်ဝန်ထံကနေပြီး တော့ ဇေယျဝတီရယ်၊ ပြီးတော့ ကျောက်တံခါးရယ် ဒီနယ်မြေ(၂)ခုမှာရှိတဲ့ မြေဧက(၂၀၀၀၀) ကျော်ကို ဖော်ထုတ်နိုင်ဖို့အတွက်ဆိုပြီးတော့ ရရှိခဲ့ပါတယ်။

အဲဒီမှာ ဆိုလို့ရှိရင် အိန္ဒိယနိုင်ငံမှာရှိတဲ့၊ ဘီဟာနယ်မှာရှိတဲ့ အာဂရာခရိုင်၊ ချပ်ပတာခရိုင်၊ ဗလီယာခရိုင်၊ ပါတနာခရိုင် တို့မှာရှိတဲ့ လယ်သမား(၄၀၀၀)ကျော်ကို ၁စရစ ခုနှစ်မှာ ပထမတစ်သုတ်၊ ၁၉၀၂ ခုနှစ်မှာ ဒုတိယတစ်သုတ်အဖြစ်နဲ့ ဒါ အလုပ်ကြမ်းသမားတွေကို မြန်မာနိုင်ငံအတွင်းသို့ ခေါ်ဆောင်ပြီးတော့ ကျွန်တော်တို့ ဇေယျဝတီနယ်မြေမှာ ရှိတဲ့ လယ်ယာမြေများကို ဖော်ထုတ်ရန် ခေါ်ဆောင်ခဲ့ပါတယ်။

ဒီလိုဖော်ထုတ်ဖို့ ခေါ်ဆောင်ခဲ့တဲ့ နေရာမှာလည်း ဘယ်လို ရွေးချယ်ခဲ့သလဲဆိုလို့ရှိရင် ကျွန်တော်တို့ (၁)ကနေ(၁၀၀)အထိ မရေနိုင်တဲ့ မပြောနိုင်တဲ့ သူတွေကို ရွေးချယ်ပြီးတော့

မြန်မာနိုင်ငံအတွင်းကို ခေါ်ဆောင်ပြီးတော့မှ အခုကျွန်တော်တို့ ဇေယျဝတီ၊ ကျောက်တံခါး နယ်မြေမှာရှိတဲ့ လယ်ဧက(၂၀၀၀၀)ကျော်ကို ဖော်ထုတ်ဖို့ ခေါ်လာခဲ့ပါတယ်။ အဲဒီမှာဆိုရင် ၁၉၆၄ -၆၅ မှာ ဇူလိုင်နဲ့ သြဂုတ်လတွေမှာ ပြန်ပြီးတော့ လယ်သမား(၁၀၀၀)နီးပါးဟာ အိန္ဒိယသို့ ပြန်သွားခွင့်ရခဲ့ပါတယ်။ နောက်ထပ်လည်း ပြန်ဖို့ဆိုပြီး လုပ်ခဲ့ကြပါတယ်။ အဲဒီမှာ ဆိုလို့ရှိရင် သူတို့က သူတို့ရှိတဲ့ လယ်ယာမြေနဲ့ ပိုင်ဆိုင်တဲ့အရာတွေကို နိုင်ငံတော်ထံ အပ်နှံခဲ့ကြ ပါတယ်။ အဲဒီ အပ်နှံတဲ့ ခေတ်အခြေအနေကလည်း ဘယ်ခေတ်မှာလည်းဆိုလို့ရှိရင် ကျွန်တော်တို့ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီလက်ထက် ပြည်သူ့ကောင်စီခေတ်မှာ အပ်ခဲ့ပါတယ်။

အဲဒီ ပြည်သူ့ကောင်စီခေတ်မှာ အပ်ခဲ့တဲ့အတွက် ဒီ အပ်ခဲ့တဲ့ မြေစာရင်း၊ မြေယာ ပိုင်ဆိုင်မှု အထောက်အထားဟာလည်း ကျွန်တော်တို့ မြို့နယ်အဆင့်တွေမှာ မရှိဘဲနဲ့ တောင်ငူ ခရိုင် မြေစာရင်းတိုက်မှာပဲ ရှိပါတယ်။ အဲဒီတော့ ၁၉၆၄-၆၅ မှာရှိတဲ့ အိန္ဒိယနိုင်ငံကို ပြန်သွား ခွင့်ရခဲ့တဲ့ အိန္ဒိယလူမျိုးတွေဟာ ဆိုလို့ရှိရင် နိုင်ငံတော်ကို အပ်ခဲ့တဲ့ အခန်းဟာဆိုလို့ရှိရင်၊ ကျွန်တော်တို့ ဇေယျဝတီမြို့မှာ ဆိုလို့ရှိရင်(၁၃၇)ခန်း ရှိပါတယ်။ ဒါတွေဟာဆိုလို့ရှိရင် ကျွန်တော်တို့လက်ထက် ကျွန်တော်တို့ ခေတ်အခါ အခြေအနေမှာ နိုင်ငံတော်ကနေပြီးတော့ ဒါစာရင်းပျောက်တဲ့ အနေအထားမှာတွေ့ရတယ်။ တကယ်လို့ စာရင်းရှိတယ်ဆိုလို့ရှိရင်လည်း တရားဝင် ဥပဒေ ကြောင်းနဲ့အညီ ပိုင်ဆိုင်မှု လုပ်ပေးဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ပြည်သူအများစုပိုင် ငွေကြေးနဲ့ ဆောက်လုပ်ထားတဲ့ အဆောက်အဦ နဲ့ ပြည်သူများမနစ်နာစေရန် ပြန်လည်ချထား ပေးပြီးတော့ ၎င်းတို့ ပြည်သူ့သဘောထားနဲ့အညီ ဆောင်ရွက်လျှင်၊ ဆောက်ရွက်ဖို့ လျှင်မြန်စွာ အကောင်အထည်ဖော်သင့်ပြီလို့လည်း ယူဆ ပါတယ်။ သက်ဆိုင်ရာ အောက်ခြေအဆင့် သမဝါယမ အဖွဲ့များရဲ့ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ ဌားရမ်းထားသည်ဖြစ်စေ၊ အပြီးအပိုင်ရောင်းချသည်ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန အနေဖြင့် ၎င်းတို့အားဥပဒေနှင့်အညီ ထိရောက်စွာဆောင်ရွက်ပြီး၊ ခိုင်လုံသောဥပဒေနဲ့အညီ ဌားရမ်း နေထိုင်လိုသူ သို့မဟုတ် ဝယ်ယူလိုသူ ပြည်သူများမနစ်နာစေရန်အတွက် စနစ်တကျ ပြန်လည် နေရာချထားပေးဖို့ လိုပါပြီ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်သိရှိလိုတဲ့၊ မေးမြန်းလိုတဲ့ မေးခွန်း ကတော့ အမျိုးသားစီးပွားရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆင့်မှာ သမဝါယမနဲ့

ပြည်သူပိုင်အခန်း၊ မြေနေရာနှင့် အဆောက်အဦများကို ခိုင်လုံသော ဥပဒေနှင့်အညီ ပြည်သူများ မနစ်နာစေရန် မည်သို့သော စနစ်ဖြင့် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလို၍ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၀း၂၄။

ဥက္ကဋ္ဌ။ ။ မေးခွန်းနဲ့ပတ်သက်ပြီး သမဝါယမဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဖြေကြားချက်

အချိန်၊ ၁၀း၂၄။

ဦးသန်းထွန်း (ဒုတိယဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန) ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြွယ်ဝစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သမဝါယမဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဦးသန်းထွန်းဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦး ၏ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆင့်ဖြစ်တဲ့ သမဝါယမနှင့် ပြည်သူပိုင်အခန်းနှင့် မြေနေရာများအား ဥပဒေနှင့်အညီ ပြည်သူအများ မနစ်နာစေရန်မည်သို့သောစနစ်ဖြင့် ဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်းမေးခွန်းနဲ့ စပ်လျဉ်း၍ ရှင်လင်းဖြေကြားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ သမဝါယမဝန်ကြီးဌာန၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြလိုပါတယ်။ သမဝါယမဝန်ကြီးဌာနအနေဖြင့် အနာဂတ်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် ကျေးလက်နေပြည်သူများနှင့် မြို့ပြနေအခြေခံလူတန်းစားများရဲ့ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်ရာမှာ သမဝါယမစီးပွားရေးလုပ်ငန်းများဖြင့် တစ်ဖက်တစ်လမ်းမှ အမှန်တကယ် အထောက် အကူပြု ဆောင်ရွက်ပေးရန်စတဲ့ ဦးတည်ချက်(၂)ရပ်နဲ့ ချမှတ်ဆောင်ရွက်လျက် ရှိပါတယ်။

အဲဒီ ဦးတည်ချက်(၂)ရပ် အောင်မြင်စေရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ် (၅)ရပ်အဖြစ် ကျေးရွာတိုင်းမှာ အနည်းဆုံးအခြေခံသမဝါယမအသင်း(၁)သင်း ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးရန်နဲ့ ဖွဲ့စည်းပြီးဖြစ်သော သမဝါယမအသင်းများ ရှင်သန်အောင် အမှန်တကယ် အလုပ်လုပ်နိုင်အောင် ဆောင်ရွက်ပေးရန်၊ ဖွဲ့စည်းပြီးသော သမဝါယမအသင်းများက လုပ်ငန်းဆောင်ရွက်ရာမှာ ငွေကြေးအရင်းအနှီး ရရှိစေရန်အတွက် အများပိုင်ငွေကြေးအဖွဲ့အစည်းတစ်ခု ပေါ်ပေါက်လာအောင် ဆောင်ရွက်ပေးရန်၊ အဆင့်ဆင့်သော သမဝါယမအသင်းများသည်လည်း တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ငွေကြေး၊ နည်းပညာ၊ စျေးကွက် ကျယ်ပြန့်စွာဖြင့် ဆောင်ရွက်နိုင်ရေး ကူညီပေးရန်၊ သမဝါယမ တက္ကသိုလ်၊ ကောလိပ်များမှ အမျိုးသားရေးစိတ်ဓာတ်နဲ့ လူမှုရေးစိတ်ဓာတ် အခြေခံပြည့်ဝသော သမဝါယမ စီးပွားရေးပညာကို ကျွမ်းကျင်တတ်မြောက်သော ပညာတတ်များ မွေးထုတ်ပေးရန်၊ သမဝါယမ သင်တန်းကျောင်းများမှ အမျိုးသားရေးစိတ်ဓာတ်နဲ့ လူမှုရေးစိတ်ဓာတ် အခြေခံပြည့်ဝသော အသက်မွေးဝမ်းကျောင်းပညာ ကျွမ်းကျင်သူများ မွေးထုတ်ပေးရန်တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

အထက်ဖော်ပြပါ ဦးတည်ချက် (၂)ရပ်နှင့် လုပ်ငန်းစဉ် (၅)ရပ်တို့ကို သမဝါယမဝန်ကြီးဌာနအနေဖြင့် စတင်ဆောင်ရွက်လျက်ရှိပြီး ဦးတည်ချက်အမှတ်(၂)ဖြစ်တဲ့ တိုင်းပြည် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက်သမဝါယမစီးပွားရေးလုပ်ငန်းများဖြင့် တစ်ဖက်တစ်လမ်းမှ အမှန်တကယ် အထောက်အကူပြုဆောင်ရွက်ပေးရန်ဟူသည့် ဦးတည်ချက် အောင်မြင်စေရေးအတွက် လုပ်ငန်းစဉ်အမှတ်(၃)ဖြစ်တဲ့ အဆင့်ဆင့်သော သမဝါယမအသင်းများကလည်း တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ငွေကြေး၊ နည်းပညာ၊ စျေးကွက် ကျယ်ပြန့်စွာဖြင့် ဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်ပေးရန်ဟူသည့် လုပ်ငန်းစဉ်ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦး၏ မေးခွန်းနှင့်စပ်လျဉ်း၍ ဆက်လက်ဖြေကြားရမည်ဆိုပါက သမဝါယမအသင်းများနှင့် ပတ်သက်သည့် အဆောက်အဦ၊ အခန်းအမျိုးအစား (၂)မျိုး ရှိပါတယ်။ ပထမ

အမျိုးအစားမှာ သမဝါယမအသင်းပိုင် အဆောက်အဦနှင့် အခန်းများဖြစ်ပြီး ဒုတိယ အမျိုးအစားမှာ သမဝါယမဝန်ကြီးဌာန အသုံးပြုခွင့်ရ ပြည်သူပိုင်သိမ်း အခန်းများ ဖြစ်ပါတယ်။

သမဝါယမအသင်းပိုင်အခန်းများနှင့် ပတ်သက်၍ ၁၉၉၈ ခုနှစ်၊ သမဝါယမအသင်း နည်းဥပဒေ အခန်း (၁၂) အပိုဒ် ၉၀(က) အရ သမဝါယမအသင်းများ၏ အမြင့်ဆုံးအာဏာပိုင် အဖွဲ့အစည်းမှာ အရပ်ရပ်ဆိုင်ရာအစည်းအဝေးဖြစ်ကြောင်း ပြဋ္ဌာန်းပြီးဖြစ်တဲ့ အတွက် သမဝါယမအသင်းများပိုင် အခြေပစ္စည်းများဖြစ်တဲ့ အဆောက်အဦများ၊ အခန်းများ၏ ဌားရမ်းခြင်း၊ ရောင်းချခြင်း ကိစ္စရပ်များကို အရပ်ရပ်ဆိုင်ရာအစည်းအဝေး ဆုံးဖြတ်ချက်အရသာ ဆောင်ရွက်ကြတာ ဖြစ်ပါတယ်။ သမဝါယမဝန်ကြီးဌာနအနေဖြင့် ဥပဒေနှင့်အညီဖြစ်စေရေး ပွင့်လင်းထင်သာမြင်သာရှိစေရေးအတွက် တည့်မတ်ဆောင်ရွက်ပေးရန်သာ တာဝန်ရှိတဲ့အတွက် သမဝါယမအသင်းပိုင် အဆောက်အဦနှင့် အခန်းများကို ဝင်ရောက်စီမံခန့်ခွဲခြင်း မရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယအချက်အနေဖြင့် သမဝါယမဝန်ကြီးဌာန စီမံခန့်ခွဲပိုင်ခွင့်ရ ပြည်သူပိုင်သိမ်း အခန်း၊ အဆောက်အဦများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ သမဝါယမ ဝန်ကြီးဌာန စီမံခန့်ခွဲပိုင်ခွင့်ရ ပြည်သူပိုင်သိမ်းအခန်း၊ အဆောက်အဦ စုစုပေါင်း (၃၃၂)ခန်း ရှိပါတယ်။ ပြည်သူပိုင်သိမ်းအခန်း၊ အဆောက်အဦများနှင့်စပ်လျဉ်း၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၂၄-၇-၁၉၉၆ ရက်စွဲပါ စာဖြင့် ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ ၃ နှင့် ၄ တို့အရ နိုင်ငံခြားသားပိုင် ကုမ္ပဏီဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများဖြစ်သည့် မြေနှင့်အဆောက်အဦများကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ရန် တားမြစ်ချက်များအရ ပြည်သူပိုင်ပြုလုပ်ခဲ့သည် ဖြစ်စေ၊ မပြုလုပ်ခဲ့သည်ဖြစ်စေ နိုင်ငံခြားသားပိုင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများဖြစ်သည့် မြေနှင့်အဆောက်အဦများအား တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်းကို အစိုးရအဖွဲ့၏ သဘောတူညီချက် ကြိုတင်ရယူပြီးမှဆောင်ရွက်ရန်အကြောင်းကြားထားချက်နှင့် ပြည်သူပိုင်သိမ်း အခန်းများ စီမံခန့်ခွဲမှုကိုပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ကသာ ဆောင်ရွက်သဖြင့် သမဝါယမ ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့သာ အပ်နှံဆောင်ရွက်ခဲ့ ပါတယ်။

နိုင်ငံပိုင်ပစ္စည်းများအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ အစီအစဉ်ဖြင့် လေလံတင်ရောင်းချခြင်းဖြင့်လည်းကောင်း၊ ဌာနဆိုင်ရာ အသုံးပြုရန် လွှဲပြောင်းခြင်းဖြင့် လည်းကောင်း စသည်ဖြင့် ရှင်းလင်းဆောင်ရွက်လျက်ရှိရာ လက်ရှိအားဖြင့် (၁၃၈)ခန်း ရှင်းလင်း ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ကျန်ရှိသည့် ပြည်သူပိုင်သိမ်းအခန်းများကိုလည်း သမဝါယမ ဝန်ကြီးဌာန၏ ဦးတည်ချက် အမှတ်(၂)နှင့် လုပ်ငန်းစဉ် အမှတ်(၃) အောင်မြင်စေရေးအတွက် ထိရောက်စွာ အသုံးပြုခြင်းဖြင့်လည်းကောင်း၊ နိုင်ငံတော်အတွက် အကျိုးပိုမိုဖြစ်ထွန်းစေမည့် လုပ်ငန်းများ ဆောင်ရွက်ရန် အသစ်ပြန်လည်ဖွဲ့စည်းထားပြီးဖြစ်သည့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်သို့ ဆက်လက်လွှဲပြောင်းအပ်နှံခြင်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင်အတွင်း CDMA ဖုန်းများ ၂၄ နာရီ အသုံးပြုနိုင်ရန်နှင့် GSM, WCDMA ဖုန်းလိုင်းများကိုလည်း တိုးချဲ့တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၃၀။

ဥက္ကဋ္ဌ။ ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းစံမင်း က ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံခရိုင်အတွင်း CDMA ဖုန်းများ ၂၄ နာရီ အသုံးပြုနိုင်ရန်နှင့် GSM, WCDMA ဖုန်းလိုင်းများကိုလည်း တိုးချဲ့တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၃၀။

ဦးစိုင်းစံမင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာ ဂါရဝပြုနူတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃) မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံမင်း ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင်အတွင်း CDMA ဖုန်းများ ၂၄ နာရီအသုံးပြုနိုင်ရန်နှင့် GSM, WCDMA ဖုန်းလိုင်းများကိုလည်း တိုးချဲ့တပ်ဆင်ပေးရန်

အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ အချိန်ကိုင့်ညှာသောအားဖြင့် ဖတ်ကြားဆွေးနွေးခွင့်ပြုပေးပါရန် တောင်းခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကွမ်းလုံခရိုင် ကွမ်းလုံမြို့ဟာ တရုတ်ပြည်နယ်စပ် ကုန်သွယ်ရေးစခန်း တည်ရှိသော မြို့တစ်မြို့ ဖြစ်ပါတယ်။ ကွမ်းလုံမြို့မှတစ်ဆင့် "ဝ"ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ သွားရာလမ်းကြောင်းပေါ်တွင် တည်ရှိပါသဖြင့် စီးပွားရေးအရ အချက်အခြာကျသော မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ ဒါကြောင့် စီးပွားရေးကိစ္စ၊ လူမှုရေးကိစ္စ၊ အခြား အခြားသော ကိစ္စများ ဆောင်ရွက်ရာတွင် မရှိမဖြစ် အမြဲတမ်း လိုအပ်နေသောအရာမှာ ဆက်သွယ်ရေးဆိုင်ရာ အခန်းကဏ္ဍပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလက်ရှိအချိန်မှာ ကွမ်းလုံခရိုင်အတွင်းရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ CDMA ဖုန်းလိုင်းဟာ ၂၄ နာရီ မပြတ်အသုံးပြုနိုင်ခြင်း မရသေးပါဘူး။ ဒေသခံပြည်သူများ ပြောပြချက်အရ ကွမ်းလုံမြို့နယ်အတွင်းရှိ Microwave စခန်းကို လျှပ်စစ်ဓာတ်အားမရောက်တာကြောင့် မီးစက် ဒါမှမဟုတ် Battery နဲ့ အသုံးပြုနေ ရသေးကြောင်း သိရှိရပါတယ်။ တစ်ခါတစ်ရံ ဖုန်းလိုင်းများလည်း ကြည်လင်ပြတ်သားမှု မကောင်းကြောင်းကိုလည်း ပြည်သူဆီကတစ်ဆင့် ကြားသိနေရပါတယ်။ ထို့အပြင် သိန်းနီမြို့နယ်နဲ့ ကွမ်းလုံမြို့နယ် အကြား ဖုန်းဆက်သွယ်မှုမပြတ်အောင် Microwave စခန်း အသစ်ထပ်မံတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ကိုလည်း သိရှိလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ခေတ်အချိန်အခါတွင် အင်တာနက်ကို မြို့တိုင်းတွင် လူကြီးလူငယ်မရွေး အသုံးပြုနေပြီဖြစ်ပါတယ်။ ဒါကြောင့် ကွမ်းလုံခရိုင်အတွင်းရှိ ပြည်သူအများစုကလည်း အင်တာနက် အသုံးပြုနိုင်တဲ့ GSM, WCDMA ဖုန်းလိုင်းကို တိုးချဲ့တပ်ဆင်ပေးဖို့ မျှော်လင့် နေကြပါတယ်။ တိုးချဲ့တပ်ဆင်ပေးရန် ရှိ/မရှိကိုလည်း သိလိုပါ သဖြင့် အထက်ဖော်ပြပါ မေးမြန်းချက်များကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဆောင်ရွက်ပေးမည် ဆိုပါကမည်သည့်အချိန်ကာလတွင် စတင်ဆောင်ရွက်ပေးမည်ကိုကွမ်းလုံခရိုင် ပြည်သူလူထုများကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

အချိန်၊ ၁၀း၃၃။

ဥက္ကဋ္ဌ။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဖြေကြားချက်

အချိန်၊ ၁၀း၃၃။

ဦးဝင်းသန်း (ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန) ။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံမင်း၏ ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွမ်းလုံခရိုင်အတွင်း CDMAဖုန်းများ (၂၄)နာရီ မပြတ် အသုံးပြုနိုင်ဖို့ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ CDMA ဖုန်းအပြင် GSM, WCDMA ဖုန်းလိုင်းများ တိုးချဲ့တပ်ဆင်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ကျွန်တော့်အနေနဲ့ ပြန်လည် ရှင်းလင်းတင်ပြဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံဒေသအတွင်းမှာရှိတဲ့ မိဘပြည်သူများမိုဘိုင်းတယ်လီဖုန်းများ အဆင်ပြေ ချောမွေ့စွာ အသုံးပြုနိုင်စေဖို့အတွက် ကွမ်းလုံမြို့၊ လွယ်ပင်းရဲတောင်မှာ CDMA-450 MHz မိုဘိုင်းတယ်လီဖုန်းစခန်းကို ကျွန်တော်တို့ (၂၄)နာရီ ဖွင့်လှစ်ပေးထား လျက်ရှိ ပါတယ်။

ဒီစခန်းဟာ အဝေးဆက်သွယ်မှုအနေဖြင့် မန္တလေး-ကွမ်းလုံ အိတ်ချိန်းအကြား ဖိုင်ဘာဆက်ကြောင်းဖြင့် လည်းကောင်း၊ ကွမ်းလုံ အိတ်ချိန်းနဲ့ လွယ်ပင်းရဲတောင် CDMA-450 MHz စခန်းကို မိုက္ကရိုဝေ့ဗ် Mini Link နဲ့လည်းကောင်း ချိတ်ဆက်အသုံးပြုပေး ထားပါတယ်။ ဒီဖိုင်ဘာဆက်ကြောင်းတွေ ပြတ်တောက်တဲ့အတွက်လည်းကောင်း၊ လွယ်ပင်ရဲတောင်မှာ ရာသီဥတု အလွန် ဆိုးရွားချိန် မိုက္ကရိုဝေ့ဗ် Mini Link ယာယီပိတ်ထားချိန်မှာ လည်းကောင်း၊ ရံဖန်ရံခါ ဆက်သွယ်မှုများ ပြတ်တောက်ခြင်းများဖြစ်ပြီးတော့ ကျန်အချိန်များမှာ ပုံမှန် ဆက်သွယ်မှု ရရှိအောင် ကျွန်တော်တို့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ထို့အတူပဲ ကျွန်တော်တို့ကွမ်းလုံခရိုင်မှာ GSM၊ WCDMA မိုဘိုင်းတယ်လီဖုန်းတွေ ထပ်မံတိုးချဲ့ တပ်ဆင်ပေးနိုင်ဖို့ကိုလည်း ကျွန်တော်တို့ Power Supply ရရှိမှုကိစ္စတွေ၊ Transmission ရရှိနိုင်မှုအနေအထားတွေနဲ့ ကျွန်တော်တို့ ဒေသလုံခြုံရေး အခြေအနေတွေကို ကျွန်တော်တို့ရဲ့ သက်ဆိုင်ရာ ပြည်နယ်မန်နေဂျာကို သက်ဆိုင်ရာပြည်နယ်အစိုးရရဲ့ ညွှန်ကြားချက်တွေကိုရယူပြီးတော့ အသေးစိတ်စိစစ်တင်ပြ ခိုင်းထားပါတယ်။ အဲဒီလို

တင်ပြချက်တွေ အမြန်ဆုံး ရရှိတာနဲ့အတူ ကျွန်တော်တို့ လုပ်ငန်းတွေကို ဦးစားပေးအလိုက် ဆက်လက်စီစဉ် ဆောင်ရွက် ပေးသွားမှာဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ဘုရားသုံးဆူမြို့နယ်ခွဲနှင့် မြဝတီခရိုင်၊ သယ်နှီးညီနောင်တို့တွင် စက်မှုဇုန်များ ထပ်မံတိုးချဲ့ တည်ထောင်သွားမည့် အခြေအနေကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀းခု၆။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးအောင်မြင့်သိန်း က ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ဘုရားသုံးဆူမြို့နယ်ခွဲနှင့် မြဝတီခရိုင်၊ သယ်နှီးညီနောင်တို့တွင် စက်မှုဇုန်များ ထပ်မံတိုးချဲ့ တည်ထောင်သွားမည့် အခြေအနေကို သိရှိလိုခြင်း နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀းခု၆။

ဦးအောင်မြင့်သိန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သိန်းဖြစ်ပါတယ်။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မေးမြန်းမယ့် မေးခွန်းကတော့ ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ဘုရားသုံးဆူမြို့နယ်ခွဲနှင့် မြဝတီခရိုင်၊ သယ်နှီးညီနောင်တို့တွင် စက်မှုဇုန်များ ထပ်မံတိုးချဲ့တည်ထောင်ဖွင့်လှစ်သွားမည့် အခြေအနေကို သိရှိလိုခြင်း မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ဘားအံစက်မှုဇုန်ကြီးကိုဘားအံမြို့နယ်၊မိဇံကျေးရွာအုပ်စု၊ဘားအံ-လှိုင်းဘွဲ့ကားလမ်း တစ်ဖက်တစ်ချက်တွင် ၈က(၁၀၀၀)ခန့် အကျယ်အဝန်း ချဲ့ထွင်လျက် စက်မှုဇုန်အမှတ်(၁)၊ စက်မှုဇုန်အမှတ်(၂)၊ စက်မှုဇုန်အမှတ်(၃)၊ စက်မှုဇုန်အမှတ်(၄)ကို ဇုန်တစ်ခုချင်းစီခွဲပြီးတော့

ပထမတန်းစား၊ ဒုတိယတန်းစား၊ တတိယတန်းစား ဟူ၍ အတန်းအစား(၃)မျိုး သတ်မှတ်ပြီး စျေးနှုန်းသင့်ကာ တည်ထောင်ဆောက်လုပ်လျက်ရှိပါတယ်။ ၎င်းစက်မှုဇုန်ကြီးတွင် ပြည်တွင်းမှ လုပ်ငန်းရှင်ကြီးများနှင့် နိုင်ငံခြားမှလုပ်ငန်းရှင်ကြီးများလည်း ရင်းနှီး မြှုပ်နှံလျက်ရှိပါတယ်။

ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားများ အလုပ်အကိုင်၊ အခွင့်အလမ်းများ ရရှိရေးကိုဦးတည်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဦးဆောင်လမ်းညွှန်ပံ့ပိုးမှုနဲ့ UM× Co.Ltd အထည်ချုပ်စက်ရုံ အမှတ်(၃) ဖွင့်ပွဲအခမ်းအနားကို ၆-၁၁-၂၀၁၂ နံနက် စး၀၀ နာရီ ဘားအံစက်မှုဇုန်ကြီးမှာ ဖွင့်လှစ်ခဲ့ပြီးလည်းဖြစ်ပါတယ်။ အလားတူ ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်အတွင်းရှိ ဘုရားသုံးဆူမြို့နယ်ခွဲနှင့်မြ၀တီခရိုင်အတွင်းရှိ သယ်နှုန်းညီနောင်တို့တွင် စက်မှုဇုန်များ ထပ်မံတိုးချဲ့တည်ထောင်ဖွင့်လှစ်သွားမည့် အခြေအနေကို သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ အောက်ပါမေးခွန်းတို့ကို မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား-

(က) ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်အတွင်းရှိ ဘုရားသုံးဆူမြို့နယ်ခွဲနှင့် မြ၀တီခရိုင်အတွင်းရှိ သယ်နှုန်းညီနောင်တို့တွင် စက်မှုဇုန်များထပ်မံတိုးချဲ့တည်ထောင် ဖွင့်လှစ်သွားမည့် အစီအစဉ် ရှိ/မရှိ။

(ခ) ဖွင့်လှစ်သွားမည့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် မည်ကဲ့သို့ အမျိုးအစားများခွဲ၍ တည်ထောင်ဖွင့်လှစ်သွားမည်ကိုသိရှိလိုပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၀း၃၉။

ဥက္ကဋ္ဌ။ ။ မေးခွန်းနဲ့ပတ်သက်ပြီး စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဖြေကြားချက်

အချိန်၊ ၁၀း၃၉။

ဦးသိန်းအောင် (ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန) ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသိန်းအောင် ဖြစ်ပါတယ်။ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သိန်း ရဲ့ ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ဘုရားသုံးဆူမြို့နယ်ခွဲနှင့် မြ၀တီခရိုင်၊ သယ်နှုန်းညီနောင်တို့တွင်

စက်မှုဇုန်များ ထပ်မံတိုးချဲ့တည်ဆောက်သွားမည့် အခြေအနေကို သိရှိလိုကြောင်း မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဟာ ကရင်ပြည်နယ်အတွင်းဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးနှင့် စျေးကွက်စီးပွားရေး အကျိုးဖြစ်ထွန်းမှု ရရှိစေရေးတို့ကို ရည်ရွယ်ပြီးတော့ ဘားအံစက်မှုဇုန်၊ မြဝတီစက်မှုဇုန်၊ ဘုရားသုံးဆူ စက်မှုဇုန်တို့ကို သက်ဆိုင်ရာပြည်နယ် အစိုးရရဲ့ အစီအမံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။

ဘားအံစက်မှုဇုန်ဟာ ဘားအံ-လှိုင်းဘွဲ့ကားလမ်းဘေးမှာ ရှိပြီးတော့ မြေဧရိယာ (၉၆၉) ဧကမှာ ဇုန်(၄)ဇုန် သတ်မှတ်ပြီးတော့ မြေကွက်များဖော်ထုတ်ပြီးတော့ နေရာချထားပေးလျက်ရှိပါတယ်။ လုပ်ငန်းအမျိုးအစားအလိုက် မြေနေရာရရှိထားတဲ့ ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများဟာ ၎င်းတို့ရဲ့ စက်ရုံများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ ဇုန်တစ်ခုလုံးမှာ စုစုပေါင်းလမ်းအရှည်ဟာ (၉၁၆၃၈)ပေ ရှိပြီးတော့ ကတ္တရာလမ်း အရှည်ဟာ(၄၉၁၄၆)ပေ ပြီးစီးပြီးဖြစ်တဲ့အတွက်ကြောင့် ပြီးစီးမှုရာခိုင်နှုန်းဟာ(၇၉.၃၅) ရာခိုင်နှုန်း၊ လမ်း၊တံတားပေါင်း (၅၇)စင်းရှိသည့်အနက်မှာ (၃၈)စင်းဟာ ဆောက်လုပ်ပြီးဖြစ်တဲ့ အတွက် ကြောင့် ပြီးစီးမှုမှာ (၆၆.၆၆) ရာခိုင်နှုန်း၊ လျှပ်စစ်မာတ်အားလိုင်းသွယ်တန်းမှုမှာ ဇုန်(၁)မှာ (၉၅)ရာခိုင်နှုန်း၊ ဇုန်(၂)မှာ(၇၀)ရာခိုင်နှုန်း၊ ဇုန်(၃)မှာ(၉၅)ရာခိုင်နှုန်း၊ ဇုန်(၄)မှာ (၁၀၀) ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါတယ်။ ရေရရှိရေးအတွက်လည်း လျှပ်ပိတ်ဆည်(၂)ခုကို တည်ဆောက်လျက်ရှိတဲ့အခါမှာ အခုအချိန်မှာ အမှတ်(၁)လျှပ်ပိတ်ဆည်မှာ ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း တင်ပြအပ် ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြဝတီခရိုင်၊ သယ်နိုးညီနောင်မှာလည်း ကုန်သွယ်ရေးဇုန် အနီး စက်မှုဇုန်လျာထားပြီးတော့ မြေဧရိယာ(၁၃၀၁)ဧကကို မြဝတီစက်မှုဇုန်အဖြစ်နဲ့ အကောင်အထည်ဖော်ရန် ကရင်ပြည်နယ် အစိုးရအဖွဲ့ဟာ မြဝတီခရိုင်နှင့် မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတို့မှ မြေစာရင်းအဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနဲ့ ပူးပေါင်းပြီးတော့ မြေနေရာများကိုလည်း အသေးစိတ် စစ်ဆေးတိုင်းတာပြီးတော့ ကွင်းဆင်း ဆောင်ရွက်လျက် ရှိနေပါကြောင်း တင်ပြအပ်ပါတယ်။ ဘုရားသုံးဆူမြို့နယ်ခွဲမှာတော့ စက်မှုဇုန် တည်ဆောက်

နိုင်ရန်အတွက် သင့်တော်သည့် မြေနေရာများကိုလည်း စိစစ်ရွေးချယ်နေဆဲ ဖြစ်ပါတယ်။ လက်ရှိမှာ ဘုရားသုံးဆူမြို့နယ်မှာ အထည်ချုပ်စက်ရုံတွေ၊ ပရိဘောဂစက်ရုံတွေ၊ ဖိနပ်စက်ရုံများ အပါအဝင်စက်ရုံ၊ အလုပ်ရုံ စုစုပေါင်း (၃၅) ရုံခန့် လက်ရှိလုပ်ကိုင် ဆောင်ရွက်နေပါတယ်။ လုပ်သားဦးရေ (၁၀၀၀)ကျော်လည်း ဆောင်ရွက်နေတဲ့အတွက်ကြောင့် ဒီစက်မှုဇုန်တည်ထောင်ရန် အကောင်အထည် ဖော်ဆောင်ရွက်နေတာနဲ့ တစ်ပြိုင်တည်း လက်ရှိစက်ရုံ၊ အလုပ်ရုံများကို အဆင့်မြှင့်တင်နိုင်ရေးကိုလည်း သက်ဆိုင်ရာပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်းရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသောလာဘ်ပေးလာဘ်ယူမှု ပယျောက်ရေး ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အမျိုးသား လွှတ်တော် ကိုယ်စားလှယ်က ဆွေးနွေးခြင်း

အချိန်၊ ၁၀း၄၃။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က လာဘ်ပေး လာဘ်ယူမှု ပယျောက်ရေး ဥပဒေကြမ်းကို ၁-၈-၂၀၁၂ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ၃-၈-၂၀၁၂ ရက်နေ့တွင် ပေးပို့ခဲ့ပါတယ်။ အမျိုးသား လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပေးပို့ထားတဲ့ လာဘ်ပေးလာဘ်ယူမှု ပယျောက်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့ လာပါတယ်။ ပြည်သူ့လွှတ်တော်က ပြန်လည်ပေးပို့လာတဲ့ ပြင်ဆင်ချက်များကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အမည်စာရင်းတင်သွင်းထားပါတယ်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွန့် ဆွေးနွေး နိုင်ပါပြီ။

အချိန်၊ ၁၀း၄၄။

ဦးမန်းကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စု ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များကို မင်္ဂလာပါလို့

နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမန်းကံညွန့် ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော် ဆွေးနွေးတင်ပြမယ့် အကြောင်းအရာကတော့ ပြည်သူ့လွှတ်တော်မှ ပေးပို့လာသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဤဥပဒေနဲ့ပတ်သက်ပြီး အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးခဲ့ပါတယ်။ မူလဥပဒေပြဋ္ဌာန်းချက်မှာ လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး ဥပဒေဖြစ်ပြီး အမျိုးသားလွှတ်တော်ကလည်း လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး ဥပဒေဟုပင် အတည်ပြုပြဋ္ဌာန်းပေးခဲ့ပါတယ်။ သို့ရာတွင် ပြည်သူ့လွှတ်တော်သို့ ပေးပို့ပြီး ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးအတည်ပြုတဲ့အခါမှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေလို့ ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ ဒါကြောင့် လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးနဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုတဲ့ စကားရပ်နှစ်ခုကို လေ့လာသုံးသပ်ဖို့ ဖြစ်လာပါတယ်။ ၁၉၈၀ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ပြန်ခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာစာအဖွဲ့မှ ထုတ်ပြန်သည့် မြန်မာစာအဘိဓာန် အတွဲ(၄) စာမျက်နှာ(၁၂၁)၌ လာဘ်ပေးလာဘ်ယူဆိုသည့် စကားရပ်ကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ တံစိုးလက်ဆောင်ပေးခြင်း၊ လက်ခံခြင်းစသော တရားဥပဒေဖောက်ဖျက်မှုဟု ဆိုထားပါတယ်။

ထပ်မံပြီး လာဘ်စားသည်ကို အဓိပ္ပာယ်ဖွင့်ဆိုထားချက်မှာ အဂတိလိုက်၍ ဆောင်ရွက်ပေးရန် တစ်စုံတစ်ဦးထံမှ ငွေကြေးဥစ္စာပစ္စည်း အခွင့်အရေး စသည့် တစ်စုံတစ်ရာ ရယူလက်ခံခြင်းဟု အဓိပ္ပာယ် ဖွင့်ဆိုထားပါတယ်။ ထပ်မံပြီး လာဘ်ထိုးသည်ကို အဂတိလိုက်၍ ဆောင်ရွက်ပေးရန် အတွက် တစ်စုံတစ်ဦးအား ငွေကြေးပစ္စည်း အခွင့်အရေး စသည့် တစ်စုံတစ်ရာပေးသည်လို့ အဓိပ္ပာယ် ဖွင့်ဆိုထားပါတယ်။ မြန်မာအဘိဓာန်အတွဲ(၅)၊ စာမျက်နှာ ၃၂ မှာ အဂတိလိုက်စား ခြင်းနဲ့ ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုထားတာကတော့ မတရားသဖြင့် မမှန်မကန် ဆုံးဖြတ်ခြင်း၊ ဘက်လိုက်ခြင်းကို ပြုလုပ်သည်ဟု ဖွင့်ဆိုပါတယ်။ ထပ်မံ၍ အဂတိဆိုသည့် စကားရပ်အား မတရားသဖြင့် မမှန်မကန် အဆုံးအဖြတ်ပေးခြင်း၊ ဆန္ဒာကတိ၊ ဒေါသကတိ၊ ဘယာကတိ၊ မောဟကတိ ဟူ၍ အဂတိ(၄)မျိုးရှိသည်ဟု ဖွင့်ဆိုထားပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ဆိုလိုချင်တာကတော့ လာဘ်ပေးလာဘ်ယူမှု ပြုတိုင်းသည် အဂတိတရားလိုက်စားတာဖြစ်ပေမဲ့ အဂတိတရားလိုက်စားတိုင်း လာဘ်ပေး လာဘ်ယူမှုပြုခြင်း မဟုတ်ပါဘူး။ မြန်မာစာ ၊ မြန်မာမှုမှာ ဆန္ဒာကတိကြောင့် ပြုခြင်းသည် ချစ်၍ မတရားပြုခြင်း ဖြစ်သောကြောင့် လာဘ်ပေးလာဘ်ယူမှု ရှိနိုင်ပါတယ်။ ဒေါသကတိကြောင့် မုန်း၍ မတရားပြုခြင်းသည် လာဘ်ပေးလာဘ်ယူ ပါကောင်း ပါမှာ ဖြစ်ပါတယ်။ မုန်း၍ လုပ်တာပဲ ဖြစ်ပါတယ်။ ဘယာကတိကြောင့် ကြောက်၍ မတရားပြု ခြင်းကတော့ လာဘ်ပေးလာဘ်ယူ မဖြစ်နိုင်တော့ပါ။ ဖြစ်ရင်လည်း လာဘ်ယူတာမဟုတ်ဘဲ လာဘ်ပေးတာပဲ ဖြစ်နိုင်ပါတော့မယ်။ မောဟကတိကတော့ မသိ၍ မတရားပြုတာ ဖြစ်တဲ့အတွက် လာဘ်ပေး လာဘ်ယူ ပါတယ်လို့ မဆိုနိုင်တော့ပါ။

ဒါ့အပြင် အဂတိတရား၊ အဂတိလိုက်စားမှုကို တိုက်ဖျက်ဖို့ တကယ်ရည်ရွယ်ပါတယ် ဆိုရင် အဂတိ (၄)ပါး လိုက်စားပြီး မတရားပြုရတာ ခံရသူတိုင်း ဥပဒေနဲ့ အရေးယူလို့ မရတဲ့ကိစ္စတွေများစွာ ရှိနေပါတယ်။ မိမိနှစ်လိုသူ၊ မိမိချစ်သူကို ရာထူးပေးတာ နေရာပေးတာတွေဟာ ဝန်ထမ်းအသိုင်းအဝန်းမှာ ရှိနေပါတယ်။ ဒါကို ဘယ်လိုအရေးယူရမလဲ ၊ မိမိသဘောမတွေ့သူ၊ မုန်းသူကို နေရာမပေးတာ၊ နယ်စွန်နယ်ဖျား အဝေးပို့တာ ဘယ်လို အရေးယူရပါ့မလဲ၊ ဝန်ထမ်းစည်းကမ်းမှာ ပေးအပ်သောတာဝန်ကို နေရာဒေသမရွေး၊ သွားရောက်တာဝန်ထမ်းဆောင်ပါမယ်လို့ လက်မှတ် ရေးထိုးခဲ့လျှင် ချစ်ချစ်မုန်းမုန်း အကြီးအကဲ စေခိုင်းတဲ့နေရာကို သွားရမှာပဲ ဖြစ်ပါတယ်။ တကယ်တော့ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဆိုတာထက် လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးဆိုတာက ပိုပြီး ရှင်းလင်းတယ်လို့ ယူဆ ပါတယ်။

အဲဒီအပြင် ကျွန်တော်တို့ နိုင်ငံမှာ ၁၉၄၈ ခုနှစ်၊ ပြည်ထဲရေးဝန်ကြီးဌာနက စီမံခန့်ခွဲသော ဥပဒေများထဲတွင် အဂတိလိုက်စားမှု တားမြစ်ရေးအက်ဥပဒေ ၆၇/၄၈ ကို ၁၉၄၈ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှာ တိုင်းပြုပြည်ပြုလွှတ်တော်က ပြဋ္ဌာန်းခဲ့ပါတယ်။

ဒီဥပဒေဟာလည်း ယနေ့တိုင် တည်ဆဲဥပဒေအဖြစ် အသက်ဝင်လျက် ရှိပါတယ်။ ပြည်သူ့ လွှတ်တော်ကို အမျိုးသားလွှတ်တော်က ပေးပို့ခဲ့တဲ့ လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေး ဥပဒေကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအဖြစ် ပြင်ဆင်ပြီး ၁၉၄၈ ခုနှစ်၊ အဂတိ

လိုက်စားမှုတားမြစ်ရေး အက်ဥပဒေ ၆၇/၄၈ ကို ဖျက်သိမ်းဖို့ ပြည်သူ့လွှတ်တော်က ပြင်ဆင်ပြဋ္ဌာန်းပေးခဲ့တာ ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ဥပမာလေးတစ်ခုနဲ့ တင်ပြချင်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်များမှာ ဆွေးနွေးနေသော မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများကို ပြည်သူလူထုက အလွန်စိတ်ဝင်စားကြပါတယ်။ အထူးသဖြင့် SkyNet မှာ Hluttaw Channel ပေါ်လာပြီး နောက်ပိုင်း လွှတ်တော်ထဲက ဆွေးနွေးမှုများအပေါ် သူတို့ရဲ့ အသံတွေ၊ သူတို့ရဲ့ဆန္ဒတွေကို လွှတ်တော်ထဲကို ပို့ချင်ကြပါတယ်။ အမျိုးသားလွှတ်တော်မှ ဆွေးနွေးခဲ့တဲ့ လာဘ်ပေးလာဘ်ယူ ပယ်ဖျောက်ရေးဥပဒေကို ပြည်သူ့လွှတ်တော်မှ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဖြင့် ပြောင်းလဲဆွေးနွေးတာတွေ၊ ကြည့်ရှုနားထောင်ပြီး အလယ်၊ အလတ်ဝန်ထမ်းများရဲ့ ခံစားချက်ကို လွှတ်တော်ကိုယ်စားလှယ် ကျွန်တော့်ထံ ပေးပို့ပြီး ဘယာကတိကြောင့် မလုပ်ချင်ဘဲ လုပ်နေရတဲ့ ကိစ္စတွေကို စာနဲ့ရေးပြီး လွှတ်တော်မှာ တင်ပြဆွေးနွေးပေးဖို့ ပန်ကြားလာပါတယ်။

ထိုတင်ပြချက်ထဲကနေပြီးတော့ အရေးကြီးတဲ့အချက်အချို့ကို ကျွန်တော်ကောက်နုတ်တင်ပြပါမယ်။ နိုင်ငံတော်အစိုးရလက်ထက်တွင် ကောင်းမွန်သောအစိုးရ၊ သန့်ရှင်းသော အစိုးရတစ်ရပ် ဖြစ်လာစေရန်အတွက် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် လမ်းညွှန်ချက်၊ အမိန့်နဲ့ ညွှန်ကြားချက်၊ အစီအမံများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ သန့်ရှင်းသောအစိုးရတစ်ရပ် ဖြစ်ပေါ်လာစေရေးအတွက် အခြေခံအုတ် မြစ်ဖြစ်သော အစိုးရ၏ ယန္တရားတစ်ခုလုံး လည်ပတ်နိုင်စေရေးတွင် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများမှအစပြု၍ သန့်ရှင်းတည်ကြည် စင်ကြယ်စွာတာဝန်ထမ်းဆောင်နိုင် စေရေးမှာ အဓိကကျသည့် အခန်းကဏ္ဍ တစ်ရပ် ဖြစ်ပါသည်။

နိုင်ငံ့ဝန်ထမ်းများ ဝန်ထမ်းကောင်းအဖြစ် ထည်ဝါစွာရပ်တည်နိုင်မှုသည် နိုင်ငံတော်မှ ချီးမြှင့်ပေးအပ်သော လစာနှင့် စရိတ်လုံလောက်မှု ရှိ/မရှိဆိုသည့် အချက်အပေါ်တွင် အဓိကမူတည်လျက်ရှိပြီး နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါခြင်း၊ ကုန်စျေးနှုန်းတည်ငြိမ်ခြင်း၊ လုပ်ငန်းခွင် သက်သာမှုရှိခြင်း၊ လူမှုဖူလုံရေးခံစားမှုများ ရရှိခြင်း စသည်တို့ နှင့်လည်း များစွာ ဆက်စပ်လျက် ရှိပါသည်။ နိုင်ငံတော်မှ ဝန်ထမ်းများ လစာနဲ့ ပင်စင်လစာ

တို့ကို ငွေကြေးဖောင်းပွမှု ကုန်စျေးနှုန်းအခြေအနေ၊ တစ်မျိုးသားလုံး၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးမှုနှင့် ဝန်ဆောင်မှုတန်ဖိုး GDP တို့ကို ထည့်သွင်းစဉ်းစားပြီး တိုးမြှင့်ပေး ခဲ့ပါသည်။

ဝန်ထမ်းများ လာဘ်ပေးလာဘ်ယူ ကင်းရှင်းရေး၊ အကျင့်ပျက် ခြစားမှုပပျောက်ရေး တို့ကို လွှတ်တော်တွင် ဥပဒေပြုသည်အဆင့်အထိ ဆောင်ရွက်နေကြောင်း သိရပါသည်။ ဌာနဆိုင်ရာ ဝန်ထမ်းတစ်ဦးအနေဖြင့် မိမိရရှိသောလစာငွေဖြင့် မိသားစုအား လောက်ငှအောင် ကျွေးမွေးစောင့်ရှောက်နိုင်သော်လည်း အဆိုပါ လစာငွေမှ ဖြတ်တောက်ခြင်းများ ကြုံတွေ့ရ သောအခါ အခက်အခဲများ ကြုံတွေ့ရပါသည်။

ဌာနဆိုင်ရာဝန်ထမ်းအများစု ကြုံတွေ့နေရသော အခက်အခဲများမှာလည်း အများစုမှာ တူညီနေပါသည်။ မြို့နယ်တစ်ခုရှိ ဌာနဆိုင်ရာဝန်ထမ်းများ နှစ်စဉ်ကြုံတွေ့နေရ သော ငွေကြေးကောက်ခံခြင်း၊ တစ်နည်းဆိုသော် အလှူငွေထည့်ဝင်စေခြင်းတို့တွင် အကြမ်းအားဖြင့်အောက်ပါအတိုင်း တွေ့ရှိရမည် ဖြစ်ပါသည်။ ပြက္ခဒိန်အမျိုးမျိုး ရောင်းချခိုင်းခြင်း၊ ဝယ်ယူစေခြင်း၊ ဘိုးဘွားများအတွက် မထည့်မနေရ အလှူငွေကောက်ခံခြင်း၊ ဆွမ်းဆန်စိမ်းများ လောင်းလှူစေခြင်း၊ ဆို၊ က၊ ရေး၊ တီး အလှူငွေများ ထည့်ဝင်စေခြင်း၊ ရံဖန်ရံခါ ဆရာတော်ကြီးများ ပျံလွန်တော်မူသည့်အခါ အလှူငွေများကိုခွဲတမ်းဖြင့် ထည့်ဝင်စေခြင်း၊ သင်္ကြန်ပွဲတော် ကျင်းပရေး အလှူငွေများကောက်ခံခြင်း၊ မိခင်နှင့်ကလေး၊ အမျိုးသမီး ရေးရာများမှ ကျင်းပသော စျေးရောင်းပွဲတော်များတွင် မုန့်စားလက်မှတ်စောင်ရေများကို စျေးနှုန်းကြီးမြင့်စွာ ဖြင့် မဝယ်မနေရ ဝယ်ယူရခြင်း၊ နှစ်ပတ်လည် အမျိုးမျိုးတို့အတွက် အလှူငွေများကို စေတနာရှိသလောက်မဟုတ်ဘဲ၊ ငွေကြေးသတ်မှတ်၍ ကောက်ခံခြင်း၊ ဥပမာ-လွတ်လပ်ရေးနေ့၊ မီးသတ်တပ်ဖွဲ့နေ့၊ သက်ကြီးရွယ်အိုနေ့ စသည်ဖြင့် ပြန်ကြားရေးဌာနမှ ရောင်းချသော အကြီးအကဲဓာတ်ပုံများကိုပင် သတ်မှတ်အချိန်အမီ ချိတ်ဆွဲနိုင်ရေးအတွက် မတန်တဆ ကြီးမြင့်သောစျေးနှုန်းဖြင့် ဝယ်ယူရခြင်း ၊ပညာရည်ထူးချွန်ဆုချီးမြှင့်အခမ်းအနားများ၊ ပညာသင် ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားများ ကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာ အလိုက် ငွေကြေးသတ်မှတ်၍ သတ်မှတ်ရက်အတွင်း မဖြစ်မနေ ထည့်ဝင်စေခြင်းတို့ ဖြစ်ပါတယ်။

အထက်ပါ ငွေကြေးကောက်ခံမှုများအား အတိအကျ စာရင်းကောက်ယူမည်ဆိုပါက ဘဏ္ဍာရေးနှစ် တစ်နှစ် အတွင်းပင် ငွေကြေးကောက်ခံမှုပေါင်း (၃၀)ကျော် ရှိနိုင်ပါသည်။

အဆိုပါ ငွေကြေးထည့်ဝင်မှုများမှာ ဒေသအာဏာပိုင်များက ကောက်ခံနေသော ခေါင်းစဉ်များသာ ဖြစ်ပြီး၊ မိမိ၏မိခင်ဌာနလုပ်ငန်းများ အောင်မြင်ချောမွေ့စေရေး မဖြစ်မနေ ထည့်ဝင်ရသည့် ကုန်ကျစရိတ်များ မပါဝင်ပါ။ မိမိတို့ဌာနမှ ခွင့်ပြုရန်ပုံငွေစာရင်းတွင် အဆိုပါ ကုန်ကျစရိတ်များ အတွက် ထည့်သွင်းလျာထားခြင်း မရှိပါ။ မည်သည့်ခေါင်းစဉ် ဝင်ငွေရလမ်းမှ အသုံးပြုရမည် ဟုလည်း လမ်းညွှန်ထားခြင်း မရှိပါ။ မဖြစ်မနေ ထည့်ဝင်ကုန်ကျခံရမည် ဟု သိရှိနားလည်မှုနှင့်သာ အချို့အလှူငွေများကို မိမိရုံးမှဝန်ထမ်းများ၏ လစာငွေထုတ်ပေးပြီးသည့် အချိန်တွင် အချိုးကျစနစ်ဖြင့် ပြန်လည်ကောက်ခံခဲ့ပြီး များပြားသောကောက်ခံမှုများ အတွက်မူ ဌာနနှင့် ဆက်စပ်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းရှင် ပြည်သူများထံမှ တစ်ဆင့်ကောက်ခံခြင်းဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့ရပါသည်။

ယခုအခါ ပြည်နယ်/တိုင်းဒေသကြီး အသီးသီးတွင် ပြည်နယ်/တိုင်းဒေသကြီး ရသုံးခန့်မှန်းခြေ ငွေစာရင်းဦးစီးဌာနများ ဖွင့်လှစ်ပြီး မိမိပြည်နယ်/တိုင်းဒေသကြီး အသီးသီး အတွက် ရငွေများ၊ အသုံးစရိတ်များကို ရေးဆွဲညှိနှိုင်း ဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ရေးဆွဲတင်ပြရာတွင် ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ရသုံးခန့်မှန်းခြေ ငွေစာရင်းဦးစီးဌာနများသည် ဝန်ထမ်းများ၏ ပကတိအခြေအနေအရ ဖြစ်သင့်ဖြစ်ထိုက်သည့်၊ ကုန်သင့်ကုန်ထိုက်သည့် အသုံးစရိတ်များ ထည့်သွင်းရေးဆွဲမှသာလျှင် ဝန်ထမ်းများအတွက် ပုဂ္ဂိုလ်ရေးရာ ဖြတ်တောက်အသုံးစရိတ်များမှ ကင်းလွတ်မည် ဖြစ်ပြီး စရိတ်စကများကို ဝန်ထမ်းများ၊ ဝန်ထမ်းများမှတစ်ဆင့် ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုး ဖြစ်စေခြင်းမှလည်း ကင်းလွတ်သွားမည် ဖြစ်ပါသည်။

သို့ပါ၍ ယနေ့ နိုင်ငံတော်တွင် နိုင်ငံတော်မှ ကြီးမှူးကျင်းပသော အခမ်းအနားများ၊ ပျော်ပွဲရွှင်ပွဲများကို နိုင်ငံတော်မှ ကုန်ကျစရိတ်များ တင်ပြတောင်းခံ၍ ခွင့်ပြုငွေဖြင့်သာ ဆောင်ရွက်သင့်ပါသည်။ ပြည်နယ်/တိုင်းဒေသကြီး အသီးသီးတို့၌လည်း ပြည်နယ်/တိုင်းဒေသကြီးအစိုးရနှင့် မြို့နယ်များမှ ပွဲတော်များ၊ ပြိုင်ပွဲများ၊ အခမ်းအနားများ ကျင်းပနိုင်ရေးအတွက် ကော်မတီများ ဖွဲ့စည်း၍ လိုအပ်သော ရန်ပုံငွေ၊ ကုန်ကျစရိတ်များကို မြို့နယ်အဆင့်တွင် မြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များထံမှ ကောက်ခံ၍လည်းကောင်း၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင်လည်း မြို့နယ်အသီးသီးရှိ စီးပွားရေးလုပ်ငန်းရှင်များထံမှပင်

လည်းကောင်း ရန်ပုံငွေ ကောက်ခံလျက်ရှိရာ စီးပွားရေးလုပ်ငန်းရှင်များသည် အဆင့်ဆင့်သော ရန်ပုံငွေရှာဖွေရေးအဖွဲ့များသို့ အလှူငွေများ အကြိမ်ကြိမ်ထည့်ဝင်နေရသည်ကို တွေ့ရှိရပါသည်။

အဆိုပါ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ပတ်သက်ဆက်နွယ်လျက်ရှိသောကြောင့် မိမိတို့ရုံးဌာနလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် မလိုလားအပ်သော လူမှုရေးအရ ပတ်သက်မှုများ မလွဲမသွေ ကြုံတွေ့ရမည် ဖြစ်ပါသည်။ ထို့အပြင် ဌာနဆိုင်ရာ ဝန်ထမ်းအများစုမှာလည်း အလုပ်တာဝန်များကို နေ့/ည မပြတ် ဆောင်ရွက်နေရခြင်းအပေါ် စိတ်ပြိုကြွင်မှု တစ်စုံတစ်ရာ မရှိသော်လည်း အခြားမလိုလား အပ်သော ခေတ်နဲ့ မလျော်ညီသည့် ငွေကြေးကောက်ခံနေသည့် ကိစ္စရပ်များကြောင့် ဌာနလုပ်ငန်းများ လုပ်ကိုင်ရာတွင် အခက်အခဲအမျိုးမျိုး ကြုံတွေ့နေရပြီး၊ စိတ်လက် မချမ်းမသာ ဖြစ်ပေါ်နေရပါသည်။ နိုင်ငံ့ဝန်ထမ်း၊ အစိုးရဝန်ထမ်းအများစုမှာ နိုင်ငံတော်မှ ပေးအပ်သော လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများကို ယူ၍ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိ လိုကြပါသည်။ အကျင့်ပျက်ခြစားခြင်း၊ လာဘ်ပေးလာဘ်ယူခြင်း ပြုရမည်ကိုလည်း ရှက်ရွံ့ ကြပါသည်။

သို့ဖြစ်ပါ၍ ဤကဲ့သို့ကိစ္စရပ်များ မဖြစ်ပေါ်စေရန် ရှောင်လွဲသောနည်းလမ်းများမှာ ဌာနဆိုင်ရာဝန်ထမ်းလစာမှ ရန်ပုံငွေများ ကောက်ခံခြင်း မပြုရန်၊ လုပ်ငန်းရှင်များအား ကောက်ခံငွေ ဝန်ထုပ်ဝန်ပိုးမှတစ်ဆင့် အောက်ခြေပြည်သူလူထုအကြား ကုန်ဈေးနှုန်းမြင့်တက်စေခြင်းဖြင့် တာဝန်လွှဲချစေခြင်း မဖြစ်စေရန်၊ အစိုးရအသုံးစရိတ်ကို ရသုံးခန့်မှန်းခြေငွေ စာရင်းဦးစီးဌာနမှ လိုအပ်သည်များစိစစ်၍ တိုးမြှင့်ချထားပေးရန်၊ ဈေးကွက်စီးပွားရေးစနစ်ထိခိုက်စေမည့် လုပ်ငန်းများ တားဆီးရန်၊ စီးပွားရေးကို အခြေခံသည့် လိုက်လျောညီထွေဖြစ်မည့် ဘဏ္ဍာရေးစနစ်သစ်တစ်ခုကို ဌာနဆိုင်ရာအလိုက် ရေးဆွဲထားရှိရန် လိုအပ်ပါကြောင်း ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်၊ သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်စေရေး၊ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရေး၊ အပြုသဘောဖြင့် တင်ပြအပ်ပါသည်လို့ ဒါ ဆိုထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ တင်ပြပါစာအရ လာဘ်ပေးလာဘ်ယူမှု မဟုတ်သော်လည်း ကြောက်ရွံ့၍ ငွေများ ဖြတ်တောက်ထည့်ဝင်နေခြင်းသည် ဘယာကတိကြောင့် အဂတိလိုက်စားမှုကို ပြုနေကြပါသည်။ သို့ရာတွင် ငွေဖြတ်တောက်သူ အဆင့်ဆင့်သည်

သူတို့၏ ကိုယ်ကျိုးစီးပွားအတွက် မဟုတ်ပါ။ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် ဖြစ်သော်လည်း၊ အဂတိလိုက်စားမှု၊ မတရားသဖြင့် မမှန်မကန် ဆုံးဖြတ်လုပ်ကိုင်မှုပင် ဖြစ်ပါတယ်။

သို့ပါ၍ ဤဥပဒေအား အဂတိလိုက်စားမှု တိုက်ဖျက်ရေး သို့မဟုတ် လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး ခေါင်းစဉ်တပ်ရန် ခက်ခဲနေပါတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဟု ခေါင်းစဉ်သုံးလျှင်၊ ယခင်ရှိပြီး အဂတိလိုက်စားမှု တားမြစ်ရေး ဥပဒေကို ဖျက်သိမ်းရပါမယ်။ လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးဆိုရင်တော့ ယခင်ရှိပြီး အဂတိလိုက်စားမှု တားမြစ်ရေး ဥပဒေကိုလည်း ဆက်လက် ထားရှိနိုင်ပါကြောင်း၊ သို့ရာတွင် အဓိကအကြောင်းကတော့ ဥပဒေရှိပြီး၊ လိုက်နာကျင့်သုံးမှု မရှိ၍ ဥပဒေ အသက်မဝင်ခြင်းမျိုး မဖြစ်ဖို့သာ လိုအပ်ပါတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးမှာ အဂတိလိုက်စားသူများက ဥပဒေကို အသက်ဝင်အောင် လုပ်ရမယ့်သူများ ဖြစ်နေပါတယ်။

ဒါကြောင့် ဥပဒေကို ဘယ်လိုရေးဆွဲထားထား၊ ကိုယ့်ကျင့်တရားစောင့်ထိန်းနိုင်မှသာ ဤဥပဒေက အသက်ဝင်မှာ ဖြစ်ပါတယ်။ ကိုယ့်ကျင့်တရားစောင့်ထိန်းနိုင်မယ်ဆိုရင် ဥပဒေ ပြုဖို့တောင် မလိုတော့ပါဘူး။ ဒါကြောင့် ကျွန်တော်ကတော့ လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေး ဥပဒေဟုသာအတည်ပြုပြဋ္ဌာန်းသင့်ပါကြောင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

အချိန်၊ ၁၀း၅၈။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမန်းကံညွန့် ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည် ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

ဦးသန်းဆွေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ အိန္ဒိယပြည် ရတနာဂီရိရှိ နတ်ရွာစံသီပေါမင်းတရားကြီးနှင့် မိဖုရားတို့ ရုပ်အလောင်းများမှ အရိုးများကို မြန်မာပြည်သို့ ပြန်လည်သယ်ဆောင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

အချိန်၊ ၁၀း၅၈။

ဥက္ကဋ္ဌ။ ။အစီအစဉ် (၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၁၈)ရက်မြောက်နေ့ ၃၁-၇-၂၀၁၂ တွင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းဆွေ တင်သွင်းထားတဲ့ အိန္ဒိယပြည် ရတနာဂီရိရှိ နတ်ရွာစံ သီပေါမင်းတရားကြီးနှင့် မိဖုရားတို့ ရုပ်အလောင်းများမှ အရိုးများကို မြန်မာပြည်သို့ ပြန်လည်သယ်ဆောင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၁၂)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနိုင်ရှိန် ဆွေးနွေးနိုင်ပါပြီ။

အချိန်၊ ၁၀း၅၈။

ဦးဝင်းနိုင်ရှိန်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအစိုးရအဖွဲ့ ဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ရှိန် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းဆွေ ရဲ့ အိန္ဒိယပြည် ရတနာဂီရိရှိ နတ်ရွာစံ သီပေါမင်းတရားကြီးနှင့် မိဖုရားတို့ ရုပ်အလောင်းမှ

အရိုးများကို မြန်မာပြည်သို့ ပြန်လည်သယ်ဆောင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အကြံပြုဖြည့်စွက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဒီအဆိုဟာ အမှတ်တမဲ့ ကြည့်ရင်တော့ အရေးမကြီးသလိုနဲ့ သေချာစဉ်းစားတဲ့ အခါမှာ နိုင်ငံတစ်ခုအတွင်း နှစ်နိုင်ငံအကြားမှာများစွာ စဉ်းစားဆောင်ရွက်ရမယ့် လုပ်ငန်း ဖြစ်တယ်လို့ သတိပြုမိပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ တစ်နည်းအားဖြင့် ဒီအဆိုဟာ မြန်မာနိုင်ငံသားအားလုံးနဲ့ ပတ်သက်ဆက်နွယ်နေတဲ့ အဆိုဖြစ်ပါတယ်။ အဆိုနဲ့ ပတ်သက်ပြီးတော့ ဝေဖန်သုံးသပ်မှု မျိုးစုံကိုလည်း တွေ့ရမှာ ဖြစ်သလို၊ အမြင်မျိုးစုံနဲ့ ရှုထောင့် အမျိုးမျိုးကလည်း ဆွေးနွေးကြမှာဖြစ်ပါတယ်။

. ကျွန်တော့်အနေနဲ့ အမျိုးသားနိုင်ငံရေးအသိ၊ အမျိုးသားရေးရှုထောင့်ကနေ ဆွေးနွေး တင်ပြလိုပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်များ ခင်ဗျား။ သမိုင်းဆိုတာ နိုင်ငံတော်မှာ မှီတင်းနေထိုင်နေတဲ့ နိုင်ငံသားအားလုံးနဲ့ပတ်သက်ပြီးတော့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးများဟာလည်း ဆက်နွယ်လျက် ရှိပါတယ်။ ကုန်လွန်ကျန်ရစ်ခဲ့တဲ့ အတိတ်က သမိုင်းဖြစ်ရပ်တွေဟာ အနာဂတ်ကို ပံ့ပိုးဆက်နွယ်နေတာလည်း ဖြစ်ပါတယ်။ သမိုင်းဟာ အကောင်းတွေချည်း မဖြစ်နိုင်သလို၊ အဆိုးတွေချည်းလည်း မဖြစ်ပါဘူး။ သမိုင်းရဲ့ ဆိုးမွေ၊ ကောင်းမွေတွေကို အနာဂတ်မှာ အဆက်ဆက်က လက်ခံကျင့်သုံးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကောင်းတာတွေကိုယူ၊ ဆိုးတာတွေကို ပြုပြင်ပြီးတော့ သတိသံဝေဂ ယူဆောင် သွားရမယ့်အချက် တွေကိုလည်း ယူဆောင်သွားရမှာ ဖြစ်ပါတယ်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း က မြန်မာနိုင်ငံကို တိုးတက်ဖို့၊ မြန်မာတိုင်း မြန်မာ့သမိုင်းကို လေ့လာသင့်တယ်။ သိနေသင့်တယ်။ သမိုင်းဆိုတာ နိုင်ငံတစ်နိုင်ငံရဲ့ အသက် ဖြစ်တယ်လို့ မိန့်ဆိုခဲ့ဖူးပါတယ်။ ကျွန်တော်တို့ မြန်မာ့သမိုင်းကို အနီးကပ်ဆုံးဖြတ်ကြည့်ရင် ဒီအဆိုဟာ သမိုင်းနဲ့ ဆက်စပ်နေတဲ့အတွက် ကျွန်တော်တို့ နိုင်ငံမှာ ပုဂံခေတ်၊ ညောင်းရမ်းခေတ်၊ ကုန်းဘောင်ခေတ်ရယ်လို့ (၃)ခု ရှိခဲ့ပါတယ်။ ဒီထက်ရှေးကျတဲ့ ကျောက်ကြမ်းခေတ်၊ ကျောက်ချောခေတ်စသည်တို့ကို အသီးသီးဖြတ်သန်းခဲ့ပြီးတော့ အခြားနိုင်ငံတွေမှာရှိနေတဲ့ ရှေးဦး လူသားများထက် စောစွာပေါ်ထွန်း နေထိုင်ခဲ့ကြောင်း ပရိုင်းမိတ် အထောက်အထား များအရ ၊ ကမ္ဘာ့လူသားမျိုးနွယ်တွေမှာ အစောဆုံးမျိုးနွယ်စု စာရင်းဝင်ဖြစ်ခဲ့ပြီးတော့ ၊ ကမ္ဘာမှာ လူဖြစ်နောက်မကျတဲ့ တိုင်းပြည်တစ်ခုလည်း ဖြစ်ပါတယ်။

တိုင်းရင်းသားလူမျိုးအချင်းချင်း နားလည်မှုရှိခြင်း၊ တစ်ဦးရဲ့ ယဉ်ကျေးမှုကို တစ်ဦးက အလေးထားခြင်း၊ ရိုသေလေးစားခြင်း၊ အမျိုးသားစည်းလုံးရေးနှင့် နိုင်ငံတည်တံ့ခိုင်မြဲရေး အတွက် အထူးအရေးကြီးကြောင်း ရှေးပုဂံမင်းများ လက်ထက်ကပင် ကျောက်စာများမှာ ပျူ၊ သက်၊ ချင်း၊ ရခိုင်၊ စကော၊ ပအိုဝ်း၊ မွန် စတဲ့ ကျောက်စာများက သမိုင်းတစ်လျှောက်မှာ တိုင်းရင်းသား အချင်းချင်း လက်တွဲမဖြုတ်ခဲ့ကြတာတွေကို မှတ်တိုင် ထူခဲ့ပြီး ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားညီအစ်ကိုတွေဟာ ပြည်တွင်းပြည်ပ အန္တရာယ်များ ကျရောက်တဲ့အချိန်တိုင်းမှာ ကျောချင်းကပ် ခုခံတော်လှန်ခဲ့ကြသလို၊ ငြိမ်းချမ်းတဲ့ အချိန်တွေမှာ ရင်ချင်းအပ်ပြီး နိုင်ငံကို တည်ဆောက်ခဲ့ကြပါတယ်။ တိုင်းရင်းသားညီအစ်ကိုတိုင်း နိုင်ငံရဲ့လူမျိုးအရေးကြုံလာလျှင် ရရာလက်နက် စွဲကိုင်ပြီးတော့၊ ယောကျ်ား ခါးသွေး၊ မိန်းမ အားပေး တဲ့ ရဲစိတ်ရဲမာန် အပြည့်ရှိတဲ့ လူမျိုးတစ်မျိုးလည်း ဖြစ်ပါတယ်။ တိုင်းတစ်ပါးသားတွေရဲ့ နိုင်ငံရေး စွပ်ဖက်မှု၊ စီးပွားရေး ဝါးမြိုမှု၊ သွေးထိုးသပ်လျှိုမှု၊ လူမှုရေးအဆိပ်ခတ်မှု၊ ဘာသာရေး မှိုင်းတိုက်မှု စသည်တို့ကို အမျိုးသားရေး အသိဖြင့် အမြဲမပြတ် စောင့်ကြည့်နေ တတ်တဲ့ နိုင်ငံနဲ့ လူမျိုးလည်း ဖြစ်ပါတယ်။ ဗိဿာနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ မိုင်းမော၊ တကောင်း၊ သုဝဏ္ဏဘူမိ၊ ဝေသာလီ စတဲ့ ပုဂံခေတ် ဗိသုကာလက်ရာ၊ ပန်း(၁၀)မျိုးအတတ်ပညာ၊ စာပေ၊ ဂီတ၊ ယဉ်ကျေးမှုတွေကို ကျွန်တော်တို့ ဘိုးဘွားဘီဘင်များဟာ နိုင်ငံအတွက်၊ လူမျိုးအတွက် စွန့်လွှတ်စွန့်စားခဲ့တာတွေ ယဉ်ကျေးမှု မျက်နှာစာကို ထိပ်ဆုံးရောက်အောင် ပို့ဆောင်ပြီးတော့ ကမ္ဘာမှာ မြန်မာလို့ အံ့သြလောက်အောင် လူပျင်း၊ လူညံ့များမဟုတ်ကြောင်း သက်သေထူခဲ့ ကြပါတယ်။

ဒီကနေ့ ကျွန်တော်တို့နိုင်ငံ လူငယ်တော်တော်များများဟာ မီးပျက်တဲ့ကိစ္စ၊ ဝန်ထမ်းအချို့ အကျင့်ပျက်တဲ့ကိစ္စ ကြုံလိုက်ရုံလေး၊ ကုန်စျေးနှုန်းတက်ရုံ၊ ကမ္ဘာ့နိုင်ငံ အသီးသီးမှာ ရင်ဆိုင်နေကြရတဲ့ သာမန်ပြဿနာလောက်နဲ့ မြန်မာဖြစ်ရတာ ရှက်လို့၊ မြန်မာနိုင်ငံမှာ နေရတာ ဆင်းရဲလို့ဆိုပြီးတော့ မျိုးချစ်စိတ်တွေ တဖြည်းဖြည်း ပျက်သုဉ်း နေတာကို ဝမ်းနည်းဖွယ် တွေ့မြင်နေရမှာ ဖြစ်ပါတယ်။ ပုဂံခေတ် အနော်ရထာ လက်ထက် ပထမမြန်မာနိုင်ငံ၊ ညောင်ရမ်းခေတ်၊ ဘုရင့်နောင်မင်းတရားကြီးရဲ့ ဒုတိယမြန်မာနိုင်ငံ၊ ကုန်းဘောင်ခေတ် အလောင်းမင်းတရားရဲ့ တတိယမြန်မာနိုင်ငံတော်မှာ မြန်မာတို့ရဲ့ ဗိသုကာ

ယဉ်ကျေးမှု၊ စာပေတွေ ဖွံ့ဖြိုးတိုးတက်ခြင်းဟာ တပ်မတော်အင်အား တောင့်တင်းခြင်း၊ ပြည်တွင်းငြိမ်းချမ်းရေး တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မာတောင့်တင်းတဲ့အပေါ်မှာ မူတည်တယ်ဆိုတာတွေကို သမိုင်းက သင်ခန်းစာတွေပဲ ဖြစ်ပါတယ်။

မြန်မာဟာ ကမ္ဘာပေါ်မှာ အိမ်နီးချင်းနိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးစွာ ကြိုးစားပြီးတော့ ခေတ်အဆက်ဆက် နေထိုင်ခဲ့ပါတယ်။ မိမိ၏ အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက်တဲ့ အခါမျိုးမှာလည်းပဲ ပြန်လည်တွန်းလှန် ကာကွယ်စောင့်ရှောက်ခဲ့တာတွေလည်း အစဉ်အလာ ရှိခဲ့ပါတယ်။ လွတ်လပ်ပြီး ကာလကနေစပြီးတော့ ယနေ့အထိ လွတ်လပ်၍တက်ကြွတဲ့ နိုင်ငံရေးဝါဒ၊ ဘက်မလိုက်တဲ့ နိုင်ငံတကာနဲ့ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေး မူများကို စောင့်ထိန်းခဲ့ပါတယ်။

မိမိနိုင်ငံမှာ အခြားမည်သည့်နိုင်ငံကိုမှ စစ်အခြေစိုက် စခန်းများဖွင့်ခွင့်မပြု၊ မည်သည့် နိုင်ငံကိုမှ မြန်မာနိုင်ငံကို အခြေစိုက်၍ အိမ်နီးချင်းနိုင်ငံကို ရန်ပြုခွင့် မပေးခဲ့တာကိုလည်း ကမ္ဘာကအသိပဲ ဖြစ်ပါတယ်။ ဒါကြောင့် အိမ်နီးချင်းတို့ရဲ့ မိတ်ဆွေ ကောင်း၊ စိတ်လှသူတို့ရဲ့ တိုင်းပြည်၊ အရှေ့တောင်အာရှရဲ့ အလှရတနာ၊ တစ်ပါးသြဇာမခံတတ် သူတို့ရဲ့ ဇာတိမာန်တွေနဲ့ ပြည့်စုံတဲ့ အင်မတန်မှထူးခြားတဲ့ ဝိသေသတွေနဲ့ ပိုင်ဆိုင်ခဲ့တဲ့ နိုင်ငံလည်း ဖြစ်ပါတယ်။ အမျိုးဂုဏ်၊ဇာတိဂုဏ်ကို အသက်နဲ့လဲထိန်းသိမ်းစောင့်ရှောက်တဲ့ လူမျိုးနဲ့ နိုင်ငံလည်း ဖြစ်ပါတယ်။ ဒီနေရာမှာ အမျိုးဂုဏ်ဆိုတာ ကိုယ့်လူမျိုးနဲ့ ကိုယ့်လူမျိုးရဲ့ ဂုဏ်ကို ထိန်းသိမ်းရန် ကိုယ့်အမျိုးနွယ်ကို မပျောက်ပျက်ရအောင် စောင့်ရှောက်ထိန်းသိမ်းရေးကို ဆိုလိုပါတယ်။ ဇာတိဂုဏ်ဆိုတဲ့နေရာမှာ ကိုယ့်ဇာတိ၊ ကိုယ့်နေရပ်၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးကို ချစ်တတ်တဲ့ စိတ်ဓာတ်၊ ဒီမြေမှာမွေးပြီး၊ ဒီရေကိုသောက်ပြီး၊ ဒီဒေသမှာ ရှိတဲ့ လူတွေနဲ့ သေတူရှင်ဘက် မခွဲမခွာတစ်သက်လုံး ကောင်းတူဆိုးဘက် နေသွားလိုတဲ့ စိတ်ဓာတ်မျိုး ဆိုလိုပါ တယ်။

ဒါကြောင့်မို့လို့ အိန္ဒိယပြည်၊ ရတနာဂီရိမှာ ရောက်ရှိနေတဲ့ ကျွန်တော်တို့ နိုင်ငံရဲ့ အရှင်(၂)ပါးရဲ့ ရုပ်ကလာပ်ကို ပြန်လည်သယ်ဆောင်တဲ့ လုပ်ငန်းမှာ သမိုင်းရဲ့ ဖြစ်ရပ်သည် ကိုလိုနီတွေရဲ့ ၁၈၂၄ မှာ ပထမကျူးကျော်စစ်၊ ၁၈၅၂ မှာ ဒုတိယစစ်၊ ၁၈၈၆ မှာ တတိယကျူးကျော်စစ်အပြီး ကျွန်တော်တို့ တစ်နိုင်ငံလုံး ကျွန်ဖြစ်ခဲ့ ရပါတယ်။ ၈၆ ကစတွက်လျှင်

(၆၂)နှစ်တာ ကြာခဲ့ပါပြီ။ ဒီကနေ့ လူသားတိုင်းမှာ လူရယ်လို့ ဖြစ်လာရင် ပါလာတဲ့ တာဝန်(၂)ခု ရှိတယ်လို့ တင်ပြလိုပါတယ်။ မွေးရာပါတာဝန်နှင့် သမိုင်းပေးတာဝန် ဖြစ်ပါတယ်။ ယခု အရှင်(၂)ပါးရဲ့ အရိုးတော်များကို ပြန်လည်သယ်ဆောင်တဲ့ လုပ်ငန်းဟာ သမိုင်းပေးတာဝန် ဖြစ်တယ်လို့ တင်ပြလိုပါတယ်။ ဒီတာဝန်ကို ဆောင်ရွက်တဲ့ နေရာမှာ အချိန်ကာလ၊ ဒေသ၊ ပယောဂများကိုလည်း ထည့်သွင်းစဉ်းစားဖို့ လိုမှာဖြစ်ပါတယ်။ ကိုလိုနီနယ်ချဲ့တွေဟာ အိန္ဒိယကို ကျူးကျော်သိမ်းပိုက်ပြီးတော့ နောက်ဆုံးမင်းဆက်ဖြစ်တဲ့ မဂိုဘုရင်ဇက်ဖားရှား ကို အကျဉ်းသား အဖြစ် ရန်ကုန်ကို ပို့ဆောင်ခဲ့ပါတယ်။ ကျွန်တော်တို့ နိုင်ငံက အရှင်(၂)ပါးကိုလည်း အိန္ဒိယပြည်၊ ရတနာဂီရိ ကို သယ်ဆောင်ပြီးတော့ အကျဉ်းချထားခဲ့ပါတယ်။ ဒီလိုထူးခြားတဲ့ ဖြစ်စဉ်မှာ အိန္ဒိယ ဘုရင်ဖြစ်တဲ့ ဇက်ဖားရှားဟာလည်း ဘာသာရေးကို ဦးစားပေးတဲ့ ဒီကနေ့ သူတို့ကိုးကွယ် ယုံကြည်သူ မျှားက သူတော်စင်လို့ သတ်မှတ်ထားတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ဘုရင်သီပေါမင်း ဟာလည်း ပထမကျော်အောင်မြင်ပြီး ဖြစ်တဲ့ ဘာသာတရားကို ကိုင်းရှိုင်းတဲ့ ဘုရင်ဖြစ်ပါတယ်။ သို့သော် မီဒီယာဆိုတဲ့ အဲဒီ ၁၈၂၀ ကျော်ကတည်းက အဲဒီအချိန်မှာ ပေါ်ပေါက်နေတဲ့ သတင်းစာ တွေ၊ အဲဒီအချိန်မှာရှိခဲ့တဲ့ အင်္ဂလိပ် စာရေးဆရာတွေ ရေးသားချက်အရ ကျွန်တော်တို့ အရှင်(၂)ပါးဟာ သွေးဆာနေတဲ့ လူတွေ၊ အုပ်ချုပ်ရေး ညံ့ဖျင်းနေတဲ့ လူတွေ ဒီလိုသမိုင်းတစ်လျှောက်လုံး ဖြစ်ပေါ်ခဲ့ပါတယ်။ ဒါတွေကို နောက်ပိုင်းမှာ ကျွန်တော်တို့ သမိုင်းဆရာများက စာအုပ်၊ စာပေတွေများစွာ ပေါ်ထွက်ခဲ့ပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့ နိုင်ငံကို ရောက်နေတဲ့ အိန္ဒိယဘုရင်ရဲ့ ရုပ်အလောင်းကို လည်း အဲဒီနိုင်ငံမှာ ရှိတဲ့ ၎င်းကို ယုံကြည်လေးစား ကိုးကွယ်ကြတဲ့ ပုဂ္ဂိုလ်တွေ ပြန်လည် မတောင်းဆိုဘူးလို့ မပြောနိုင်ပါဘူး။ အဲဒီလိုပဲ အဲဒီပုဂ္ဂိုလ်ကို ပြန်လည်တောင်း ဆိုလာရင်လည်း ကျွန်တော်တို့ နိုင်ငံအနေနဲ့ ထားရှိရမယ့်သဘောထား၊ ကျွန်တော်တို့ နိုင်ငံထဲမှာ အဲဒီ သူတော်စင်ဗိမာန်ကို ကိုးကွယ်နေတဲ့ ဘာသာရေး ကိုးကွယ်ယုံကြည်သူတွေရဲ့ အနေအထား တွေကိုလည်း ထည့်သွင်းစဉ်းစားဖို့လိုမှာဖြစ်ပါတယ်။ ဒီအချိန်မှာ ကျွန်တော်တို့ သယ်ဆောင်ရေး ကို ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေတွေနဲ့ စဉ်းစားချင့်ချိန် ပြီးတော့ ဆောင်ရွက်ဖို့ လိုမယ်လို့ တင်ပြ လိုပါတယ်။

သို့သော်လည်းပဲ ကျွန်တော်အထက်ကတင်ပြခဲ့တဲ့ သမိုင်းဖြစ်ရပ်တွေနဲ့ သမိုင်းပေး တာဝန်အရ ကျွန်တော်တို့ မဖြစ်မနေ ဒီလုပ်ငန်းကိုလည်း ဆောင်ရွက်ရမယ့် တာဝန်ရှိတယ်လို့ ခံယူဖို့လိုမှာ ဖြစ်တယ်လို့ တင်ပြလိုပါတယ်။ ဒီလုပ်ငန်းကို ဆောင်ရွက်တဲ့ အခါမှာ ဒီအဆိုအရ ပြည်ထောင်စုအစိုးရကို တိုက်တွန်းတယ်ဆိုတာထက် ကျွန်တော်တို့ အရှင်(၂)ပါးရဲ့ ရုပ်ကလာပ်ပဲ ဖြစ်ဖြစ်၊ တစ်ချို့ ဒီနေရာမှာ စဉ်းစားစရာတွေ ဖြစ်ပါတယ်။ ဒီ အရိုးတော်တွေဟာ ရှိရော ရှိပါ့မလား။ D.N.A တွေ စစ်ဖို့လိုမလား။ ဒါတွေလည်း စိုးရိမ်ကြောင့်ကျမှုတွေ ဖြစ်မှာပါ။ အဲဒီတော့ နောက်ဆုံး ဒီအရာ ရုပ်ကလာပ်ပဲ ဖြစ်ဖြစ်၊ အရိုးတော်ပဲ ဖြစ်ဖြစ်၊ ခွင့်ပြုချက်ပဲ ဖြစ်ဖြစ် ကျွန်တော်တို့ နိုင်ငံအနေနဲ့ ကိုလိုနီရဲ့ ဆောင်ရွက်သွားတဲ့ ဆောင်ရွက်ချက်တွေ၊ ပါတော်မူသွားခဲ့ တဲ့ ၁၈၈၆၊ ဒီဇင်ဘာလမှာ မန္တလေး၊ ရတနာပုံနေပြည်တော်မှာ ဖြစ်ခဲ့ပျက်ခဲ့ တာတွေကို ကျွန်တော်တို့မမီသော်လည်းပဲ ကိုယ့်ဘိုးဘွားဘီဘင်တွေ ခံစားနားလည်ခဲ့တာတွေကို ကျွန်တော် တို့ ကိုယ်ချင်းစာနားလည်ပြီးတော့ ဒီ လုပ်ငန်းစဉ်ကိုတော့ ဆောင်ရွက်ဖို့လိုပါတယ်။ သို့သော် ဒီလိုဆောင်ရွက်တဲ့ နေရာမှာ နိုင်ငံသားတွေကို ကိုယ်စားပြုနေတဲ့ လွှတ်တော်ချင်း ချိတ်ဆက်၍ပဲ ဖြစ်ဖြစ်၊ NGO, INGO များ၊ UN က လူ့အခွင့်အရေးကော်မရှင် အနေနဲ့ဖြစ်ဖြစ်၊ တစ်နိုင်ငံလုံး မှာရှိတဲ့ ရဟန်းရှင်လူ ပြည်သူတွေနဲ့ သက်ဆိုင်နေတဲ့ လုပ်ငန်းဖြစ်တဲ့ အတွက်ကြောင့် နိုင်ငံ တစ်နိုင်ငံနဲ့ တစ်နိုင်ငံကြား နိုင်ငံတစ်ခုချင်းမှာ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး ထိခိုက်ဆုံးရှုံးမှုတွေ မဖြစ်စေဘဲနဲ့ အသင့်တော်ဆုံးနည်းလမ်းဖြင့် ဆောင်ရွက်ဖို့ လိုမှာဖြစ်တယ်လို့ အကြံပြုတိုက် တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

အချိန်၊ ၁၁း၀၂။

ဥက္ကဋ္ဌ။ ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

အချိန်၊ ၁၁း၀၂။

ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အဆိုရှင် ဒုဝန်ကြီးဖြစ်သွားတဲ့ ဦးသန်းဆွေ၊ ပြီးတော့ လွှတ်တော် ကိုယ်စားလှယ်တော်များအားလုံး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ အဆိုရှင်ရဲ့ အဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ Literary ပြောမယ်ဆိုရင်တော့ အခုလက်ရှိ

ကျွန်တော်တို့ စတုတ္ထမြန်မာနိုင်ငံလို့ ခေါ်မလား၊ လက်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကတော့ ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများက တည်ထောင်ခဲ့တဲ့ နိုင်ငံလို့ ကျွန်တော် ခံယူပါတယ်။ သို့ပေမယ့်လည်း သီပေါမင်းကြီးကတော့ ဒီ အခုလက်ရှိ မြန်မာနိုင်ငံ တော်ရဲ့ အစိတ်အပိုင်း၊ အကျယ်ပြန့်ဆုံး ဒေသကို အုပ်ချုပ်ခဲ့တဲ့ မင်းကြီး ဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ ချင်းတွေနဲ့ ပတ်သက်ပြီးတော့လည်း ပြောမယ်ဆိုရင် သီပေါမင်းကြီး ဟာဆိုရင် လည်း ကျွန်တော်တို့ချင်း စော်ဘွားတွေကိုလည်း ဆက်ဆံခဲ့ပါတယ်။ သံတမန်တွေနဲ့။

ဒါကြောင့် ကျွန်တော်တို့ ဗိုလ်ဆွန်ပက် တို့ဆိုရင်လည်း လက်ဆောင်ပစ္စည်း အပြန်အလှန် လဲလှယ်ခဲ့တာတွေလည်းရှိပါတယ်လို့ ကျွန်တော်တို့ ဘိုးဘွားတွေ ဆီကနေ သိခဲ့ပါတယ်။ ဒီလိုပဲ ဟားခါးဘက်ကနေ စော်ဘွားတို့ဘက်ကနေ အလားတူပါပဲ။ ကျွန်တော်တို့ အဲဒီခေတ်တုန်းကဆိုရင် ကျွန်တော်တို့ ချင်းစော်ဘွားတွေဆိုရင်လည်း မဏိပူထိသော် လည်းကောင်း၊ တချို့ အိန္ဒိယပြည် မီဇိုရမ်မြို့ ထိသော်လည်းကောင်း နယ်မြေကြီးစိုး နိုင်ခဲ့ ပါတယ်။ ကျွန်တော်တို့ ဒီ ဘယ်လိုပဲ ပြောပြော၊ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ မင်းကြီးဖြစ်တဲ့ သီပေါမင်းကြီး နဲ့ မိဖုရားတို့ ရုပ်အလောင်းများမှ အရိုးများကို မြန်မာနိုင်ငံသို့ ပြန်လည် သယ်ဆောင်ပေးပါရန် အဆိုကို ထောက်ခံကြောင်း ဆွေးနွေးပါတယ်။ ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၁း၀၄။

ဥက္ကဋ္ဌ။ ။ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် ဆွေးနွေး နိုင်ပါပြီ။

အချိန်၊ ၁၁း၀၄။

ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ကြွရောက်လာကြတဲ့ ယဉ်ကျေးမှု ဒုတိယဝန်ကြီး အပါအဝင် ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကျွန်တော်က ရခိုင်(၁)က ဒေါက်တာအေးမောင် ဖြစ်ပါတယ်။ အဲဒီတော့ ဒီအဆိုလည်း ပြီးခဲ့တဲ့ စတုတ္ထအကြိမ်လွှတ်တော်မှာ တင်ကတည်းကိုက ပွင့်ပွင့်လင်းလင်း ပြောရလို့ရှိရင် ဆရာဦးသန်းဆွေရေးခဲ့တဲ့ ထီးအရိပ်၊ နန်းအရိပ်၊ ထီးအမွေ၊ နန်းအမွေ ဒီ ထီးသတင်း၊ နန်းသတင်းလေးတွေဟာ ကျွန်တော်တို့ ရင်ထဲမှာ တော်တော်လေး စွဲနစ်အောင် ခံစားခဲ့ကြ

ရပါတယ်။ ဘာကြောင့်လည်းဆိုရင် သမိုင်းဆိုတာ နှောင်းလူတွေအတွက် သံဝေဂ ယူစရာ၊ အတုယူစရာ၊ ကျွန်တော်တို့ ပြန်လည်ဖော်ထုတ်စရာ ကျွန်တော်တို့ရဲ့ အမွေအနှစ်တွေပါ။

ကျွန်တော်တို့ ဒီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃ မှာလည်းပဲ ဒါလေးကိုညွှန်းပါတယ်။ လူငယ်များမျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန် ရေးနဲ့ ဗဟုသုတ ကြီးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည်လို့ ကျွန်တော်တို့ ပြဋ္ဌာန်း ထားတာရှိပါတယ်။ အဲဒီတော့ နိုင်ငံတော်သည် လူငယ်တွေရဲ့ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ဖို့အတွက် ကျွန်တော်တို့ရဲ့ အတိတ်သမိုင်းကို ပြန်ပြီး တူးဖော်ဖို့လိုပါတယ်။ ကျွန်တော် တို့ စာစောင်၊ စာပေ၊ ပြခန်းတွေ အမျိုးမျိုးမှာ ကျွန်တော်တို့ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအတွက် အများကြီးကျွန်တော်တို့ဟာ ခေတ်အဆက်ဆက် လူငယ်ထုကို အသက်သွင်းခဲ့ကြပါတယ်။ ဒီနေ့အထိပါပဲ။ ဒါပေမဲ့ ဒီကနေ့ ကျွန်တော်တို့ ကြိုးစားတည်ဆောက်နေကြတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးရဲ့ ခုန အချုပ်အခြာအာဏာ (၃)ရပ် မပြိုကွဲဖို့အတွက် ကြိုးစားတဲ့အခါမှာ ဒီ သမိုင်းရဲ့ အမွေအနှစ်တွေကို စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်တွေကို ကျွန်တော်တို့ လူငယ်ထုကို လက်ဆင့်ကမ်းဖို့ တာဝန်ရှိ ပါတယ်။ အဲဒီတော့ သမိုင်းဆိုတာ ပြတိုက်မှာ ထားခဲ့ရုံနဲ့ မြေကြီးပေါ် မှာ မြှုပ်နေတဲ့ သမိုင်းအမွေ အနှစ်ကို တူးပြီးကာမှ ပြရုံနဲ့ ကျွန်တော်တို့မှာ မလုံလောက်ဘူးလို့ ထင်ပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့မှာ သံဝေဂယူစရာ၊ အတုယူစရာ ကျွန်တော်တို့ ပြန်လှန် သုံးသပ်စရာလေးတွေကို ခုနကျွန်တော်တို့ရဲ့ ပဲခူးတိုင်း မဲဆန္ဒနယ်အမှတ် (၅)က ဦးဝင်းနိုင်ရှိန် လည်း ဆွေးနွေးသွားပါတယ်။ အင်မတန် ကျေးဇူးတင်ပါတယ်။ အဲဒီတော့ မြန်မာ့သမိုင်းဟာ ကျွန်တော်တို့ ပြန်ကြည့်လိုရှိရင် အကုန်လုံးချိတ်ဆက်နေပါတယ်။ အဲဒီတော့ မြန်မာ့သမိုင်းကို ဆွေးနွေးရင် တိုင်းရင်းသားတွေရဲ့ သမိုင်းကို ကာလတစ်ခုထိ ဖော်ထုတ်ခွင့် ကျွန်တော်တို့ မေ့ပစ် ထားခဲ့သလိုဖြစ်ခဲ့ကြပါတယ်။ ကျွန်တော်တို့ အကုန်လုံး သဘောပေါက်ခဲ့ကြပါတယ်။ အဲဒီတော့ မွန်သမိုင်း၊ ရခိုင်သမိုင်းတွေဟာ ကျွန်တော်တို့ရဲ့ ခုနလို မကြာခင်ဆိုရင်လည်းပဲ သိကြပြီးဖြစ်တဲ့ အတိုင်း ပျူဆိုတဲ့ ထီးရိပ်ကြီးနဲ့ ကျွန်တော်တို့ရဲ့ နိုင်ငံကြီးမှာ ပျူယဉ်ကျေးမှုကပဲ ကျွန်တော်တို့ရဲ့ Civilization ကို လွှမ်းမိုးခဲ့သလိုပဲ ဒါတွေလည်း ပြဿနာတစ်ခုပါ။

အဲဒီတော့ အယူအဆ တစ်ခုကို စွတ်အတင်း သွတ်သွင်းခဲ့မယ်ဆိုရင် ကျွန်တော်တို့ရဲ့ သမိုင်းမှာ ဖော်ထုတ်ကြတဲ့ ပုဂ္ဂိုလ် တွေဟာ နှောင်းလူတွေရဲ့ တရားခံ ဖြစ်သွားပါလိမ့်မယ်။ ဒါ ကျွန်တော် ခုန အဆိုရှင်ရဲ့ ဒီ အိန္ဒိယပြည်၊ ရတနာဂီရိမှာ နတ်ရှာစံသွားရှာတော်မူတဲ့ သီပေါဘုရင် မင်းတရားကြီးနှင့်တကွ မိဖုရားများရဲ့ ရုပ်အလောင်းကို ခုန အရိုးပြာ၊ အရိုးတွေကို မြန်မာပြည်ကို ပြန်လည်သယ်ဆောင်သင့်တယ်ဆိုတဲ့ အဆိုကို ထောက်ခံဆွေးနွေးရင်းနဲ့ ကျွန်တော် မီးမောင်းထိုး ပြချင်တာပါ။ အဲဒီတော့ ကျွန်တော်တို့ ရဲ့ အတိတ်သမိုင်းဆိုတာမျိုးဟာ ကျွန်တော်တို့လက်ရှိ တာဝန်ထမ်းဆောင်နေကြတဲ့ ကျွန်တော်တို့ ရဲ့ မျိုးဆက်တွေ၊ နှောင်း ကျွန်တော်တို့ရဲ့ တာဝန်ကို ဆက်ယူကြမယ့် မျိုးဆက်တွေ အားလုံးနဲ့ ပတ်သက်ပါတယ်။

အဲဒါကြောင့် အတိတ်သမိုင်းရဲ့ ကောင်းမွေ၊ ဆိုးမွေကိုလည်း ကျွန်တော်တို့ ပြည်ထောင်စုနိုင်ငံတော်ရဲ့ တာဝန်အသီးသီးကို ထမ်းဆောင်ခဲ့ကြတဲ့ ခေတ်အဆက်ဆက် ကပဒေသရာဇ်ခေတ်၊ ပဒေသရာဇ်ခေတ်အလွန်၊ ခေတ်မျိုးစုံမှာ တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ သမိုင်း၊ စစ်မှန်တဲ့ သမိုင်းတွေကို ပြန်လည်ဖော်ထုတ်ပေးဖို့ တာဝန်ရှိပါတယ်။ အဲဒီတော့ ခုန သီပေါမင်းကြီး ၁၈၈၆၊ ဇန်နဝါရီလမှာ ပါတော်မူပြီးတဲ့ နောက်မှာ တစ်တိုင်းတစ်ပြည် အကျဉ်းအကျပ်ကြားမှာ အင်မတန် ညှိုးငယ်စွာနဲ့ ပြည်ကို လွမ်းရင်းနဲ့ ခုန နတ်ရှာစံသွားတဲ့ ကာလ ခုလိုအခြေအနေမျိုးမှာ လက်ရှိ အိန္ဒိယနိုင်ငံတော်ကြီးမှာ တည်ရှိနေတဲ့ ခုနက မြန်မာနောက်ဆုံးဘုရင်မင်းမြတ်ရဲ့ အရိုးအခြေအနေကို ကျွန်တော်တို့အဆိုရှင် ဆရာဦးသန်းဆွေ တင်ပြဆွေးနွေးတဲ့အခါမှာ စိတ်မကောင်းကြီးစွာနဲ့ ဖြစ်ရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကို လက်ရှိတည်ဆောက်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီသမိုင်းရဲ့ အင်မတန်တန်ဖိုးမဖြတ်နိုင်တဲ့ သမိုင်းအမွေကို ပြန်လည်ယူဆောင်သင့်တယ်ဆိုတဲ့ အယူအဆဟာကျွန်တော်တို့ ပွင့်ပွင့်လင်းလင်း ပြောရင် မြန်မာ၊ ဗမာမဟုတ်တဲ့ တိုင်းရင်းသားတွေ ရဲ့ ရင်ထဲမှာလည်း ဆွေးနွေးလိုပါတယ်။

အဲဒါကြောင့် ဦးသန်းဆွေ ရဲ့ အစီအစဉ် အောင်မြင်ဖို့အတွက် မေတ္တာပို့သပါတယ်။ တစ်ဆက်တည်း ဒီလက်ရှိခေတ်မှာ နိုင်ငံတော်သမ္မတကြီးရဲ့ အိမ်တော်မှာ ခေတ်အဆက်ဆက်က တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ ဓာတ်ပုံတွေကို ချိတ်ဆွဲထားတယ်ဆိုတဲ့ ခုန အထောက်အထားလေးတွေနဲ့ ကျွန်တော်တို့ ကြည့်ရတဲ့အခါမှာ အင်မတန်ဝမ်းမြောက်ဝမ်းသာနဲ့ ဂုဏ်ယူပီတိလည်း ဖြစ်ရပါတယ်။ ကျွန်တော်တို့ရဲ့ သမိုင်းမှာ တာဝန်ထမ်းဆောင်ခဲ့ကြတဲ့

ပုဂ္ဂိုလ်တွေဟာ ကာကွယ်ရေးဦးစီးချုပ် အဆက်ဆက်ကိုပဲ ကြည့်ကြည့်၊ အကုန်လုံးရဲ့ ဓာတ်ပုံတွေကို ကျွန်တော်တို့ဟာ အမှတ်တရအဖြစ်ရော၊ သမိုင်းရဲ့ ကဏ္ဍတစ်ခုမှာ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခဲ့တဲ့ ကျွန်တော်တို့ရဲ့ နိုင်ငံတော်အကြီးအကဲတွေရဲ့ အနေအထားကလည်း ပစ်ပယ်ထားမှုကို ကျွန်တော်တို့ဟာ စိတ်မကောင်းကြီးစွာနဲ့ ကျွန်တော်တို့ ကြုံတွေ့ခံစားနေကြရပါတယ်။

အဲဒီအစဉ်အလာကို ဖောက်ဖျက်ပြီးကာမှ နိုင်ငံတော်သမ္မတကြီးရဲ့ လက်ရှိကြိုးစားတည်ဆောက်နေတဲ့ ဒီမိုကရေစီလမ်းကြောင်းမှာ အခုလို ခေတ်အဆက်ဆက်က ခေါင်းဆောင်ကြီးတွေရဲ့ သမိုင်းဓာတ်ပုံတွေကို ချိတ်ဆက်ခွင့်၊ ချိတ်ဆွဲခွင့် ရပြီဆိုတဲ့အခါမှာ အင်မတန်ကျေးဇူးတင်ပါတယ်။ ခုနက သမိုင်းကွက်လပ်တစ်ခု ဖြစ်တဲ့ နောက်ဆုံး ဘုရင်မင်းမြတ်ရဲ့ အရိုးတွေကို မိဖုရား နှင့်တကွ အရိုးတွေကို သင့်လျော်တဲ့ နေရာတစ်ခုမှာ ပြန်ပြီး ပင့်ဆောင်သင့်တယ်ဆိုတဲ့ အယူအဆ ဟာလည်း အင်မတန် သင့်မြတ်တဲ့ လက်ရှိအခြေအနေနဲ့ အင်မတန်ဆီလျော်တဲ့ အယူအဆ ဖြစ်ပါတယ်။ တစ်ဆက်တည်းပဲ ကျွန်တော်တို့ရဲ့ သမိုင်းကို ပြန်ကြည့်တဲ့ အခါမှာ ၁၇၈၄ ရဲ့ ဒီဇင်ဘာ(၃၁)ရက်နေ့မှာ ကျွန်တော်တို့ရဲ့ ကိုယ့်ထီး၊ ကိုယ်နန်းနဲ့ နေခဲ့တဲ့ ရခိုင်ဘုရင်ဟာလည်းပဲ ဘိုးတော်ဘုရားရဲ့ ခုနလိုရခိုင်တွေရဲ့ ဂုံးချောမှုကြောင့်ပါပဲ ထီးကျိုးစည်ပေါက် အကုန်လုံးဟာ ဗမာဘုရင်ဘိုးတော်ဘုရားရဲ့လက်အောက်ကို ရောက်ပြီးကာမှ သုံ့ပန်းအဖြစ် ၎င်းကာလက မင်းညီမင်းသားတွေ၊ နောက်ဆုံးရခိုင်ဘုရင်မဟာသမ္မတရာဇာနှင့် မိဖုရား၊ သား/သမီးတွေ၊ ဆွေတော်မျိုးတော်တွေ၊ ပညာရှိ မှူးမတ်အကုန်လုံးနဲ့ အမြောက်ကြီး၊ အမြောက်ငယ်၊ ပုဏ္ဏားက အစ အကုန်လုံးဟာ အမရပူရကို ပင့်ဆောင်ခြင်းခံခဲ့ကြရပါတယ်။

နောက်ပိုင်း ရခိုင်နိုင်ပြီးတဲ့ နောက်မှာ ဘိုးတော်ဘုရားဟာ ယိုးဒယားကို (၅)နှစ်အတွင်းမှာ စစ်ချီတဲ့အခါမှာလည်း ရခိုင်ပြည်ဘက်က ခုနကလို စစ်သည်အင်အား စုဆောင်းတဲ့အခါမှာ များစွာသော စစ်သည်များဟာ ကူညီခဲ့ကြပါတယ်။ အဲဒီလိုပဲ (၅)နှစ်အလွန် ကျွန်တော်တို့က မင်းကွန်းစေတီတော်ကြီးကိုတည်တဲ့ ကာလ(၇)နှစ်တာကာလမှာလည်း ရခိုင်အပါအဝင်၊ ကျွန်တော်တို့ ဒေသက တိုင်းရင်းသားတွေ ခုနကလို စေတီ တည်ဆောက်တဲ့ လုပ်ငန်းတွေမှာ ပါဝင်ကူညီခဲ့ကြသလို၊ မိတ္ထီလာကန်တော်ကြီးကို တည်ဆောက်တဲ့ ကာလမှာလည်း သုံ့ပန်း(၃၀၀၀)ကျော်လောက်ဟာ ဗမာပြည်ရဲ့ ခုနလို တည်ဆောက်မှု လုပ်ငန်းတွေမှာ

ပါဝင်ကူညီခဲ့ကြတယ်ဆိုတဲ့ သမိုင်း အထောက်အထားတွေ ရှိပါတယ်။ ဆိုတော့ ကျွန်တော်တို့ တစ်ဆက်တည်းပါပဲ ခုနက မဟာသမ္မတရာဇာနှင့်အတူ ကျွန်တော်တို့ အဲဒီ ကာလကပါသွားတဲ့ မင်းဆွေမင်းမျိုးတွေ စုစုပေါင်းလိုက်ရင် တစ်သိန်းခွဲလောက်၊ တစ်သိန်းရှစ်သောင်း လောက်ရှိတယ်လို့ သမိုင်း အထောက်အထားမှာ ပြောပါတယ်။ ဘယ်များ ရောက်သွား ကြပြီလဲ။

ကျွန်တော်တို့ရဲ့ ဒီ သမ္မတရာဇာမင်းနှင့် မိဖုရားများရဲ့ အုတ်ဂူတွေရော ရှိသေးရဲ့လား။ ဒီ တစ်သိန်းရှစ်သောင်း သို့မဟုတ် အဲဒီထက် လျော့တဲ့အင်အား ဘယ်များပျောက်သွားပြီးကာမှ သွေးနှောပျောက်ပျက် သွားပြီလား သို့မဟုတ် အမရပူရ တစ်နေရာရာမှာများ ရှိနေမလားဆိုတဲ့ သမိုင်းအမွေအနှစ်တွေ ကို ဖော်ထုတ်ပေးဖို့ တာဝန် ကျွန်တော်တို့မှာ ရှိပါတယ်။ အဲဒီလိုပဲ ဘိုးတော်ဘုရားနဲ့အတူတူ ပင့်ဆောင်သွားတဲ့ ခုန ကျွန်တော်တို့ မဟာမြတ်မုနိ အပါအဝင် လက်ရှိပြည်ထောင်စုထဲမှာ ရောက်နေကြတဲ့ ဇလွန်ပြည်တော်ပြန် ဘုရားကြီးရယ်၊ နောက် ရွှေဘုံသာမုနိ အပါအဝင် ဒီသမိုင်းနဲ့ပတ်သက်တဲ့ အမွေအနှစ်တွေဟာ လက်ရှိ ဗမာပြည်သူ လူထုရဲ့ ကိုးကွယ်ရာ ယုံကြည်ရာအရ အင်မတန်ကိုမှ နှစ်ထောင်းအားရဖွယ်ရာ၊ ကြည်ညိုဖွယ်ရာ အဆောက်အဦတွေနဲ့တွေ့ရတဲ့ အခါမှာ ကျွန်တော်တို့ ရခိုင်ပြည်သူလူထုကလည်း ဝမ်းမြောက် ဝမ်းသာ ရှိပါတယ်။

သမိုင်းဆိုတာ မျိုးက သူ့ရဲ့ ပင်ရင်းဒေသမှာ ကာလတစ်ခုမှာ တည်ရှိ၊ တည်ထားနိုင်အောင် ကျွန်တော်တို့ နှောင်းလူတွေက တာဝန်ကျေခဲ့လို့ရှိရင် ခုန ပြည်ထောင်စုရဲ့ အစိတ်စိတ် အမွှာမွှာ စိတ်ဓာတ်တွေ ပြိုကွဲပြီးကာမှ မငြိမ်းချမ်းတဲ့အခြေအနေတွေကို ကာလတစ်ခုမှာ ကျွန်တော်တို့ကတည်ဆောက်ပြီးကာမှ ချစ်ကြည်မှုယူနိုင်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ သမိုင်းအမွေ အနှစ်အစစ်အမှန်ကို တကယ်တမ်းတူးဖော်၊ တူးဆွပြီးကာမှ နှောင်းလူတွေ သံဝေဂ ယူနိုင်အောင် ကျွန်တော်တို့ရဲ့ လမ်းကြောင်းအရ ခုနက လုပ်ပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ ပြည်ထောင်စု က ပိုပြီး ချစ်ကြည် ခိုင်မြဲပြီးကာမှ စစ်မှန်တဲ့သမိုင်းတွေကို နှောင်းလူတွေ လေ့လာနိုင်အောင် ကျွန်တော်တို့ နိုင်ငံ့တာဝန်ကို ထမ်းခဲ့ကြတယ်လို့ လက်ရှိပုဂ္ဂိုလ်တွေကရော၊ နှောင်းလူတွေ ကရော ကျွန်တော်တို့ကို ကျေးဇူးတင်ကြမှာပါ။

အဲဒါကြောင့် ကျွန်တော်တို့ရဲ့လက်ရှိ လွှတ်တော်အမတ် တွေရော၊ ပြည်ထောင်စု ထဲမှာရှိကြတဲ့ ပြည်ထောင်စုသားအားလုံးကို ခုနကျွန်တော်တင်ပြခဲ့တဲ့ ရခိုင်မင်းဆက်ရဲ့

နောက်ဆုံးဘုရင် မဟာသမ္မတရာဇာနဲ့ ပတ်သက်တဲ့ အရိုးအုတ်ဂူတွေများ ရှိ/မရှိကို၊ ရှိသေး၏၊ မရှိသေး၏ ဒါတွေကို လက်ရှိမြန်မာပညာရှင်တွေက သုံးသပ်ဖော်ထုတ်ပေးကြပါ။ ခုန တစ်သိန်းရှစ်သောင်းခန့်သော သုံ့ပန်းတွေ ဘယ်နေရာ၊ ဘယ်ဒေသမှာ ပျောက်ပြီးကာမှ၊ ဘယ်လိုသွေးနှောနေကြပြီလဲ ဆိုတာလေးကိုလည်း ဖော်ထုတ်ပေးကြပါ။ ခုန ဘိုးတော်ဘုရား၊ သားတော်နဲ့အတူ ပါသွားတဲ့ မဟာမြတ်မုနိ အပါအဝင် ရခိုင်တွေရဲ့ အမွေအနှစ် တွေကို ကာလတစ်ခုမှာ ရခိုင်ပြည်သူတွေရဲ့ ဆန္ဒ၊ မြန်မာပြည်သူတွေရဲ့ ဆန္ဒအလေးအနက် ထားပြီးကာမှ ခုန နိုင်ငံသူ/နိုင်ငံသား အားလုံးရဲ့ ချစ်ကြည်ရင်းနှီးမှုအရ ခိုင်မြဲတဲ့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စု စိတ်ဓာတ်အရ ဘယ်လိုတည်ဆောက်ရင် ကောင်းကြမလဲဆိုတာလေးကို နှလုံးစိတ်ဝမ်းထဲမှာ နွေးနွေးထွေးထွေးနဲ့ စဉ်းစားဆုံးဖြတ်ပေးကြပါလို့ ကျွန်တော်တင်ပြလိုပါတယ်။

နောက်ဆုံးအနေနဲ့ ကျွန်တော်တို့ရဲ့ ဒီသမိုင်း အမွေအနှစ်တွေဆိုတာ ကျွန်တော်တို့က ပြုစုထိန်းသိမ်းဖို့နဲ့ နှောင်းလူတွေ ခုန သံဝေဂယူစရာကို သံဝေဂယူနိုင်အောင် ကျွန်တော် တို့က ဇာတိသွေး၊ ဇာတိမာန်တက်ကြွသင့်တဲ့အရာတွေကို ဖော်ထုတ်ပေးဖို့က ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။ အဲဒါကြောင့် ဆရာဦးသန်းဆွေ လွှတ်တော်အမတ် ဘဝတုန်းက ကြိုးစားတင်ပြပြီးကာမှ သူကိုယ်တိုင် ဒီအဆိုနဲ့ပတ်သက်လို့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ကိုယ်စားလာရောက်ရှင်းလင်းရတဲ့ ဒီလိုအင်မတန် ကျက်သရေရှိတဲ့ အခမ်းအနားကြီးမှာ ကျွန်တော်တို့ ရဲ့ အမျိုးသားလွှတ်တော်ရဲ့ ဒီ(၅)ကြိမ်မြောက် ကျွန်တော်တို့ရဲ့ ဒီအစည်းအဝေးမှာ ခုလို တင်ပြဆွေးနွေးခွင့်ရတာ ကျေးဇူးတင်ပါတယ်။ ဒီလို ကျွန်တော်တို့ရဲ့ သမိုင်းအမွေကို ဖော်ထုတ် ပေးတဲ့ ဆရာဦးသန်းဆွေ ကိုလည်း ကျေးဇူးတင်ပါတယ်။

အဲဒီလိုပဲ အဲဒီနေ့က ယိုးဒယားဘုရင်၊ ကျောက်ဘုရားထင်ပါတယ်နဲ့ ပတ်သက်လို့ လည်း ဆရာဟာ သမိုင်းအမွေအရ ဖော်ထုတ်ပြီး ကာမှ မန္တလေးဘက်မှာ ခုန မဖြိုဖျက်သင့်တဲ့ အုတ်ဂူ တွေကို မဖြိုဖျက်နိုင်အောင် အဲဒီနေ့က ဆွေးနွေးပေးခဲ့တဲ့ ခုနလို သမိုင်းဆရာတစ်ယောက်ရဲ့ တကယ့်အမွေအနှစ်ကို ထိန်းသိမ်းလိုတဲ့ စိတ်စွမ်းအင်နဲ့ ဒါ ကြိုးစားပမ်းစားတင်ပြခဲ့တာကို လည်း ကျွန်တော်တို့ တွေ့ရတဲ့အခါမှာ ဆရာဦးသန်းဆွေ ရဲ့ ခုန လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ အခြေအနေ သူသင်ကြားလာခဲ့ရတဲ့ ပညာနယ်ပယ်နဲ့ အံဝင်ခွင်ကျပြီးကာမှ နိုင်ငံတော် သမ္မတကြီးက သင့်လျော်ထိုက်တန်တဲ့ ပုဂ္ဂိုလ်တစ်ဦးကို ဒီယဉ်ကျေးမှုနယ်မြေထဲကို

သွတ်သင်း မိတယ်ဆိုတာ ကျွန်တော်တို့က ဂုဏ်ယူစွာနဲ့ ကျေးဇူးတင်ပါတယ်လို့ ဆွေးနွေး တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၁း၂၇။

ဥက္ကဋ္ဌ။ ။ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် ဆွေးနွေးနိုင်ပါပြီ။

အချိန်၊ ၁၁း၂၇။

ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ အဆိုရှင်ရဲ့ တင်ပြချက်ကို မဆွေးနွေးမီမှာ ကျွန်တော်တို့ သီပေါမင်း အရိုးတော်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ အဆက်အစပ်ကလေးတွေ ရှိခဲ့ပါတယ်။ ဘယ်လိုအဆက်အစပ်လဲဆိုတော့ ကျွန်တော်တို့ ကိုလိုနီခေတ်တုန်းက အိန္ဒိယကနေပြီးတော့ အိန္ဒိယဘုရင် ဗဟာဒူးဇက်ဖားရှားကို ခုနလို အင်္ဂလိပ်တွေက ဖမ်းလာခဲ့တယ်။ ဖမ်းလာခဲ့ပြီးတော့ သူက အမှန်အတိုင်းပြောလို့ရှိရင် အရင်ခေတ်တုန်းက ကျွန်တော်တို့ မှတ်တမ်းရုံးဆိုတာ ဂေါ်ယာကုန်း၊ ဂေါ်ယာကုန်းရဲ့ ဆက်စပ်တဲ့ သူတို့ အင်္ဂလိပ်စစ်တပ်ရဲ့ရုံးကြီးမှာ သူတို့ တစ်နေရာမှာ ချုပ်ထားပါလိမ့်မယ်။ ချုပ်ထား လိုက်ပြီးတော့ ဒါကို သေသွားတဲ့အခါကျတော့ နတ်ရွာစံ သူတို့မထင်မရှားလေးနဲ့ပဲ ကျွန်တော်တို့ မှတ်တမ်းရုံးမှာ၊ တစ်နေရာမှာ မြှုပ်ထားခဲ့တယ်။ ဒါပေမဲ့ ဘာအထောက်အထားတစ်ခု တွေ့ရ သလဲဆိုတော့ ကျွန်တော်တို့ ဗဟာဒူးဇက်ဖားရှားဘုရင်ကြီးဟာဆိုရင် သူက ဂီတစာပေဆရာကြီး၊ ဂီတစာပေဆရာကြီးဆိုတော့ သူအဖမ်းခံရတဲ့အခါမှာ ဂီတတွေရေးတယ်။ နောက်တစ်ခါ ကျောက်ပြားပေါ်မှာကဗျာတွေရေးတယ်။ အဲဒီမှတ်တမ်းကြီးဟာ ဟိုးမထင်မရှားတွေ သွားတွေ့ ရတဲ့ အခါကျတော့ အဲဒီမှာ ဖဆပလ အစိုးရခေတ်လောက်က ဖြစ်ပါ လိမ့်မယ်။

လွတ်လပ်ရေးရပြီးတဲ့ နောက်ပိုင်းမှာ ပြန်တွေ့တဲ့အခါကျတော့ အဲဒါကြီးကို ကျွန်တော်တို့အနေနဲ့က ဒါကို အဲဒါကြားတာနဲ့ အိန္ဒိယက ပြန်တောင်းတယ်။ အဲဒီအချိန်အခါ မှာလည်း ပါကစ္စတန်ကနေပြီးတော့ အိန္ဒိယနဲ့ ပါကစ္စတန်နဲ့ အရှေ့ပါကစ္စတန်နဲ့ အနောက်

ပါကစ္စတန် မခွဲသေးတဲ့အခါကျတော့ ပါကစ္စတန်ကလည်း ဒါ ငါတို့ မူဆလင် ဒါ ခုန ဘုရင်ကြီးပဲ၊ အိန္ဒိယကလည်း ငါတို့ ဘုရင်ကြီးပဲဆိုတော့ ပြဿနာဖြစ်ရော၊ ဖြစ်တဲ့အခါကျတော့ အဲဒီမှာ တစ်ခါထပ်ပြီးတော့ ရန်ကုန်မှာရှိတဲ့ မူဆလင်က ငါတို့မူဆလင်၊ ငါတို့ လူမျိုး၊ ငါတို့ မပေးနိုင် ဘူးလို့ဆိုပြီးတော့ ဖြစ်လာတယ်။ အဲဒီမှာ နိုင်ငံတော်အစိုးရက ဘယ်သူမှ မပေးတော့ဘူး ကွာ ထားတယ်။ အဲဒါနဲ့ မြန်မာပြည်က မူဆလင်တွေလည်း ရော့ မင်းတို့ပဲ လုပ်ပြီးတော့ အဲဒီမှာ ဇက်ဖာရှား လက်ရှိ ကန်တော်မင်ပန်းခြံဘေးနားမှာ အုတ်ဂူအထိမ်းအမှတ်နဲ့လုပ်ပြီးတော့ ဒါ ပြန်ထားပါတယ်။ ထားတော့ အဲဒီအချိန်မှာလည်း ဘာဖြစ်လဲဆိုတော့ အိန္ဒိယက လက်ဦး မတိုင်ခင်ကတော့ ခင်ဗျားတို့ သီပေါမင်းရဲ့ အရိုးတော်ကြီးကို ကျွန်တော်တို့ ပြန်ပေးမယ်။ ခင်ဗျားတို့ ကလည်း ကျုပ်တို့ကို ဇက်ဖားရှား ကြီးပေး။ အဲဒီလို ပြဿနာဖြစ်ခဲ့ဘူးပါတယ်။

နောက်တစ်ခါ အဲဒီအချိန်မှာ ဇက်ဖားရှား ဘုရင်ကြီးကို အင်္ဂလိပ်တွေက ဖမ်းဆီးတဲ့ အခါမှာ ခုန မန္တလေးအကျဉ်းထောင်မှာ ချထားပါတယ်။ ချထားတဲ့အခါကျတော့ ဗိုလ်ချုပ်တွေ၊ သူတို့ အိန္ဒိယက ဗိုလ်ချုပ်ကြီးတွေ အကုန်လုံး ဖမ်းပြီးတော့ ထောင်ချ၊ ထောင်ချပြီးတော့ နောက်ဆုံး အဲဒီမှာပဲ ဆုံးသွားကြတယ်။ ဆုံးသွားကြတော့ အဲဒီဟာကို သူတို့က မဟုတ်ဘူး။ အိန္ဒိယက တစ်ခါ ဘယ်သူ့လက်ထက်လဲဆိုတော့ ကျွန်တော်တို့ ရာဂျစ်ဂန္ဒီ လက်ထက်က ဖြစ်နေတယ်။ အဲဒီမြေကို အဆောက်အဦ အမှတ်သင်္ကေတတစ်ခုနဲ့ ပေးမယ်။ ဆောက်ပေးမယ်။ ခင်ဗျားတို့ အဲဒီမြေကို ကျုပ်တို့ကို ခင်ဗျားတို့ သီပေါမင်းသေတဲ့ အထင်ကရဟာကြီး အခုပြန်ပေးမယ်ဆိုတော့ အဲဒါလည်း ကျွန်တော်တို့က ဖဆပလ ခေတ်တုန်း က မပေးခဲ့ပါဘူး။

အဲဒါကြောင့်မို့လို့ ဘာဖြစ်လဲဆိုတော့ ဆိုလိုတဲ့သဘောက အကြောင်းတရားတော့ ရှိပါလိမ့်မယ်။ အဲဒီတော့ ခုနလိုပေါ့ ကျွန်တော်တို့က အခု သီပေါမင်းနေတယ်ဆိုရင် မြန်မာနိုင်ငံရဲ့နောက်ဆုံးမင်းဆက်ဆိုတော့ ဒါ ဘာပဲပြောပြော ကုန်းဘောင်မင်းဆက်မှာ ဒါ အထင်ကရ၊ ဒါ မြန်မာပြည်အနေနဲ့ ပြောရမယ်ဆိုလို့ရှိရင် အဲဒီတုန်းက စစ်သမိုင်းအနေနဲ့ ပြောရမယ်ဆိုလို့ရှိရင်တော့ ဒါခုနလိုပေါ့၊ အမှန်အတိုင်းပြောတော့ ကျွန်တော်တို့ နောက်ဆုံး ဘုရင်မှာ လည်စင်းပြီးသွားတာကတော့ ဒါ အမှန်အတိုင်းပြောလို့ရှိရင် မခံနိုင်ပါဘူး။ ဘာဖြစ်လို့လဲ ခုန ကနောင်မင်းသားလို၊ ထတိုက်ပစ်ရမယ်၊ လုပ်ပစ်ရမယ်၊ စမ်းပစ်ရမယ်။

အဲဒါမျိုးဆိုလို့ရှိရင်လည်း တစ်မျိုးပေါ့။ ကျွန်တော်တို့ သယ်ရ၊ ပြုရ၊ ပြန်ပို့ရနဲ့။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ နိုင်ငံရဲ့သမိုင်းဆက်(၃)ဆက်မှာပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်မှာ နောက်ဆုံးမင်းဆက်အနေနဲ့ ဒါကတော့ ဘာပဲပြောပြော ကမ္ဘာမှာပဲ ဖြစ်ဖြစ်၊ မြန်မာမှာပဲဖြစ်ဖြစ် ဒါ မြန်မာနိုင်ငံမှာကတော့ ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြာနန်းနဲ့ နေခဲ့တယ်။ ငါတို့ နောက်ဆုံးဘုရင်ကြီးဟာဆိုတော့ ဒါ ခုနလိုပေါ့ အရင်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းဆွေ အခု လက်ရှိ ဒုတိယဝန်ကြီးပေါ့လေ။

ဒါ တင်ခဲ့တာလည်း ကျွန်တော်တို့ ဂုဏ်ယူပါတယ်။ ဒါပေမဲ့ ကျွန်တော် တင်ပြလိုတဲ့ အချက်တစ်ခုကတော့ အခု ပြည်တွင်းရေးကိစ္စမှာ ကျွန်တော်တို့ (၁) ပြည်နယ်အရေး အခင်းတွေ ဖြစ်ကြတယ်။ ရခိုင်ပြည်နယ်မှာလည်း ငြိမ်းချမ်းရေးအတွက် ပဋ္ဌိပက္ခ၊ ရခိုင်ပြည်နယ်မှာ လည်းပဋ္ဌိပက္ခ၊ နောက်တစ်ခါ လက်ရှိပြည်တွင်းမှာလည်းလက်ရှိမှာလည်း ကျွန်တော်ပြောမယ်၊ မြေယာ ကိစ္စတွေ၊ ကြေးနီတောင်ကိစ္စတွေ၊ မိုးထိရွှေကိစ္စတွေ၊ ဒါတွေဟာ အကုန် ပွနေကြတာ။ အဲဒီအချိန်အခါမျိုးမှာတော့ ခုနလိုပေါ့၊ ကျွန်တော့်အနေနဲ့ သယ်ဖို့ အစီအစဉ်ကို ခဏလေး ရပ်ထားပေးပါ။ ဒါကလည်း လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ သဘောထားမှတ်ချက်တွေ၊ ပြည်သူ တွေရဲ့ သဘောထားမှတ်ချက်တွေလည်း ဒါ စဉ်းစားသင့်ပါတယ်။ လက်ရှိကလည်း အိန္ဒိယနိုင်ငံ ကလည်း လောလောဆယ်မှာ တကယ့်စံတော်အိမ်ကြီးနဲ့ ဂူနဲ့ သေသေချာချာ ထားထား ပေးထားပါတယ်။ ဒါ ပြယုဂ်တစ်ခုအနေနဲ့။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တင်ပြချင် တာကတော့ သယ်ဖို့ကိစ္စ၊ မသယ်ဖို့ကိစ္စဆိုတာ အဓိကမဟုတ်ပါဘူး။

ဒါက (၁)က တကယ်လို့မျှား ထာဝရ မြန်မာပြည်ကြီးဟာ ထာဝရငြိမ်းချမ်းရေး၊ အကုန်လုံး ပြည်နယ်တွေလည်း အေးချမ်းသွားမယ် ဒီအထဲက ကျွန်တော်တို့ လူထုထဲလည်း အကုန်လုံးအေးချမ်းသွားမယ် ဆိုလို့ရှိရင်တော့ ဒီကိစ္စက ခုနလိုပေါ့။ ကုန်းဘောင်မင်းဆက် နောက်ဆုံးသီပေါမင်းရဲ့ အရိုးတော်ကို ခုန သယ်ဆောင် ကြမယ်ဆိုရင် ကျွန်တော်ထင်တယ်။ အုံးအုံးကြွက်ကြွက်နဲ့ ဒါ ခုနလို ခမ်းခမ်းနားနားကြီးနဲ့ ကျက်သရေရှိရှိနဲ့ ဘာပဲပြောပြော ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ နောက်ဆုံးမင်းဆက် ဘုရင်ကွဆိုပြီးတော့ ကျွန်တော်တို့ ကြွေးကြော်ပြီးတော့သင့်တော်တဲ့ နေရာမှာမင်းအဖြစ်နဲ့ ထားသင့်တဲ့ နေရာမှာထားဖို့သိပ်ကောင်း တဲ့ အချိန်ဖြစ်ပါတယ်။ ကိစ္စလည်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အဆိုရှင် ဒုတိယဝန်ကြီး ဦးသန်းဆွေ ရဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ခေတ္တတော့ ဆိုင်းငံ့ပြီးတော့ တကယ်လို့များ တိုင်းပြည်ရဲ့အရေး ကိစ္စတွေ အကုန်လုံး နိုင်ငံတော်သမ္မတကြီးရော၊ လွှတ်တော်ရော၊ အစိုးရရော ပြေပြေလည်လည် အေးအေးချမ်းချမ်းပြီးသွားတဲ့အခါမှ ဒါက ပင့်ဆောင်သင့်ပါကြောင်း ကျွန်တော့်အနေနဲ့ အကြံပြု တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

အချိန်၊ ၁၁း၃၄။

ဥက္ကဋ္ဌ။ ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဥာဏ်လင်း ဆွေးနွေးနိုင်ပါပြီ။

အချိန်၊ ၁၁း၃၄။

ဦးဥာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ဂါရဝပြုအပ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းဆွေ ရဲ့ သီပေါမင်းတရားကြီးနဲ့ စပ်လျဉ်းတဲ့အဆိုကို ကျွန်တော် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) ဦးဥာဏ်လင်း က ဆွေးနွေးတင်ပြ သွားမှာ ဖြစ်ပါတယ်။ အပိုင်း(၃)ပိုင်းဖြင့် အကျဉ်းမျှ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမပိုင်းအနေနဲ့ သီပေါမင်းတရားကို အခြေပြုထားခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ မင်းဆက်ခေတ်ပေါင်း(၉)ခေတ် ဖြစ်တည် ထွန်းကားခဲ့ ပါတယ်။ သီပေါမင်းတရားဟာ ကုန်းဘောင်မင်းဆက်ခေတ် ဧကဒသမ (၁၁)ဆက်မြောက် ရတနာပုံနေပြည်တော် ဒုတိယနန်းစံ မြန်မာ့နောက်ဆုံးမင်းဖြစ်ပါတယ်။ ဗြိတိသျှနယ်ချဲ့တို့ရဲ့ လက်နက်အားကိုးဖြင့် မတရားကျူးကျော်သိမ်းပိုက်ခြင်းခံရတဲ့အတွက် သီပေါမင်းတရားဟာ မြန်မာ့ထီးနန်းက ဆင်းသက်ခဲ့ရပါတယ်။ ၁၈၈၆ ခုနှစ်မှာ အိန္ဒိယနိုင်ငံ မဒ္ဒရပ်မှတစ်ဆင့် ရတနာ့ဂီရိအရောက် နှစ်(၃၀)အကြာ ၁၉၁၆ ခုနှစ် သက်တော်(၅၈)နှစ်မှာ နတ်ရွာစံတော်မူခဲ့ ပါတယ်။

မြန်မာ့ရှေ့နန်းတော် ထုံးတမ်းအစဉ်အလာအရ မင်းမိဖုရားရုပ်ကလပ်ကို အုတ်နန်း ပြဿဒ်ဖြင့် သလွန်တော်နှင့်အတူ ဂူသွင်းရလေ့ရှိပါတယ်။ သူ့ကျွန်ဘဝလည်းဖြစ် နိုင်ငံခြား

တိုင်းပြည်မှာလည်းဖြစ်တဲ့အတွက် ရုပ်ကလပ်တော်ကို စံအိမ်တော်နဲ့ အလှမ်းဝေးတဲ့ တစ်နေရာမှာ မထင်မရှား သာမာန်ဂူသွင်းခဲ့ကြောင်း လေ့လာမှတ်သားခဲ့ဘူးပါတယ်။ စိတ်မချမ်း မြေ့ဖွယ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအပိုင်းကတော့ ဇက်ဖားရှားဘုရင်လို့ အများကသိကြတဲ့ ရန်ကုန်မြို့ရောက် မဟာဒူးဇက်ဖားရှား ဘုရင်ဟောင်းအကြောင်း ဖြစ်ပါတယ်။ ဇက်ဖားရှားဘုရင်ဟာ အိန္ဒိယနိုင်ငံ မဂိုမင်းဆက် နောက်ဆုံးဘုရင် ဖြစ်ပါတယ်။ ဗြိတိသျှ နယ်ချဲ့တို့က မြန်မာနိုင်ငံကို နယ်နှင်ဒဏ်ပေးတဲ့အတွက် ၁၈၅၈ ခုနှစ်မှာ ရန်ကုန်သို့ရောက် (၄)နှစ်အကြာ ၁၈၆၂ ခုနှစ်မှာ ကွယ်လွန်ခဲ့ပါတယ်။

ဇက်ဖားရှားဘုရင်ရဲ့ သချိုင်းတော်ဟာ ရန်ကုန်မြို့၊ ယခင် စီဒါရ်ဗဇာလမ်း ၊ ယခု ဇီဝကလမ်းမှာ ရှိပါတယ်။ မြန်မာနိုင်ငံရော၊ အိန္ဒိယနိုင်ငံပါ လွတ်လပ်ရေးမရမီက ၁၉၄၃ ခုနှစ်မှာ မြန်မာနိုင်ငံရောက် အိန္ဒိယခေါင်းဆောင် ဆူဘတ်ချန်ဒရာဘို့စ် ကိုယ်တိုင်နဲ့ နှောင်းခေတ် ဘာသာတူ ခေါင်းဆောင်ကြီးတွေဟာလည်းပဲ ဇက်ဖားရှားသချိုင်းတော်ကို ရောက်ရှိခဲ့ပြီး ဒါကာအဖြစ် လာရောက်ကြတယ်လို့ မှတ်သားဖူးပါတယ်။ မုဒိတာပွားစရာ ဖြစ်ပါတယ်။ ဘုရင်းဟောင်း နှစ်ပါးရဲ့ ကွယ်လွန်ပြီး အခြေအနေ တစ်စိတ်တစ်ပိုင်း သိရှိနိုင်ဖို့ နှိုင်းယှဉ် တင်ပြခြင်း ဖြစ်ပါတယ်။

တတိယပိုင်းကတော့ သုံးသပ် အကြံပြုချက် ဖြစ်ပါတယ်။ မြန်မာ့ နောက်ဆုံးဘုရင် သီပေါမင်းတရားရဲ့ အုတ်ဂူဟာ မြန်မာဘုရင်များရဲ့ အုတ်နန်းပြဿဒ် မဟုတ်တဲ့အပြင် အိမ်ကြိုအိမ်ကြား တိုက်ကြိုတိုက်ကြားမှာ သိမ်ငယ်စွာရှိနေဆဲဖြစ်ပါတယ်။ အုတ်ခြံစည်းရိုး ပေါ်မှာ အဝတ်များလှန်းထားတာတွေ၊ ဂူအုတ်ခြံစည်းရဲ့ ပတ်ဝန်းကျင်မှာ တဲငယ်များ ပြွတ်သိပ်ညှပ်ပြီး ညစ်ပတ်ပေးရေနေတာတွေဟာ ဂုဏ်ကျက်သရေအလွန်ညံ့နွမ်းစေပါတယ်။ ကျွန်တော်တို့ဟာ ပဒေသရာဇီစနစ်ကို ဘုရင်စနစ်ကို ပြန်လည် တမ်းတနေတာမဟုတ်ကြောင်း လည်းပဲ တင်ပြလိုပါတယ်။ နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာ၊ လူမျိုးရဲ့ ဂုဏ်သိက္ခာ၊ မြန်မာနောက်ဆုံး ဘုရင် ဂုဏ်သိက္ခာအတွက် အမျိုးသားရေးတာဝန်တစ်ရပ်ဆောင်ရွက်ဖို့ လိုအပ်နေသေးတယ်လို့ သုံးသပ်တင်ပြလိုပါတယ်၊

သို့ဖြစ်တဲ့အတွက် အဆိုရှင်ရဲ့ ရတနာဂီရိရှိ နတ်ရွာစံ သီပေါမင်းတရားကြီးနဲ့ မိဖုရား ရုပ်အလောင်းတို့မှ အရိုးများကို မြန်မာနိုင်ငံသို့ ပြန်လည် သယ်ဆောင်ပေးပါရန် အဆိုကို

လေးနက်စွာ ထောက်ခံအပ်ပါတယ်။ ပြန်လည်သယ်ဆောင်ပြီး မြန်မာ့မြေမှာ ကုန်းဘောင်ခေတ် မြန်မာ့ ဗိသုကာလက်ရာ လွှမ်းခြုံထားတဲ့ ထည်ဝါခမ်းနားတဲ့ အုတ်နန်းပြသာဒ်တော်အဖြစ် ကြိုးပမ်းဆောင်ရွက်ပေးခြင်းဖြင့် မြန်မာ့ နောက်ဆုံးဘုရင်ကို ဂုဏ်ပြုသင့်ပါကြောင်း ဥက္ကဋ္ဌကြီး မှ တစ်ဆင့် အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၁း၃၉။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ ဆွေးနွေးနိုင်ပါပြီ။

အချိန်၊ ၁၁း၃၉။

ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။

ဒီအဆိုကိုဆွေးနွေးကြတဲ့အခါမှာ အဆိုကို တစ်စုံတစ်ရာ မှတ်ချက်ပေးဖို့ ရောက်လာတဲ့ ဒုတိယဝန်ကြီးအနေနဲ့ ဘယ်လို မှတ်ချက်ပေးမလဲဆိုတာကို ကျွန်တော်တို့အနေနဲ့ ပိုပြီးတော့ စိတ်ဝင်စားပါတယ်။ ဘာလို့လဲ အဆိုဟာ ကိုယ်တိုင်တင်ထားတဲ့ အခါကျတော့ ဒါကို လောလောဆယ် အစီအစဉ် မရှိသေးဘူးလို့ပဲ ဖြေမလား။ ဒါကတော့ ကျွန်တော်တို့ စိတ်အဝင်စားဆုံးအဖြေပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပင်လယ်ပြင်မှာ ဘာတွေဖြစ်နေတယ် ဆိုတာကို ပထမဦးဆုံး သိရှိမယ့်သူဟာ သီပေါမင်းပဲ ဖြစ်တယ်လို့ ရတနာဂီရိဒေသခံတွေက ပြောကြပါတယ်။ ဘာလို့လဲဆိုတော့ သူဟာ ပင်လယ်ပြင်ကို အမြဲတမ်း လှမ်းမျှော်ကြည့်နေတဲ့ သူ ဖြစ်လို့ပါပဲလို့ မှတ်သားဖူးပါတယ်။

ဒီတော့ကွယ်လွန်သူရဲ့ ဆန္ဒဟာ ဘယ်လိုရှိပါသလဲ။ သူပင်လယ်ပြင်ကို ဘာကြောင့် ကြည့်နေတာလဲ၊ ဘယ်တော့ မြန်မာပြည်ကိုပြန်ရမလဲဆိုတာကို သူမျှော်လင့်ခဲ့တယ်လို့ ကျွန်တော်တို့ ယူဆရမှာ ဖြစ်ပါတယ်။ ကွယ်လွန်သူတွေရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးခြင်းဟာ

လူသားဆန်တဲ့ လုပ်ရပ်တစ်ခု ဖြစ်ပါတယ်။ ဥပမာ ပျံလွန်သွားတော်မူတဲ့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်ဆရာတော်ရဲ့ အရိုးပြာကို မြစ်အတွင်းကို မျှောချဖို့ ဆန္ဒပြုခဲ့တဲ့အတွက်ကြောင့် အဲဒီအချိန်က စစ်ဒေသမှူး တာဝန်ထမ်းဆောင်ခဲ့တဲ့ လက်ရှိ ဥက္ကဋ္ဌကြီးဟာ သဘော်ပေါ်ကနေ အရိုးပြာတွေကို ကြဲချခဲ့တာကို သတင်းဓါတ်ပုံတစ်ခုကို ကျွန်တော် သတင်းစာထဲမှာ ယနေ့အထိ မျက်စိထဲမှာ စွဲပြီးတော့ သက်ဝင်လှုပ်ရှားစွာ ကြည့်ရှုခဲ့ရဖူးပါတယ်။ ဒါဟာကွယ်လွန်သူတွေရဲ့ ဆန္ဒကိုလိုက်လျောပေးတာ ဖြစ်ပါတယ်။ သီပေါဘုရင်ရဲ့ မကွယ်လွန်မီက ဆန္ဒဟာလည်း မြန်မာပြည်ကို ပြန်လာချင်တယ်ဆိုတဲ့ အထက်က ကျွန်တော် ဆွေးနွေးခဲ့သလို ထင်ရှားလှ ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခြားတိုင်းပြည်တွေဟာ သူတို့ဆီက သာမန်တပ်သားတွေ တိုင်းတစ်ပါးမှာ ကွယ်လွန်တာ၊ ကျဆုံးတာတွေရှိရင်တောင်မှ မိမိတို့ဇာတိမြေကို မဖြစ်မနေ ပြန်လည်သယ်ဆောင်ပြီးတော့ ခမ်းနားစွာသင်္ဂြိုဟ်လေ့ရှိတာကို တွေ့ရှိရပါတယ်။ ဒုတိယကမ္ဘာစစ်တုန်းက ကျဆုံးခဲ့တဲ့ ဂျပန်စစ်သားတွေရဲ့ ကျန်ရှိနေတဲ့ အရိုးတွေကို ဂျပန်အရိုးကောက်အဖွဲ့တွေ စေလွှတ်ပြီးတော့ အရိုးပါမကျန် အကုန်ပြန်သယ်ကြသလို၊ ဗီယက်နမ်စစ်ပွဲမှာ ကျဆုံးခဲ့တဲ့ အမေရိကန်စစ်သားတွေရဲ့ အရိုးတွေကိုလည်း၊ ဒီနေ့အထိ ရှာဖွေသယ်ထုတ်နေဆဲပဲ ဖြစ်ပါတယ်။ အဲဒီနိုင်ငံတွေဟာ သာမန်တပ်သားအဆင့်လေးတွေကိုတောင် ချန်မထားပဲနဲ့ မိမိတို့ရဲ့ ဇာတိမြေကို ပြန်ပို့ပြီးတော့ စစ်အခမ်းအနားနဲ့ ဂုဏ်ပြုသင်္ဂြိုဟ်ပေးနေတဲ့ အချိန်မှာ ကျွန်တော်တို့ နိုင်ငံရဲ့ တစ်ချိန်က အရှင်သခင် ဘုရင်မင်းမြတ်ဖြစ်ခဲ့တဲ့ သီပေါမင်းရဲ့ အရိုးစုရုပ်ကလပ်ကို မဖြစ်မနေ ပြန်လည် သယ်ဆောင်သင့်လှကြောင်း တင်ပြဆွေးနွေးလိုပါတယ်။

အိန္ဒိယဘုရင် မဂိုဘုရင်ဇက်ဖားရှားကို ပြန်သယ်လိုခြင်း ရှိ/မရှိဆိုတာတော့ အိန္ဒိယနိုင်ငံသားတွေရဲ့ ဆန္ဒသာလျှင် ဖြစ်ပါတယ်။ နူးညံ့သိမ်မွေ့ပြီး ဘာသာရေးကိုင်ရှင်းလှတဲ့ ဒီမန္တလေးသားကြီးကို မန္တလေးကို ပြန်သယ်ယူဖို့ အချိန်အခါကောင်းပဲလို့လည်း ယူဆပါတယ်။ ဒီလို သယ်ဆောင်ရာမှာ ရတနာဂီရိကနေ ရန်ကုန်ကို လေယာဉ်နဲ့ သယ်ယူပြီးတော့ ရန်ကုန်ကနေ မန္တလေးကိုတော့ သဘော်နဲ့ သယ်ယူသင့်တယ်လို့လည်း ကျွန်တော်ထင်ပါတယ်။

ဒါ့အပြင် ဂေါဝိန်ဆိပ်ကနေ မန္တလေးနန်းတွင်းကို သယ်ယူတဲ့နေရာမှာ ဒေဝါဝင်း၊ ရာဇာဝင်းတွေ ခင်းပြီးတော့ မြင်းရထားကြီးနဲ့ ခမ်းခမ်းနားနား သယ်ဆောင်သင့်ပြီးတော့၊ မင်္ဂလာ

တံခါးကနေတစ်ဆင့် နန်းတွင်းကို သူရဲ့ဖခင်၊ မင်းတုန်းမင်းကြီးရဲ့အုတ်ဂူဘေးမှာ ထည်ထည်ဝါဝါ မြှုပ်နှံသင့်လှပါတယ်။ ဒီအတွက် ကုန်ကျစရိတ်ကို နိုင်ငံတော်အစိုးရကတောင်မှ ကျခံစရာလိုမယ် မထင်ပါဘူး။ Donation တွေ ရှာဖွေရင် အလွယ်တကူရနိုင်ပါတယ်။ ဒီလိုတိုင်းပြည် တည်ဆောက်နေချိန်မှာ အပိုတွေမကုန်သင့်ဘူးလို့ ယူဆရင်လည်း Donation တွေ Donarတွေ ရှာမယ်ဆိုရင် အလွယ်တကူ တွေ့ရှိနိုင်ပါတယ်။ ခွင့်ပြုဖို့ပဲ လိုအပ်ပါတယ်။

အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဖော်ဆောင်လိုတဲ့ NGOတွေ ပူးပေါင်းဆောင်ရွက်လို့ ရပါတယ်။ ဒီ မန္တလေးသားကြီးအတွက် မန္တလေးသူ/မန္တလေးသားတွေဟာလည်း ဝိုင်းဝန်း ဆောင်ရွက်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နတ်ရွာစံတော်မူသွားပြီးဖြစ်တဲ့ သီပေါဘုရင်ရဲ့ ရုပ်ကလပ်ကို ပြန်လည်သယ်ယူခြင်းဖြင့် ရရှိမယ့် အကျိုးကျေးဇူးတွေကို တင်ပြလိုပါတယ်။ နံပါတ်(၁)အနေနဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်ပြန်လည် ဖော်ညွှန်းရာရောက်ပါတယ်။ နံပါတ်(၂)အနေနဲ့ နယ်ချဲ့တို့ရဲ့ နိုင်ငံရေးနည်းပရိယာယ်ကို သတိပြုမိ ဆင်ခြင်မိဖွယ်ရာ ယနေ့ခေတ်လူငယ်တွေ တွေးခေါ်လာနိုင်ပါတယ်။ သူဟာ စစ်တိုက်ပြီးတော့ ပါသွားတာ မဟုတ်ပါဘူး။ မလိမ့်တပတ်နဲ့ အလှည့်ဖြားခံပြီးတော့ ပါသွားတာဖြစ်ပါတယ်။ ဒါကို သတိထား မိစေအောင် ပြန်လည် ဖော်ထုတ်ရာကျပါတယ်။ နံပါတ်(၃)အချက်က ကွယ်လွန်သူရဲ့ ဆန္ဒကို ဖြည့်ဆည်းရာ ရောက်ပြီးတော့ လူသားဆန်တဲ့ အပြုအမူကိုဆောင်ရွက်တာဖြစ်တဲ့ အတွက် ကြောင့် မြန်မာလူမျိုးများအတွက် ဂုဏ်ယူစရာဖြစ်ပါတယ်။ နံပါတ်(၄)အချက်က ယနေ့ခေတ် တာဝန်ယူထားတဲ့ မြန်မာနိုင်ငံတော် အစိုးရအနေနဲ့လည်း ယခင်အစိုးရများ ဆောင်ရွက်ခဲ့ခြင်း မရှိခဲ့တဲ့ အခြေအနေတစ်ရပ်ကို အောင်မြင်စွာ စွမ်းဆောင်နိုင်ခဲ့တယ်ဆိုတဲ့ ဂုဏ်ထူးဝိသေသကို လည်း ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

ဒါကို ပြန်သယ်ခြင်းဟာ သက်ဦးဆံပိုင်ဘုရင်စနစ်ကို ပြန်လည်အသက်သွင်းလိုတာ မဟုတ်ဘူးဆိုတာကိုတော့ အဆိုရှင်ကိုယ်တိုင်သိပြီး ဖြစ်မှာပါ။ ဒီမိုကရေစီစနစ်ကို သွားနေတဲ့ ယနေ့ခေတ်မှာ ဘယ်ဘုရင်စနစ်ကိုမှ ပြန်လည်အသက်သွင်းဖို့ စိတ်ကူးလုံးဝ ရှိလိမ့်မယ် မဟုတ်ဘူးလို့ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်တင်ပြလိုတာကတော့ သီပေါမင်းဟာ မြန်မာတို့ရဲ့ နောက်ဆုံးမင်းဆက်ပါ၊ ကျွန်တော်တို့ရဲ့ ဘုရင်ပါ။ သူဟာ နယ်ချဲ့ရဲ့ ဖမ်းဆီးအကျဉ်းချခံရတာ

ဖြစ်ပြီးတော့ ဘုရင်အဖြစ်ကနေ တရားဝင်နှုတ်ထွက် သွားတဲ့သူ မဟုတ်ပါဘူး။ ကွယ်လွန်ချိန်အထိ ဘုရင်အဖြစ် မြန်မာလူထုရဲ့ ရင်ထဲမှာ ရှိနေခဲ့တာ ဖြစ်ပါတယ်။ ဒီမြင့်မြတ်လှတဲ့ ဘုရင်ဟာ ဘာသာကွဲ၊ လူမျိုးကွဲများနေထိုင်နေတဲ့ ဆင်းရဲသားရပ်ကွက်အတွင်းမှာ ကျီးနဲ့ဖုတ်ဖုတ်ဖြစ်နေတဲ့ ပျက်စီးနေတဲ့ အုတ်ဂူထဲကနေ ထုတ်ယူပြီးတော့ သူနန်းစိုက်ခဲ့တဲ့ နန်းတွင်းထဲက သူ့ဖခင် မင်းတရားကြီးရဲ့ ဂူဗိမာန်ဘေးမှာ လဲလျောင်းမြေချသင်္ဂြိုဟ်ခွင့် ရမယ်ဆိုရင် ယနေ့ခေတ် မြန်မာလူမျိုးတွေရဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ် ဖော်ဆောင်နိုင်တဲ့ တာဝန်တစ်ရပ်ကို အောင်မြင်စွာ စွမ်းဆောင်နိုင်ခဲ့ပြီလို့ ဂုဏ်ယူဝင့်ကြွားနိုင်မယ် ဖြစ်ပါကြောင်း တင်ပြရင်း ဒီအဆိုကို ထောက်ခံ ဆွေးနွေးအပ်ပါတယ် ခင်ဗျား။ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၁း၄၆။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု ဆွေးနွေးနိုင်ပါပြီ။

အချိန်၊ ၁၁း၄၆။

ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဧည့်သည်တော်များ အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနု ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က ဦးသန်းဆွေ ယခုအခါ ဒုတိယဝန်ကြီး ယဉ်ကျေးမှုဝန်ကြီးဌာနကနေပြီးတော့ အဆိုပြုခဲ့တဲ့ အိန္ဒိယပြည် ရတနာဂီရိမှာရှိတဲ့ နတ်ရွာစံ သီပေါမင်းတရားကြီးနှင့် မိဖုရားတို့ရဲ့ ရုပ်အလောင်းများမှ အရိုးများကို မြန်မာနိုင်ငံသို့ ပြန်လည်သယ်ဆောင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပထမဆုံးတင်ပြလိုတဲ့ အချက်က ဒီအဆို လွှတ်တော်ထဲမှာ ပေါ်ပေါက်လာခြင်းကိုပဲ ကျေနပ်မဆုံး ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီအဆိုကြောင့် ကျွန်တော်တို့နဲ့တကွ နောင်လာနောင်သား လူငယ်

လူရွယ်များအတွက် မျိုးချစ်စိတ်ဓာတ်ရှင်သန်နိုးကြားစေမယ့် အဆိုတစ်ရပ်အဖြစ်သို့ ဦးတည်နေတယ်လို့ ယုံကြည်မိတဲ့အတွက် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ နောက်ဆုံးဘုရင်ဖြစ်တဲ့ သီပေါမင်းရဲ့နေဝင်ချိန်ဟာ အလွန်ပဲကြေကွဲ ဝမ်းနည်းစရာ ကောင်းလှပါတယ်။ သီပေါမင်းပါတော်မူပြီးတော့ ဘုရင်အုပ်ချုပ်ရေးစနစ်ဟာ လည်း ရုပ်သိမ်းချုပ်ငြိမ်းပြီး ဒီ ချုပ်ငြိမ်းခြင်းရဲ့ နောက်ကွယ်မှာလည်း ကျွန်တော်တို့ တစ်မျိုးသားလုံးဟာ သူ့ကျွန်ဘဝရောက်ခဲ့ရပြီး နယ်ချဲ့လက်အောက်မှာ ကျွန်တော်တို့ ပြည်ထောင်စုသား အားလုံး အမှောင်လွှမ်းတဲ့ ခေတ်ကာလတစ်ခုကို ခါးစည်းခံရင်းနဲ့ ဖြတ်သန်းခဲ့ကြရပါတယ်။ ဒါကြောင့် နောင်လာနောင်သားတွေဟာ သားစဉ်မြေးဆက်တွေဟာ မြန်မာတို့ရဲ့ နောက်ဆုံးဘုရင် သီပေါမင်းနဲ့ပတ်သက်ပြီးတော့ အလေးအနက်ထား စိတ်ဝင်စားနေ ကြမှာပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် တင်ပြချက်အရ သီပေါမင်းဟာ နန်းစံ(၇)နှစ်မှာ မိဖုရားခေါင်ကြီး၊ ဒုတိယမိဖုရား၊ သမီးတော်နှစ်ပါး၊ အခြွေအရံအချို့တို့နဲ့ ပြိတိသျှတို့က သူရိယသင်္ဘောနဲ့ အိန္ဒိယပြည် မဒ္ဒရပ်မြို့ ထိုမှတစ်ဆင့် ရတနာဂီရိသို့ ခေါ်ဆောင်သွားခဲ့ကြောင်း၊ တတိယနဲ့ စတုတ္ထသမီးတော်နှစ်ပါးပင် ထပ်မံမွေးဖွားခဲ့ကြောင်း၊ ယာယီစံအိမ်တော်မှ စံအိမ်တော်သစ် ဆောက်လုပ်ပေးခဲ့ရကြောင်း၊ စံအိမ်တော်သစ်မှာ ပြောင်းရွှေ့စံမြန်းစဉ်မှာပဲ ဒုတိယမိဖုရားနဲ့ သက်တော် (၅၀)ရှိနေပြီဖြစ်တဲ့ သီပေါမင်းဟာ နတ်ရွာစံခဲ့ကြောင်း ဘုရင်နဲ့ မိဖုရားတို့ရဲ့ ရုပ်အလောင်းများကို ကြေးခေါင်းနှစ်ထပ်ခေါင်းနဲ့ ဂူသွင်းခဲ့ပေမယ့် ယခုအခါမှာ ကြေးခေါင်း နှစ်ထပ်ခေါင်းတို့ဟာ မရှိတော့ဘဲ သိမ်သိမ်ငယ်ငယ် မတင့်တယ်တဲ့ ပတ်ဝန်းကျင်မှာ ရှိနေကြောင်း ဖော်ပြချက်များကို ကြားသိရတဲ့အတွက်ကြောင့် နိုင်ငံသားအနေနဲ့ အန္တယ်တော်များ နည်းတူ အခု ကျွန်တော်တို့ ဒုတိယဝန်ကြီး အဆိုရှင်ဟာလည်း အန္တယ်တော်ထဲမှာ ပါဝင်နေတယ်လို့ သိရတဲ့အတွက် အန္တယ်တော်များနည်းတူ အလွန်ပင်စိတ်မကောင်း ကြေကွဲဝမ်းနည်းရပါကြောင်း ဖော်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖော်ပြပါဖြစ်ရပ်များကို ပြန်ကြည့်မယ်ဆိုရင် ထိုစဉ်က မြန်မာနိုင်ငံကို သိမ်းပိုက်ကျွန်ပြုခဲ့တဲ့ နယ်ချဲ့ပြိတိသျှအစိုးရဟာ မိမိတို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့တဲ့ တိုင်းပြည်ခေါင်းဆောင်ဘုရင်တစ်ပါးကို လုံးဝအလေးအနက် မထားဘဲနဲ့ အကျဉ်းသား၊

အရပ်သားတစ်ယောက်လို သဘောထားပြီး ပြုမူခဲ့လေသလားလို့ စဉ်းစားနေမိပါတယ်။ ရတနာဂီရိမှာ စံအိမ်တော်သစ်ဆောက်လုပ်ပေးခဲ့တယ်ဆိုပေမယ့်လည်းပဲ သီပေါမင်းလည်း နတ်ရွာစံရော မိဖုရားခေါင်ကြီးရှိနေပါလျက်နဲ့ စံအိမ်တော်ဟာ ဘုရင်မိသားစုများနဲ့ မသက်ဆိုင်ခဲ့သလို ဖြစ်ခဲ့ရတဲ့ ဖြစ်ရပ်ကိစ္စ၊ ဘုရင်နဲ့မိဖုရားတို့ ရုပ်အလောင်းကို စံအိမ်တော်ဝင်းအတွင်းမှာ ဂူနန်းပြာသာဒ်နဲ့ တင့်တယ်စွာရှိနေရာကနေ လွင်တီးခေါင်ထဲကို အတင်းအကြပ်ရွှေ့ပြောင်းပေးခဲ့တဲ့ကိစ္စ၊ နိုင်ငံတစ်ခုရဲ့ အထွတ်အထိပ် ဘုရင်တစ်ပါးနဲ့မိဖုရားကို မိဖုရားတို့ရဲ့ ဂူနန်းဖြစ်နေပါလျက်နဲ့ မသင့်တော်၊ မတင့်တယ်တဲ့ နေရာပတ်ဝန်းကျင်ကို အတင်းအကြပ်ရွှေ့ပြောင်းပြီး လျစ်လျူထားခဲ့တဲ့ ကိစ္စများတို့ဟာ ထိုစဉ်က အုပ်ချုပ်ခဲ့တဲ့ ပြိတိသျှအစိုးရ သာမကယနေ့တိုင် အုပ်ချုပ်နေတဲ့ အင်္ဂလိပ်အစိုးရ လက်ထက်တို့မှာပါ လုံးဝတာဝန်ရှိနေတဲ့ အတွက်နောင်လာနောင်သားတို့ဟာ အလွန်အမင်း မကျေနပ်ဖွယ်ရာ ဖြစ်ရပ်အဖြစ်နဲ့ ခံစားဖွယ်ရာ ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။မြန်မာ့ဘုရင်နောက်ဆုံး သီပေါမင်းနဲ့မိဖုရားတို့ဟာ အလေးအမြတ်ပြုရန်အလို့ငှာ နိုင်ငံသားများနဲ့ အန္တယ်တော်များ အလေးအနက်ထား စဉ်းစားရန် အချက်(၂)ချက်ကို တင်ပြလိုပါတယ်။ အချက်တစ်ချက်ကတော့ မင်းမိဖုရားတို့ရဲ့ အရိုးကို ဇာတိအမိမြေကို ပြန်လည်သယ်ဆောင်မလား၊ ဒုတိယအချက်ကတော့ နောက်ဆုံးစံရာ စံအိမ်တော်မှာပဲ မင်းမိဖုရားတို့နဲ့ ထိုက်တန်တဲ့ အဆောင်အယောင် အထိမ်းအမှတ်တွေကို ပိုပြီးတော့ ခမ်းနားထည်ဝါစွာဖြင့် ဆောင်ရွက် ထားရှိမလားဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်သည် အိန္ဒိယလွှတ်တော်လေ့လာရေးခရီးစဉ်၌ လိုက်ပါစဉ်က၊ လိုက်ပါခွင့်ရစဉ်က မြန်မာသံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ မေးမြန်းစုံစမ်းလေ့လာကြည့်တဲ့အခါမှာ မြန်မာဘုရင်သီပေါမင်းရဲ့ အုတ်ဂူကို မြန်မာသံရုံးက အလေးအနက်ထား ပြုပြင်မွမ်းမံရင်းနဲ့ စောင့်ရှောက်လျက်ရှိကြောင်း ဓာတ်ပုံမှတ်တမ်းများနှင့် တကွ ကျွန်တော် လေ့လာသိရှိခွင့် ရခဲ့ပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ဘုရင့်အန္တယ်တော်များနဲ့ ပြည်ထောင်စုအစိုးရရဲ့ သဘောဆန္ဒအရ အကယ်၍သာ ဇာတိအမိမြေသို့ မင်းမိဖုရားရဲ့ အရိုးများ ပြန်လည်သယ်ဆောင်မယ့် အစီအစဉ်ကိုတော့ ကျွန်တော် တစ်စုံတစ်ရာဝေဖန်အကြံပြုရန် မရှိပါ။ ဤဖြစ်ရပ်ဖြစ်စဉ်ကို ဖန်တီးလုပ်ဆောင်ခဲ့ရာ တာဝန်ရှိခဲ့တဲ့ အင်္ဂလိပ်အစိုးရနဲ့

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ အိန္ဒိယအစိုးရတို့ဟာ လိုအပ်သလို ညှိနှိုင်းသဘောတူညီချက်နဲ့ နောက်ဆုံးစံရာ စံအိမ်တော်မှာပဲ ဂူနန်းပြာသာဒ်တို့နဲ့ တင့်တယ်အောင် မွမ်းမံပြီး မြန်မာ့သမိုင်းမှာသာမက၊ ကမ္ဘာ့သမိုင်းမှာပါ မေ့ပျောက်၍ မရနိုင်သည့် မြန်မာ့နောက်ဆုံး ဘုရင်သီပေါမင်းနဲ့ မိဖုရားတို့ရဲ့ ဖြစ်စဉ်ဖြစ်ရပ်မှန်များ သမိုင်းမှတ်တမ်းတင်၊ မှတ်တမ်းတွင် စေခြင်းသည်သာ ပို၍သင့်မြတ်တဲ့ အစီအစဉ်အဖြစ် ဆောင်ရွက်ရန် သင့်/မသင့်ကို ထည့်သွင်းစဉ်းစားနိုင်ပါရန် အမိမြန်မာနိုင်ငံကို ချစ်မြတ်နိုးသော နိုင်ငံသားတစ်ဦးအနေနဲ့ အလေးအနက် အကြံပြုဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးများစွာ တင်ပါတယ်။

အချိန်၊ ၁၁း၅၃။

ဥက္ကဋ္ဌ။ ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေး ရပ်နားပါမယ်။ နေ့လယ် ၁၃း၀၀ နာရီမှာ အစည်းအဝေးကို ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။

အချိန်၊ ၁၁း၅၃။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံးထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၅၃ နာရီတွင် ခေတ္တရပ်နားပြီး ၁၃း၀၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

အချိန်၊ ၁၃း၀၀။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

အချိန်၊ ၁၃း၀၀။

ဥက္ကဋ္ဌ။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

အချိန်၊ ၁၃း၀၀။

ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာကျက်သရေ အပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကတော့ တနင်္သာရီတိုင်း မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန်းဆွေရဲ့ အိန္ဒိယပြည်ရတနာဂီရိရှိ နတ်ရွာစံသီပေါမင်းတရားကြီးနှင့် မိဖုရားတို့ ရုပ်အလောင်းများမှ အရိုးများကို မြန်မာပြည်သို့ ပြန်လည်သယ်ဆောင်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နေထိုင်သော ကမ္ဘာကြီးမှာ သက်ရှိ၊ သက်မဲ့များ ရှိနေသလို အဟောင်းများ ချုပ်ငြိမ်းပျက်စီးပြီး အသစ်အသစ်များဟာလည်း ဖြစ်ပေါ်ပွားစည်းလျက် ရှိတာကိုတွေ့ရမှာဖြစ်ပါတယ်။ ထို့အတူ အတိတ်၊ ပစ္စုပ္ပန်နဲ့ အနာဂတ်ရဲ့မျှော်လင့်ချက်များကလည်း ရှိနေတာတွေ့ရမှာဖြစ်ပါတယ်။ ရင်ဆိုင်ကြုံတွေ့နေရတဲ့ သဘာဝအန္တရာယ်များရဲ့ စိန်ခေါ်မှုများကြားမှာပဲ လူသားများရဲ့ တီထွင်ဆန်းသစ်တိုးတက်နေသော အခြေအနေအရပ်ရပ်ကိုလည်း ထင်ရှားပီပြင်စွာ တွေ့ကြရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ အခု အဆိုရှင် တင်သွင်းခဲ့သော ယခုအဆိုမှာ မိမိတစ်ဦးတည်းရဲ့ကျဉ်းမြောင်းသော ရှုထောင့်တစ်ခုထဲမှ ရှုမြင် သုံးသပ်ရမှာ မဟုတ်ဘဲ ရှုထောင့်ပေါင်းစုံမှ ကျယ်ပြန့်စွာ လေ့လာသုံးသပ် ဆွေးနွေး ဝေဖန်ရမယ့် အကြောင်းဖြစ်တယ်လို့ ကျွန်မ ယူဆပါတယ်။ မြန်မာနိုင်ငံတော်ကြီးတစ်ခုလုံး ကိုလိုနီရဲ့ လက်အောက်ကို နှစ်ပေါင်းများစွာကျရောက်ပြီး လွတ်လပ်ရေးနဲ့အချုပ်အခြာ ဆုံးရှုံးရုံ မျှမက သဘာဝသယံဇာတပစ္စည်းများ၊ သက်ရှိသက်မဲ့များအားလုံးကိုပင် ကိုလိုနီ နယ်ချဲ့မှ ၎င်းတို့ ပိုင်ဆိုင်သော ပစ္စည်းများအဖြစ် ထုံးလိုခြေ၊ ရေလိုနှောက် ကျရောက်ခဲ့ရသော အဖြစ်ဆိုးများ

မရောက်မီ မြန်မာနိုင်ငံရဲ့ နောက်ဆုံးထီးနန်း စိုးမိုးအုပ်ချုပ်ခဲ့သော နောက်ဆုံး ဘုရင်မင်းမြတ်နဲ့ ပတ်သက်တဲ့ထင်ရှားသော သမိုင်းဝင်အမွေအနှစ်ပစ္စည်း ဖြစ်တယ်လို့ ကျွန်မ ယုံကြည် ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ လေ့လာမိ သလောက် ကျွန်မတို့ရဲ့ ဒါ နိုင်ငံမှာ အင်မတန်တောက်ပခဲ့တဲ့ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် လုပ်သွားတဲ့ ဦးသန့် နဲ့ပတ်သက်တဲ့ဟာကို ကျွန်မဖတ်ဖူး၊ မှတ်ဖူးပါတယ်။ အဲဒါဘာလဲဆိုတော့ ဦးသန့် က နီပေါနိုင်ငံကိုရောက်တဲ့အခါမှာ ဗုဒ္ဓဂယာကို သူကလိုက်ပို့ခိုင်းတယ်။ လိုက်ပို့ခိုင်းတဲ့အခါကျတော့ ပို့မယ်၊ ပို့မယ်ဆိုပြီးတော့မှ တော်တော်ကြာကြာ မပို့ဖြစ်တော့ သူက ဘာပဲဖြစ်နေနေ၊ အခြေအနေ ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ၊ ပို့ပေးပါဆိုတဲ့အခါကျတော့ လိုက်ပို့တဲ့အခါမှာ ဗုဒ္ဓဂယာဟာ တော်တော်လေး အခြေအနေ ဆိုးပြီးတော့ တစ်ခါတည်းကို မြက်ပင်တွေ၊ ကိုင်းပင်တွေနဲ့ နောက်ကျန်တဲ့ ပစ္စည်း ပစ္စယတွေနဲ့ ရှုပ်ပွပြီးတဲ့အခါကျတော့ တော်တော်လေးအခြေအနေဆိုးတဲ့ အခြေအနေကို တွေ့တယ်လို့ အဲဒီထဲမှာ ဖတ်ရပါတယ်။ အဲဒီအခါမှာ ပြန်သွားပြီးတဲ့အခါ နောက်ကျတော့ အဲဒီ ဗုဒ္ဓဂယာကို သာသနာပြန်ပြီးတော့ သာသနိက အဆောက်အဦတွေ ဖြစ်ထွန်းဖို့ သာသနာပွင့်လင်းဖို့ ကျေးဇူးဆပ်တဲ့အနေနဲ့ ကုလသမဂ္ဂကို ပြန်ရောက်တော့မှ ပြန်ပြီးတော့ ဗုဒ္ဓဂယာကို ပြင်ဆင်ဖို့ သူကြိုးစားခဲ့တာ အခုဆိုရင် ဒါ အောင်မြင်ပီပြင်တဲ့ အခြေအနေတစ်ခု ဖြစ်ပါတယ်။ ဒါဟာ နိုင်ငံတော်နဲ့ နိုင်ငံသားရဲ့ အကျိုး၊ ဘာသာ၊ သာသနာရဲ့အကျိုး အားလုံးကို ဆောင်ရွက်တဲ့ ဒါ အင်မတန်မွန်မြတ်တဲ့ လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။

နောက်တစ်ခါကျတော့လည်း ကျွန်မတို့ရဲ့ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး ကလည်း ဒီလိုပါပဲ။ နောက်တစ်ခါ ကျွန်မတို့ ပါလီမန်ဒီမိုကရေစီလက်ထက်မှာ ဦးနု ဟာလည်း ဆဋ္ဌမသင်္ဂါယနာကို တင်ခဲ့တာဖြစ်ပါတယ်။ နောက်တစ်ခါ အခု ကျွန်မတို့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အခုလောလောဆယ် သမ္မတကြီး ဦးသိန်းစိန် ဟာ ဆိုလို့ရှိရင်လည်း ထိုင်းနိုင်ငံကို ရောက်တဲ့အခါမှာ ဘုန်းကြီးကျောင်းတစ်ကျောင်းကိုတွေ့တော့ အဲဒီဘုန်းကြီး ကျောင်းဟာ ယခင်တုန်းကတော့ မြန်မာဘုန်းကြီးများ သီတင်းသုံးခဲ့တဲ့ ဘုန်းကြီးကျောင်းပဲ ဆိုပြီးတော့ အခုလည်းဆက်လက်ပြီးတော့ တခြားဘုန်းကြီးတွေကိုဆက်ပြီးတော့ သီတင်းသုံးခွင့် အတွက် မြန်မာဘုန်းကြီးတွေကို ဦးစားပေးပြီးတော့ သီတင်းသုံးခွင့် ဒါ ဟိုမှာ ညှိနှိုင်း ဆွေးနွေးတဲ့

အခါကျတော့ အဲဒါကို အောင်မြင်ခဲ့တယ်လို့ ကျွန်မ ဖတ်ခဲ့၊ မှတ်ခဲ့ရပါတယ်။ အဲဒီတော့ ဒါတွေဟာ မိမိရဲ့ တိုင်းပြည်နဲ့ လူမျိုးကို မြတ်နိုးတာ၊ အစစအရာရာကို ထိန်းသိမ်းစောင့်ရှောက်တာ၊ ဒါ ကျွန်မတို့ရဲ့ နိုင်ငံတော်က ချမှတ်ထားတဲ့ လူမှုရေး ဦးတည်ချက်တွေနဲ့ ညီညွတ်တာတွေကို သာဓကအနေနဲ့ တွေ့ရတာဖြစ်ပါတယ်။ အခုလည်း ကျွန်မတို့မြန်မာနိုင်ငံရဲ့ အထွတ်အမြတ်ထားတဲ့ မြန်မာနိုင်ငံတော်ရဲ့ နောက်ဆုံး၊ ကျွန်မတို့ရဲ့သမိုင်းမှာ အထင်ရှားဆုံး၊ ဘယ်လိုမှ ဖောက်ဖျက်လို့ မရတဲ့ နောက်ဆုံးမင်းရဲ့ ပစ္စည်းတွေ ဖြစ်ပါတယ်။

အဲဒီအခါကျတော့ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ မြန်မာ၌ဖြစ်စေ၊ အာဆီယံ၌ဖြစ်စေ၊ ကမ္ဘာ၌ဖြစ်စေ၊ မည်သည့်အသိုင်းအဝန်း၌ဖြစ်စေ ရှေးဟောင်းအမွေအနှစ်နဲ့ သမိုင်းဝင်ပစ္စည်းများအား မြတ်နိုးတန်ဘိုးထားကြကြောင်းတွေ့ရှိရပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ လူမျိုးတစ်မျိုးရဲ့ သမိုင်းဝင်တော်ဝင် သက်ရှိ၊ သက်မဲ့နဲ့ ဉာဏဆိုင်ရာအားလုံးဟာ တန်ဖိုးထားတတ်ကြောင်းကို ကမ္ဘာ့အသိဉာဏ်ပစ္စည်းဆိုင်ရာအဖွဲ့ WIPO၊ နောက် အဲဒီအဖွဲ့ကြီးကနေပြီးတော့မှ ၂၀၀၀ ပြည့်နှစ်မှာထပ်မံပြီးတော့ ဖွဲ့စည်းခဲ့တဲ့ အသိဉာဏ်ပစ္စည်း နဲ့ မျိုးရိုးဗီဇအရင်းအနှီးရိုးရာအသိပညာနဲ့ ရိုးရာဓလေ့ဆိုင်ရာ WIPO၊ အစိုးရအချင်းချင်း ကော်မတီကို လေ့လာလို့ရှိရင် အဲဒီကော်မတီရဲ့ ပြဋ္ဌာန်းချက်တွေ၊ အဲဒီကော်မတီရဲ့ ဖွင့်ဆိုထားတဲ့အဓိပ္ပာယ်တွေကို လေ့လာလို့ရှိရင် ဒါဟာ ကိုယ့်လူမျိုးတစ်မျိုးရဲ့ ရိုးရာဓလေ့ ထုံးတမ်းစဉ်လာအပြင် ဒါကျန်တဲ့ပစ္စည်းပစ္စယတွေ၊ သက်ရှိ၊ သက်မဲ့ အဲဒါတွေလည်းပါတယ်ဆိုတာကို လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ စားနပ်ရိက္ခာလုံခြုံမှု ဒါ ၂၀၅၀ ပြည့်နှစ်မှာ ရေနံတွေ ပြတ်တောက်ပြီးမှ ကုန်ဆုံးသွားခဲ့ရင် ကမ္ဘာ့စက်မှုလုပ်ငန်းတွေ ဘယ်လိုလည်ပတ်ကြမလဲဆိုတာ ပညာရှင်တွေ ခေါင်းကိုက်အောင် စဉ်းစားနေကြရတယ်လို့ ကျွန်မ လေ့လာတွေ့ရှိရပါတယ်။ နောက် ၂၁ ရာစုအလယ်ပိုင်းလောက်ဆိုရင် ကမ္ဘာကြီးမှာ လူဦးရေ (၁၀) ဘီလီယံဝန်းကျင်လောက် ရှိတဲ့အခါမှာ တော်တော်လေးကို အခြေအနေ ဆိုးသွားပြီးတဲ့ အခါကျတော့ တော်တော်လေး ခေါင်းခဲရမယ့် အခြေအနေလို့ လေ့လာတွေ့ရှိ ရပါတယ်။ ဒါ စိုက်ပျိုးရေးဟာ ကမ္ဘာ့လူသားတွေအတွက် မရှိမဖြစ်လိုအပ်တဲ့၊ အသက်ရှင် နေထိုင်မှုနဲ့ ဆိုင်တဲ့၊ စားနပ်ရိက္ခာနဲ့ဆိုင်တဲ့ အဓိကသော့ချက်ပါ။ မြန်မာနိုင်ငံမှာ စိုက်ပျိုးရေးကို (၇၀) ရာခိုင်နှုန်း

လုပ်တယ်။ သူများနိုင်ငံမှာ စက်မှုကို(၇၀)ရာခိုင်နှုန်းလုပ်ပြီးတော့ စိုက်ပျိုးရေးကို(၂) ရာခိုင်နှုန်း လောက်ပဲလုပ်တဲ့ နေရာတွေမှာ စားနပ်ရိက္ခာ ရှားပါးတာတွေ တွေ့ရပါတယ်။ မြန်မာနိုင်ငံ ကတော့ အဲဒါနဲ့မတူပါဘူး။ အဲဒီတော့ နိုင်ငံတွေမှာ အားနည်းချက်တွေ၊ အားသာချက်တွေ ဒါမျိုးတွေ တစ်ကမ္ဘာလုံးကို၊ နိုင်ငံတော်တော်များကို သွားတဲ့အခါမှာ ယှဉ်လျက်၊ ယှဉ်လျက် ကျွန်မ လေ့လာတွေ့ရှိရပါတယ်။

အဲဒီတော့ အခုလည်း ဒီတိုးတက်လာတဲ့ နိုင်ငံကြီးမှာ ဘိုးတော်ဘုရားလက်ထက်က အရိုးအိုးကြီးကို၊ ဒါမှမဟုတ် ဘိုးတော်ဘုရားလက်ထက်က အရိုးကြီးကို သယ်ပြီးတော့ ဘာလုပ်ရမှာတုန်း။ ဒီမှာ ရှိနေတဲ့ ပစ္စည်းတွေတောင် တကယ်ဂရုတစိုက်လုပ်နိုင်တာလည်း မဟုတ်ဘဲနဲ့လို့ အဲဒီလို အပြစ်ရှာပြီး ပြောရင်လည်း ရပါတယ်။ သို့သော်လည်း ဒီမိုကရေစီမှာ ဆန့်ကျင်ဘက်အမြင်တွေကိုလည်း လက်သင့်ခံနိုင်ရမယ်လို့ ခဏခဏပြောသံ အားလုံးကြားဖူး နေတာဖြစ်ပါတယ်။ အခုလည်း သယ်တာကို ထောက်ခံမယ့်သူရှိသလို ကန့်ကွက်တဲ့လူလည်း ရှိနိုင်ပါတယ်။ ကန့်ကွက်မယ့်လူက သူ့အမျိုးပင်တော်သူဖြစ်စေ၊ ဒါဟာ နိုင်ငံတော်ရဲ့သမိုင်းဝင်၊ ကမ္ဘာ့သမိုင်းဝင်၊ ကမ္ဘာ့သမိုင်းဝင်လို့ ကျွန်မပြောတာက မြန်မာနိုင်ငံကို ကိုလိုနီတွေက ဘယ်အချိန်မှာသိမ်းပိုက်ပြီးတော့ ဘယ်အချိန်မှာ မြန်မာနိုင်ငံလွတ်လပ်ရေးရခဲ့တယ်ဆိုတာ အခုဆိုရင်ကမ္ဘာ့နိုင်ငံအသီးသီးလည်း အတော်လေး သိနေပါပြီ။ အဲဒီတော့ ကမ္ဘာ့သမိုင်းဝင် ဘုရင်တစ်ပါးရဲ့ ဒါ အထင်ကရ သမိုင်း အမွေအနှစ်တစ်ခုလို့ ကျွန်မကယူဆပါတယ်။ ဘယ် တစ်ဦး တစ်ယောက်ကမှ မပိုင်သလို၊ ဘယ်တစ်ဦးတစ်ယောက်ကမှလည်း တစ်ဦးတည်း ဆုံးဖြတ်ချက်နဲ့ ဆောင်ရွက်မယ့်ဟာ မဟုတ်ပါဘူး။

ဒီဟာကတော့ General Will သဘောမျိုးနဲ့ အများနဲ့ ဆုံးဖြတ်ပြီးတဲ့ အခါကျတော့ Personal Will မလုပ်ဘဲနဲ့ နိုင်ငံတော်နဲ့ ပတ်သက်တဲ့ အများရဲ့ သမိုင်းဝင်ပုဂ္ဂိုလ်ဖြစ်တဲ့ အတွက် Intrest Group က ဒါကတော့ တစ်ယောက်ထဲ တင်တာ ဖြစ်တဲ့အတွက် အင်မတန် စိတ်ဝင်စားတဲ့ သုတေသီပုဂ္ဂိုလ်က တင်ထားတာဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ ပြောရေးဆိုခွင့် ရှိသူတွေက ပြောဆိုတင်ပြပြီးတော့ အများဆန္ဒနဲ့ ဆုံးဖြတ်ရမယ့်ကိစ္စ ဖြစ်ပါတယ်။ ကိုယ့်အဖေ အရိုးကိုတော့ သယ်ချင်ရင်သယ်၊ မသယ်ချင်ရင်လည်း ရတယ်။ ဒါက နိုင်ငံရဲ့သမိုင်းဝင် နောက်ဆုံးမင်းဆက် သူတစ်ပါးရဲ့နိုင်ငံကို ဖမ်းဆီးခေါ်ဆောင်ပြီး သူတစ်ပါးမြေမှာတင်

နတ်ရွာစံခဲ့ပြီး ရှင်ဘုရင်တစ်ပါးနဲ့တန်အောင်ဘာမှ မင်းခမ်းမင်းနား မလုပ်ခဲ့ရဘဲနဲ့ သာမန်သင်ကြိုဟ်ခဲ့ရတဲ့ နန်းကျဘုရင် ရဲ့ သမိုင်းသက်သေတစ်ခု ဖြစ်ပါတယ်။

မြန်မာနိုင်ငံတော်က ပြည်သူလူထုအပေါင်းဟာ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာရဲ့ အကျိုးရလာဒ်တွေကို အခုခံစားနေကြရပြီဖြစ်ပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံက ပြည်သူလူထုကြီး လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာရဲ့ အကျိုးရလာဒ်တွေကို ခံစားနေကြရပြီဖြစ်သလို တစ်ခြားတိုင်းတစ်ပါးမှာကွယ်လွန်ပြီး၊ နတ်ရွာစံပြီး အဲဒီမှာတင်ပဲ သာမန်သင်ကြိုဟ်ခဲ့ရတဲ့ သီပေါမင်းနှစ်ပါးရဲ့ အရိုးများဟာလည်း လွတ်လပ်ရေးရသင့်ပြီးတော့ မိမိနိုင်ငံကို ပြန်ပြီး သယ်ဆောင်ခံရသင့်ပြီလို့ ကျွန်မကတော့ အဲဒီလိုပဲ ယုံကြည်ပါတယ်။

လေးစားအပ်ပါသောအမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကတော့ ခဏခဏ ကျွန်မပြောဖူးပါတယ်။ မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံရဲ့ နိုင်ငံသူ၊နိုင်ငံသားတွေ တိုင်းပြည်နဲ့ လူမျိုးကိုချစ်တာမှာ ကွန်ပျူတာရှိတယ်ဆိုလို့ရှိရင်တော့ ငါက အဲဒီကွန်ပျူတာရှေ့မှာပဲ အစမ်းခံရဲတယ်လို့ ကျွန်မအဲဒီလို ခဏခဏ ပြောဖူးပါတယ်။ သူများနိုင်ငံတွေကို သွားတဲ့အခါမှာ သူတို့ရဲ့သမိုင်းဝင်ပုဂ္ဂိုလ်တွေရဲ့ပုံတွေကို အထင်ကရနေရာတွေမှာ သူတို့ချိတ်ဆွဲပြီးတော့ ထားတာ၊ တရိုတသေ အများသူငါ ကြည့်ဖို့ထားတာတွေကို ကျွန်မတွေ့ပါတယ်။

အခု ခရီးစဉ်တစ်လျှောက်မှာလည်း ဘန်ကောက်မှာတင်ကို လေဆိပ်ထဲမှာကို သူတို့တစ်ခါတည်း ရွှေထီးတွေနဲ့၊ ငွေထီးတွေနဲ့ မိုးပြီးတော့ သူတို့ရဲ့ပုဂ္ဂိုလ်တွေကို ပြထားတာ ကျွန်မတွေ့ပါတယ်။ ကျန်တဲ့နိုင်ငံတွေမှာလည်း ဒီလိုပါပဲ။ အဲဒီတော့ ကျွန်မကတော့ ဖြစ်နိုင်လို့ရှိရင် အခုဒီမှာရှိနေတဲ့ ကျွန်မတို့ နိုင်ငံတော်အသစ်ကြီးရဲ့ သမ္မတကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌကြီးများရဲ့ပုံတွေကို တောင်မှပဲ သူများနိုင်ငံတွေလို အထင်ကရနေရာတွေမှာ သမိုင်းဝင်ချိတ်ဆွဲပြီးတော့ ထားတာကို တောင်မှပဲ ကျွန်မ အဲဒါကို အဆို တင်ချင်တဲ့သဘော အစတုန်းက ကျွန်မရှိပါတယ်။ အခုလည်း ရှိပါတယ်။ ဒါ ကျွန်မ အင်မတန်အလေးအနက်ထားတဲ့ တိုင်းပြည်နဲ့ လူမျိုး နောက်တစ်ခါ တိုင်းပြည်အတွက် တကယ်ခေါင်းဆောင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေရဲ့တန်ဖိုးတွေကို ကျွန်မ ဂုဏ်ယူပြီးတော့ အလေးအနက်ထားတဲ့သဘောကို ကျွန်မပြောပြတာပါ။ အစီရင်ခံတာပါ။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ အခု သီပေါမင်းတရားကြီး နဲ့ ပတ်သက်လို့ ကျွန်မတို့က ဒါ အခုဆွေးနွေးပေမယ့် ကျွန်မ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျွန်မ လေ့လာရင်းနဲ့ ခံစားရတဲ့ ခံစားချက်လေးတစ်ခုကို ကြုံကြိုက်တဲ့အခါမှာ တင်ပြခွင့်ပြုပါ။ အဲဒါ ဘာလဲဆိုတော့ ကျွန်မတို့ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အခန်း(၁၅)ခန်းပါပြီးတော့ ပုဒ်မက ၄၅၇ ခုပါတယ်ဆိုတာကို လေ့လာတွေ့ရှိရပါတယ်။

နောက်ပြီးတော့ အခန်း(၁)မှာ နိုင်ငံတော်အခြေခံမူများ အခန်း(၁)၊ ပုဒ်မ ၁ ရဲ့ နိုင်ငံတော်၊ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် နိုင်ငံဖြစ်သည်ဆိုတဲ့ ပြဋ္ဌာန်းချက်ကိုတွေ့တဲ့အခါမှာ ကျွန်မစိတ်ထဲမှာ ဒါ ကျေနပ်သလို၊ ကြည်နူးသလို၊ ဂုဏ်ယူသလို၊ စိတ်လည်းမကောင်း၊ နောက် ကြေကွဲတဲ့ ခံစားချက်တွေ ကျွန်မအမြဲတမ်း အဲဒီဟာလေးကို မြင်တိုင်းကျွန်မရင်ထဲမှာ အဲဒီလို ခံစားရ ပါတယ်။

ဘာပြုလဲဆိုတော့ အရင်တုန်းက ကျွန်မတို့နိုင်ငံရဲ့ အချုပ်အခြာအာဏာရော၊ လွတ်လပ်ရေးရောဟာ သူတစ်ပါးလက်ထဲကို ပါသွားပြီးတော့ ကျွန်မတို့ပြီးခဲ့တဲ့ ဒါ အဘိုး၊ အဘွားတွေဟာ ဘယ်လိုများ သူတစ်ပါးရဲ့ လက်အောက်မှာ တော်တော်လေး ဆင်းဆင်းရဲရဲ၊ ကျပ်ကျပ်တည်းတည်းနဲ့ ဒါအနှိပ်စက်ခံ၊ အဖိနှိပ်ခံပြီးတော့ နေခဲ့ရမှာပဲ။ အခုတော့ ငါတို့ နိုင်ငံဟာလွတ်လပ်တဲ့နိုင်ငံဖြစ်ပြီး၊အချုပ်အခြာအာဏာကိုရပြီး အဲဒီတော့အင်မတန်တန်ဖိုးရှိတဲ့ ဘိုးဘွားတွေရဲ့ အသွေးတွေ၊ အသက်တွေ၊ ရှိရှိသမျှသော စွန့်လွှတ်ခြင်းတွေနဲ့ ရယူပိုင်ဆိုင်ပေးခဲ့တဲ့ ဒီ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ငါတို့ အခု ပိုင်လို့ ငါတို့ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတွေထဲမှာ နိုင်ငံသည်လွတ်လပ်၍ အချုပ်အခြာအာဏာနဲ့ လွတ်လပ်သော နိုင်ငံ ဆိုပြီးတဲ့အခါကျတော့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေ(၁)မှာ အင်မတန်ထိပ်ဆုံး ကနေပြီးတော့ မွန်မွန်မြတ်မြတ် ပြဋ္ဌာန်းခွင့် ရှိတယ်ဆိုပြီးတော့ ကျွန်မက ဂုဏ်ယူပါတယ်။

အဲဒီတော့ ကျွန်မတို့ ဒီလွတ်လပ်ရေးရတာကို ကျွန်မတို့က သိပ်တန်ဖိုးထားသလို၊ လွတ်လပ်ရေးဆုံးရှုံးခဲ့တာဟာလည်း ကျွန်မတို့သမိုင်းမှာ မမေ့နိုင်တဲ့ အဖြစ်ကြီး တစ်ခု ဖြစ်ပါတယ်။ ကျွန်မ အမှန်ကတော့ အဆိုရှင်တင်စကပဲ ကျွန်မက ကျွန်မတို့ ကုန်းဘောင်ဇာတ်နဲ့ ပတ်သက်သမျှတွေကို အကုန်လုံး ကျွန်မလေ့လာပြီးတော့ အဲဒါတွေထဲကနေပြီးတော့ ကျွန်မ

စိတ်ဝင်စားတာတွေကိုတော့ ကျွန်မ လွှတ်တော်ထဲမှာ အချိန်အတိုင်းအတာတစ်ခုထိ ယူပြီးတော့ ကျွန်မ ဒါကို ပြောပြဖို့၊ တင်ပြဖို့၊ ကျွန်မ အစီအစဉ်လုပ်ထားပါတယ်။

သို့သော်လည်း ဒါတွေက အခုပြောသွားတဲ့လူတွေရော၊ တင်ပြသွားတဲ့ လူတွေရော အများကြီးဖြစ်ပြီဆိုတော့ ရင်နာစရာကောင်းတဲ့ အဖြစ်တွေကို ကျွန်မက သိပ်ပြီးတော့ အများကြီး မပြောတော့ပါဘူး။ အဲဒီတော့ ကျွန်မတို့နိုင်ငံရဲ့ လွတ်လပ်ရေး မဆုံးရှုံးမီ ဒါအထက် မြန်မာနိုင်ငံမှာ ဒါကတော့ မြန်မာနိုင်ငံတော်လို့ပဲ ပြောပြီးတော့၊ မြန်မာနိုင်ငံတော်ရဲ့ နောက်ဆုံးနိုင်ငံကို အုပ်ချုပ်သွားသော ကုန်းဘောင်မင်း (ဆယ့်တစ်ဆက်) နောက်ဆုံးမင်း ဖြစ်တဲ့ သီပေါမင်းတရားနဲ့၊ သီပေါမင်းတရားကြီးရဲ့ မိဖုရားငယ်နဲ့ စုဖုရားလေးရဲ့ အရိုးအိုးများကို ကျွန်မတို့က အခုဒါ မြန်မာရဲ့နိုင်ငံရေးအခြေအနေ၊ အာဆီယံက လူမှုရေးနဲ့ ယဉ်ကျေးမှု အသိုက်အဝိုင်းရဲ့ အနှစ်သာရတွေ၊ ဦးတည်ချက်တွေ၊ နောက်တစ်ခါ အစောကပြောတဲ့ ကမ္ဘာက လောလောဆယ်မှာ အကုန်လုံးကိုလည်းပဲ လက်ခံနေပြီဖြစ်တဲ့၊ ရိုးရာဓလေ့တွေနဲ့ ရှေးဟောင်း အမွေအနှစ် ဖော်ထုတ်နေတာတွေ အကုန်လုံးရဲ့ အခြေအနေအရပဲ၊ နောက်တစ်ခါကျတော့ နိုင်ငံတကာကလည်း မိမိနိုင်ငံရဲ့ ရှေးဟောင်း အမွေအနှစ်ကို မြတ်နိုးတန်ဖိုးထားနေကြတာတွေ အားလုံးကို ထောက်ချင့်ပြီးတော့ ကျွန်မတို့ကလည်း ကျွန်မတို့နိုင်ငံကြီး လွတ်လပ်ရေးရပြီးလည်း ဖြစ်တဲ့အတွက်ကြောင့်မို့လို့ တိုင်းတစ်ပါးမှာ ရောက်နေတဲ့ ကျွန်မတို့ရဲ့ ဒါဟာ ကျွန်မက ပဒေသရာဇ်ကို အားပေးတာ မဟုတ်ပါဘူး။ သို့သော်လည်း ကျွန်မတို့နိုင်ငံကို ထီးနန်းစိုးမိုး အုပ်ချုပ်သွားတဲ့ နောက်ဆုံးဘုရင် တစ်ပါးရဲ့ ဒီအမွေအနှစ်ဖြစ်တဲ့ ရှေးဟောင်းအမွေအနှစ် ဖြစ်တဲ့ အရိုးတွေကို ပြန်လည် သယ်ဆောင်ဖို့ အဆိုရှင်ရဲ့အဆိုကို ကျွန်မက ရာနှုန်းပြည့် အလေးအနက် ထောက်ခံကြောင်း တင်ပြဆွေးနွေးရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

အချိန်၊ ၁၃း၁၉။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း ဆွေးနွေးနိုင်ပါပြီ။

အချိန်၊ ၁၃း၁၉။

ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စု အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊

ကိုယ်စားလှယ်များအားလုံး စိတ္တသုခ၊ ကာယသုခ သုခအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းများတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းဆွေ ရဲ့ အိန္ဒိယပြည် ရတနာဂီရိမြို့ရှိ နတ်ရွာစံ သီပေါမင်းတရားကြီးနှင့် မိဖုရားတို့ ရုပ်အလောင်းများမှ အရိုးများကို မြန်မာပြည်သို့ ပြန်လည်သယ်ဆောင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အကြံပြုဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေနန်းသုံးဝေါဟာရ အဘိဓာန်မှာ တိုင်းပြည်အုပ်ချုပ်မင်းလုပ်နေစဉ် ဘုရင်မင်းမြတ် ဘဝပြောင်းတာကို နတ်ပြည်စံတယ်လို့ သုံးနှုန်းပါတယ်။ နန်းကျဘုရင်မိဖုရားခေါင်ကြီးနဲ့ ဘုရင့်မယ်တော် မိဖုရားကြီးရဲ့ မယ်တော်များ ဘဝပြောင်းတာကိုတော့ နတ်ရွာစံ တယ်လို့ သုံးနှုန်းပါတယ်။ အိမ်ရှေ့မင်း၊ ဘုရင့်သားတော်၊ သမီးတော်များ ဘဝပြောင်းတာကိုတော့ ကံတော်ကုန်တယ်လို့ သုံးပါတယ်။ အလားတူပဲ ဘုရင့်မြေးများ၊ အိမ်ရှေ့မင်းမြေးများ၊ မိဖုရားများနဲ့ စော်ဘွားများ ဘဝပြောင်းတာကိုတော့ ကံကုန်တယ်လို့ သုံးနှုန်းကြောင်း ရွှေနန်းသုံး ဝေါဟာရအဘိဓာန်မှာ ဖော်ပြထားပါတယ်။

ယခု ကုန်းဘောင်မင်းဆက် (၁၁)ဆက် သီပေါမင်းဟာတော့ ပဉ္စမသင်္ဂီယနာတင်မင်းတုန်းမင်းတရားကြီးနဲ့ လောင်းရှည်မိဖုရားတို့ရဲ့ တတိယမြောက် သားတော် ဖြစ်ပါတယ်။ ငယ်စဉ်က ပင်းယမြို့ကို စားခဲ့ရပါတယ်။ လောင်းရှည်မိဖုရားကြီးရဲ့ ဖခင်ဟာ မင်းတုန်းမင်းကြီးရဲ့ ဘထွေးတော် ရွှန်းတောက်မြို့စား မိုးနဲ့ဗိုလ်မှူးမင်းသား ဖြစ်ပြီးတော့၊ မိခင်ကတော့ မိမိနှောင့် ဖြစ်ပါတယ်။ ရွှန်းတောက်မြို့စားဟာ သီပေါစော်ဘွားကြီး စောမြတ်စန္ဒီ ရဲ့ မြေး တော်စပ်ပါတယ်။ အလားတူ လောင်းရှည်မိဖုရားရဲ့ မယ်တော် မိမိနှောင့် ဟာလည်း ဟံသာဝတီပြည့်ရှင် ဆင်ကျားရှင်မင်းရဲ့ မြစ်တော်စပ်တဲ့အတွက် သီပေါမင်းဟာ ဖခင်ဘက်က ဗမာသွေး၊ မိခင်ဘက်က မွန်နဲ့ ရှမ်းတိုင်းရင်းသား သွေးများ ပါဝင်ကြောင်းကို ဦးစွာ တင်ပြလိုပါတယ်။

ကုန်းဘောင်ခေတ်နှောင်း လူမျိုးခြား ပညာရှင်များဖြစ်ကြတဲ့ ဟာဘေး၊ ပါမောက္ခ တေဇိုင်း၊ ပေါဂီဒန် ၊ အီးစီဗွီ ဖူးကာ၊ အိတ်ဘီတီ ဟောလ်၊ ဒေါ်လ်သီဟူမန်း၊ ဟယ်လင်ထွိကာ နဲ့ ဆားကစ်ဟန်၊ ဗိုလ်မှူးချုပ် ဂျော့ဟွိုက် စသည်တို့ဟာ ဗြိတိသျှနယ်ချဲ့စနစ်ကို ကိုယ်စားပြုခဲ့ကြပါတယ်။ ဒီပညာရှင် အများစုနဲ့ နယ်ချဲ့အလိုတော်ကြီးများဟာ ကိုယ့်မင်းကိုယ်ချင်း လွတ်လွတ်လပ်လပ်နေထိုင်ခဲ့ကြတဲ့ မြန်မာလူမျိုးများ၊ ဗြိတိသျှလက်အောက်ခံ ကျွန်သပေါက်ဘဝမှာ

နစ်မျှောသာယာစေလိုတဲ့ စေတနာဆိုးများဖြင့် ကုန်းဘောင်မင်းဆက်ဝင် ဘုရင်များဟာ အရူးများ ဖြစ်ကြောင်း၊ မြန်မာမင်း အုပ်ချုပ်ပုံ ညံ့ဖျင်းကြောင်း၊ ရက်စက်လွန်းကြောင်း၊ သီပေါမင်းဟာ တရားမဝင်သား ယစ်ထုပ်ကြီး ဖြစ်ကြောင်း၊ အလားတူ မိဖုရားကြီးဟာလည်း သွေးဆာနေသူ၊ နေရာတကာ ဝင်စွက်ဖက်သူလို့ ချီးနှိမ်ရေးသား ဝါဒဖြန့် ခဲ့ကြပါတယ်။

ပါတော်မူကာလဝန်းကျင်ရဲ့အကြောင်းကို ရေးသားခဲ့ကြရတဲ့ နိုင်ငံခြားသားတွေ ဒီအရေးအသားကို ဖတ်ရတဲ့ အင်္ဂလိပ်စာတတ် မြန်မာတွေကလည်း သူတို့ရေးသမျှ အားလုံးနီးနီးကို လက်ခံယုံကြည်ခဲ့ကြပါတယ်။ ဒါကြောင့် မင်းနဲ့ မိဖုရား သိက္ခာကျချင်တိုင်းကျပြီး ပြည်သူလူထုက စက်ဆုပ်ရွံရှာနေအောင် ဝိုင်းဝန်းပြီးတော့ ဝါဒဖြန့်ခဲ့ကြပါတယ်။ နယ်ချဲ့အင်္ဂလိပ်များကို ရရာလက်နက်စွဲကိုင်ပြီး တော်လှန်ခဲ့ကြတဲ့ မြန်မာမျိုးချစ်ပုဂ္ဂိုလ်များကို လူဆိုး၊ ဓါးပြများသာ ဖြစ်ကြောင်း ချီးနှိမ်ရေးသားခဲ့ကြရပါတယ်။

အချုပ်အခြာအာဏာအတွက် အသက်ကို ပေးလျှူသွားကြရရုံမျှမက ခေတ်သစ်ပြောက်ကျား စစ်ရည်၊ သေနင်္ဂဗျူဟာ သဘောတရားကို သိစိတ်မရှိဘဲနဲ့ ဖြည့်ဆည်းပေးသွားခဲ့ကြတဲ့ အာဇာနည်အထောင်၊ အသောင်းတို့ရဲ့ ဂုဏ်ကျေးဇူးကိုလည်း အောင့်မေ့သတိရရမှာ ဖြစ်ပါတယ်။ အလားတူ နှောင်းခေတ်လူတို့ဟာ ရှေးခေတ်သမိုင်းဝင်ပုဂ္ဂိုလ်ကြီးတွေကို အကဲဖြတ်တဲ့အခါမှာ အဲဒီခေတ်ရဲ့ ယေဘုယျအခြေအနေ၊ အယူအဆတို့ကို ထည့်သွင်းသုံးသပ်ခြင်းမပြုဘဲ အကဲဖြတ်တဲ့အတွက်ကြောင့် တစ်ဖက်သတ် ဝေဖန်ပြောဆိုတဲ့ အနေအထားကို ရောက်ရှိလာကြပါတယ်။ ဒီအချက်နဲ့ပတ်သက်ပြီး အိန္ဒိယဝန်ကြီးချုပ် ရှယ်ရီဝါလာနေရူး က သမီးဖြစ်တဲ့သူ အင်ဒီယာဂန္ဒီကို ပေးပို့တဲ့ စာတစ်စောင်မှာ သမိုင်းဘာသာရပ်ကို သမီးစိတ်ဝင်စားရင် သမိုင်းဘာသာရပ်ရဲ့ နှစ်သက်စွဲလမ်းစရာတွေ တွေ့ရင် ရှုပ်ထွေးလှတဲ့ ရှေးဖြစ်ရပ်တွေကို ရှင်းရှင်းလင်းလင်း နားလည်သွားအောင် ရေးထားတဲ့ သမိုင်းစာအုပ်တွေကို သမီးကိုယ်တိုင် ရှာဖွေဖတ်ရှုနိုင်တာပဲ။ ဒါပေမဲ့ သမိုင်းစာအုပ်တွေကို ဖတ်ရှုရုံသက်သက်နဲ့တော့ အကျိုးမများပါဘူး။ ရှေးက ဖြစ်ရပ်တွေကို ကောင်းကောင်းနားလည်ချင်ရင် ဒါတွေကို ကိုယ်ချင်းစာစိတ်၊ နားလည်စိတ်နဲ့ ကြည့်တတ်၊ ဖတ်တတ်ရမယ်။ ရှေးခေတ်ပုဂ္ဂိုလ်များအကြောင်း ကောင်းကောင်းနားလည်ချင်ရင် သူ့ ပတ်ဝန်းကျင်၊ သူနေထိုင်ကြီးပြင်းခဲ့ရတဲ့ သူ့ဘဝ၊ သူ့ရဲ့ သဘောတရား အယူအဆပါ ပေါင်းစပ်လေ့လာရမှာပေါ့။

ရှေးခေတ်ပုဂ္ဂိုလ်တွေက အခုအထိ အသက်ထင်ရှားရှိနေပြီး ဖေဖေတို့လိုပဲ အတွေးအခေါ်ရှိကြတယ်လို့ ကြိုတင်ဆုံးဖြတ်ထားရင် ဘယ်မှာ ယထာဘူတ ကျမှာလဲ သမီးရယ်၊ ဖေဖေတို့ခေတ်မှာ ကျေးကျွန်စနစ်ကို ကောင်းပါတယ်လို့ ပြောမယ့်သူ မရှိတော့ပါဘူး။ ဒါပေမဲ့ ပလေတို ဆိုတဲ့ပုဂ္ဂိုလ်ကြီးကတော့ ကျေးကျွန်စနစ်ဟာ ရှိအပ်တယ်လို့ ယူဆခဲ့ဖူးပါတယ်။ သိပ်တောင် မကြာသေးပါဘူး။ အမေရိကန်ပြည်ထောင်စုမှာဆိုရင် ဒီကျေးကျွန်စနစ်ကြီး တည်မြဲဖို့အတွက် လူ့အသက်ပေါင်း ထောင်ပေါင်းများစွာ စွန့်လွှတ်ခဲ့ရတယ်။ ပြီးခဲ့တဲ့ခေတ်ကို လက်ရှိအခြေအနေနဲ့ ဝေဖန်ဆုံးဖြတ်လို့ မဖြစ်ပါဘူး သမီးရယ် လို့ ရေးသားထားခဲ့ဖူးပါတယ်။

သမိုင်းဆိုတာ လူတွေရဲ့ လုပ်ဆောင်ချက် စွမ်းရည်နဲ့ ဖွဲ့ယှက်တည်ဆောက်ထားခြင်းသာ ဖြစ်ပါတယ်။ သမိုင်းဝင်ပုဂ္ဂိုလ်များကို မေတ္တာအရင်းခံထားပြီး ရှုမြင်သုံးသပ်တဲ့ အိန္ဒိယဝန်ကြီးချုပ်ရဲ့ အဆိုအမိန့်ကို၊ မေတ္တာတရားကို အလေးအနက် တန်ဖိုးထားကြတဲ့ ပုဂ္ဂိုလ်မှန်သမျှ နှစ်သက်လက်ခံကြမယ်လို့ ယုံကြည်မိပါတယ်။

သီပေါမင်း ကွယ်လွန်ပုံနဲ့ ပတ်သက်ပြီး အင်္ဂလိပ်မှတ်တမ်းဆရာ အီးစီဗွီ ဖူကာ ကရွှေမန္တလေးဆိုတဲ့ မှတ်တမ်းစာအုပ်မှာ ရေးသားခဲ့ပါတယ်။ မင်းနေပြည်တော် ရွှေမြို့တော်ကြီးသည် အပြောင်းအလဲ များစွာကို ကြုံရသည်။ ခေတ်ဟောင်းသည် ပျောက်ကွယ်ခဲ့လေပြီ။ အရာဝတ္ထုတို့၏ ပုံစံ၊ ဇယားသစ်တွင် မိမိအတွက်နေရာမရှိတော့သည်ကို သဘောပေါက်သည့် အလျောက် ဘဝသည်လည်း နေပျော်ခြင်းမရှိတော့ ဆိုသည့်အချက်ကို ဆင်ဖြူအရှင်သခင် သိမြင်ခဲ့လေပြီ။ မိမိသည် မိမိ၏ ရွှေနန်းတော်ကြီးကိုလည်းကောင်း၊ မိမိ၏ ရွှေပုဂံတို့ကို လည်းကောင်း မျှော်လင့်တောင့်တ၍ မရနိုင်တော့ပြီ။ မိမိ၏ ထီးဖြူတော်များနှင့် မိမိ၏ ဂုဏ်ကျက်သရေကို ဆောင်သော ဘွဲ့မည်တို့သည်လည်း ကြည်နူးအောင့်မေ့ သတိရဖွယ်တို့ အဖြစ်သာ ကျန်ခဲ့လေပြီ။ မိမိသည် တပ်ထောက်ရုံးမှ လားတစ်ကောင်ကဲ့သို့ ခွဲတမ်းချသမျှကိုသာ ခံစားရပေတော့မည်။ မိမိအဖို့လည်း လဲလျောင်းပြီး နတ်ရွာစံ ရုံမှအပ အခြားနည်းလမ်း မရှိတော့ပြီကို သိသည့်အလျောက် သီပေါသည် ထိုသို့ပင် နတ်ရွာစံခဲ့လေပြီ။ သူတို့သည် သီပေါမင်းကို ရှက်ဖွယ်ကောင်းသော စျာပန အခမ်းအနားဖြင့် သင်္ဂြိုဟ်ခဲ့ကြသည်။ စျာပန စီတန်းလှည့်လည်ပွဲမရှိ၊ အလောင်းတော်ကိုတင်ပြီး ခမ်းနားသောရထားမရှိ၊ သူ့စျာပနသီချင်းကို တီးခတ်သည့် စည်၊ မောင်းမရှိ၊ ယဂင်းမရှိ။ ထိုအစား ဟန့်ရှားရားတပ်ရင်းမှ အလုပ်ကြမ်း လုပ်နေရသည့် တပ်သားများနှင့် ကူလီ အချို့ကသာ အလောင်းတော်ကို မြို့၏ ဖုန်ထူသော

လမ်းမများတစ်လျှောက် မြို့ပြင်သို့ သယ်ဆောင်လာခဲ့ကြသည်လို့ မှတ်တမ်းတင် ထားတာကို ကြည့်ခြင်းအားဖြင့် သီပေါဘုရင်ဟာ မဖွယ်မရာ အလုပ်ခံရတယ် ဆိုတာဟာ ထင်ရှားပါတယ်။

အထူးသဖြင့် သီပေါမင်းရဲ့ အုတ်ဂူမှာရေးသားထားတဲ့ He Die ဆိုတဲ့ အသုံးအနှုန်း များဟာ သာမန်လူတွေကို သုံးတာ ဖြစ်ပါတယ်။ တကယ်ဆိုရင် Expire ဖြစ်တယ်၊ Passway ဖြစ်တယ်ဆိုတဲ့၊ ယဉ်ကျေးတဲ့ အသုံးအနှုန်း များစွာ ရှိပါလျက် သီပေါမင်းတရားနဲ့ ဒီ မိသားစုဟာ၊ တော်ဝင်မိသားစုဟာ မဖွယ်မရာ လုပ်ခြင်းကို ခံခဲ့ရကြောင်း အထင်အရှား တွေ့ရမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရှေ့က ကိုယ်စားလှယ်အများစုကလည်း ကိုယ့်အရှင်၊ ကိုယ့်သခင်ကို ချစ်တဲ့စိတ်၊ အမျိုးသားရေးကို ချစ်တဲ့စိတ်နဲ့ အကြံပြုထောက်ခံတင်ပြသွားတာကို ကြားရတဲ့ အတွက် အများကြီး ဝမ်းသာမိပါတယ်။

သို့ဖြစ်ပါ၍ သင့်လျှော်သောအချိန်မှာ ပြည်ထောင်စုအစိုးရက ပြန်လည် သယ်ဆောင်ခွင့် ပြုနိုင်ဖို့အတွက် အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၃း၂၈။

ဥက္ကဋ္ဌ။ ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး ဆွေးနွေးနိုင်ပါပြီ။

အချိန်၊ ၁၃း၂၈။

ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ဧည့်သည် တော်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကိုယ်စားလှယ်တော်ကြီးများကို ဒီနေရာက ကျွန်တော် ဂါရဝပြုရင်း နှုတ်ဆက်ရပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင် ဖြစ်ပါတယ်။

ရတနာပုံနေပြည်တော် ဒုတိယနန်းစံ သီပေါဘုရင်မင်းတရားကြီး အများသိပြီးဖြစ်တဲ့ ဓာတ်ပြားဟောင်းကြီးကို ဖွင့်ချင်လို့တော့ မဟုတ်ပါဘူး။ ဦးသန်းဆွေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)ရဲ့ သီပေါမင်းတရားကြီးနဲ့ မိဖုရားတို့ရဲ့ ရုပ်အလောင်းများမှ အရိုးများကို မြန်မာနိုင်ငံသို့ ပြန်လည်သယ်ဆောင်မယ်ဆိုတဲ့အဆိုကို ဝမ်းသာအားရစွာနဲ့ ထောက်ခံချင်တဲ့ အတွက် ကျွန်တော် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ပဒေသရာဇ်စနစ်ရဲ့ အမွေဟောင်းကြီးကို ပြန်လည်ဆွဲထုတ်ဖို့ ကျွန်တော်တို့ ကြိုးစားနေတာလည်း မဟုတ်ပါဘူး။ ထီးရနံ့၊ နန်းရနံ့သင်းတဲ့ စာရေးဆရာ ဦးသန်းဆွေ (ထားဝယ်)ရဲ့ စေတနာနဲ့ သီပေါဘုရင်ရဲ့ ဝေဒနာတွေကို ထပ်တူထပ်မျှ ခံစားရင်းနဲ့ ကျွန်တော် ဆွေးနွေးဖို့ ဖြစ်ပါတယ်။ ဦးသန်းဆွေရဲ့ နာမည်ကြီးတဲ့ ရှင်းတမ်းတွေ၊ စာအုပ်တွေကြောင့် ကျွန်တော်ရဲ့ အရင်က ရှိခဲ့တဲ့ အမှတ်မှား၊ အယူမှားတွေဟာ ပျောက်ကွယ်ခဲ့ရတာ ဖြစ်ပါတယ်။ ဒါကြောင့် ဆရာကိုလည်း ကျေးဇူးတင်ပါတယ်။

နယ်ချဲ့တွေ၊ ကိုလိုနီဝါဒသမားတွေဟာ လိုရာဆွဲပြီးရေးထားခဲ့တဲ့ စာအရေးအသားတွေ ကြောင့် သမိုင်းအချက်အလက်တချို့ဟာ အမှန်တရားနဲ့ ကင်းကွာပြီးတော့ လုံးဝ မကိုက်ညီကြောင်း ဖြစ်နေတယ်ဆိုတာကို တွေ့ရှိခဲ့ရပါတယ်။ သီပေါဘုရင်ကို ပလွင်က ဆွဲချပြီးတော့ သူ့နိုင်ငံတော်ကြီးကို သိမ်းပိုက်ရုံမကသေးဘဲ နိုင်ငံရပ်ခြားကို ပို့ဆောင်ပြီးတော့ တစ်သီးတစ်သန့် အကျယ်ချုပ် ချုပ်ထားတဲ့ဥစ္စာဟာ ဒီ တခြားအကြောင်းကြောင့် မဟုတ်ပါဘူး။ ပြိတိသျှတွေက မြန်မာတွေရဲ့ သူ့ကျွန် မခံချင်တဲ့ စိတ်ဓာတ်ကို ဖျောက်ဖျက်ချင်တဲ့စိတ်နဲ့ ဒီမြန်မာဘုရင်တွေရဲ့ လက်စလက်နဲ့ လုံးဝမကျန်ရစ်အောင် အပျောက်၊ အပြီးအငြိမ်း ချေမှုန်းချင်တဲ့ စိတ်နဲ့ လုပ်ထားခဲ့တာဆိုတာကို ကျွန်တော်တို့ တွေ့ရမှာ ဖြစ်ပါတယ်။ ပြိတိသျှတွေ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးတဲ့တိုင်အောင်တောင်မှ မြန်မာတွေဟာ ခေါင်းငုံ့မခံဘဲနဲ့ တောက်လျှောက် တော်လှန်နေခဲ့ကြတာ ဖြစ်ပါတယ်။

ကျွန်တော်ဟာ ဒီ သီပေါဘုရင်ကို ဘာဖြစ်လို့ ဒီလောက်စိတ်ဝင်စားရသလဲ ဆိုလို့ရှိရင် ကျွန်တော် ငယ်ငယ်တုန်းက စာဖတ်တတ်ခါစအချိန်မှာ အိမ်မှာရှိတဲ့ စာအုပ်စင်ပေါ်က စာရေးဆရာမ ဒေါ်ဒဂုန်ခင်ခင်လေး ရဲ့ (စာဆိုတော်)ဆိုတဲ့ ဝတ္ထုကို စပြီးတော့ ဖတ်မိပါတယ်။ အဲဒီစာအုပ်ကို ဖတ်မိတာနဲ့ တစ်ပြိုင်နက် ဝတ္ထုစာအုပ် တစ်ခါမှ မဖတ်ဖူးတဲ့သူက တစ်ခါတည်း လက်က မချနိုင်ဘဲနဲ့ အဲဒီစာအုပ်နဲ့ကျွန်တော် အကျွမ်းဝင်ခဲ့ရပါတယ်။ အဲဒါနဲ့ပဲ ဒီမန္တလေးခေတ် စာအုပ်ထဲမှာပါတဲ့ ဇာတ်ဆောင်တွေဖြစ်တဲ့ သီပေါမင်း၊ ရနောင်မင်းသား၊ နန်းမတော် မယ်နု စသည်အားဖြင့် ဒီဇာတ်လမ်းတွေကို ခြယ်မှုန်းပြီးတော့ ရေးထားတဲ့ အဲဒီဇာတ်လမ်းထဲမှာပဲ ကျွန်တော် နစ်မျှောပြီးတော့မှ နောက်ထပ် နောက်ထပ်ထပ်ပြီးတော့ သိချင်တဲ့စိတ်ဟာ အများကြီး ပေါ်ပေါက်နေခဲ့ပါတယ်။

တစ်ချိန်တစ်ခါမှာတော့ ကျွန်တော်ဟာ အသက်မွေး ဝမ်းကျောင်းအလုပ်အနေနဲ့ ဧည့်လမ်းညွှန်ဘဝ လုပ်တဲ့အခါမှာ ဧည့်သည်တွေကို မန္တလေး နန်းတွင်းကို ခဏ၊ ခဏ ခေါ်ပြီးတော့ ပြသရပါတယ်။ ရှင်းလင်းခဲ့ရတယ်။ အဲဒီအချိန်တုန်းက ၁၉၇၀ ကျော် စ၀ ပတ်ဝန်းကျင် အချိန်က မန္တလေးနန်းတွင်းဟာ အင်္ဂလိပ်တွေ ဗုန်းကျဲထားလို့ လောင်ကျွမ်းနေတဲ့ နန်းတော်တိုင်ရိုးတွေ အရိုးကျဲကျဲနဲ့ရှိတဲ့ အဲဒီနန်းရင်ပြင်ကိုပြပြီးတော့မှ ကျွန်တော်တို့ အဲဒီဇာတ်လမ်းကို ခင်းခဲ့ရတာပါ။ စာရေးဆရာမ ဒေါ်ဒဂုန်ခင်ခင်လေးရဲ့ ကျေးဇူးကြောင့် မန္တလေးဇာတ်လမ်းတွေ ကို ကျွန်တော်တို့ ပြောပြနိုင်ခဲ့ ပါတယ်။ တစ်ချိန်တည်းမှာပဲ ဒီနန်းတွင်းထဲမှာ ဖြစ်ပျက်ခဲ့တဲ့ ဇာတ်လမ်းတွေကို ပြောပြရင်းနဲ့ ကျွန်တော်တို့ဟာ ရင်နာခဲ့ရပါတယ်။

နောက်တစ်ခါ နိုင်ငံခြားသားတွေက ကျွန်တော့်ကို ပြန်ပြန်ပြီးတော့ ပြောတတ်ပါတယ်။ မင်း ဖတ်ဖူးလားတဲ့။ ဂရပ်ပဲလစ် ဆိုတဲ့ စာအုပ်ကို။ အမီတာဂို့စ် ရေးတဲ့ စာအုပ်ဟာ ဒီသီပေါဘုရင် ဇာတ်လမ်းကို အစကနေ၊ အဆုံးအထိ ဘယ်လိုဖြစ်ပျက်ခဲ့တယ်ဆိုတာကို ဇာတ်လမ်းဆင်ပြီး ရေးထားတာ တော်တော့်ကို ကောင်းတယ်ကွာလို့ ပြောတော့၊ ကျွန်တော် အိန္ဒိယကိုရောက်တဲ့ အခါမှာ ကမန်းကတမ်း အဲဒီစာအုပ်ကို ဝယ်၊ ဝယ်ပြီးတော့ အပြီးဖတ်ပစ်လိုက်ပါတယ်။ အင်မတန်မှပဲ ရင်နာစရာ ကောင်းပါတယ်။ ကျွန်တော်တို့ သိထားတာထက်ကို ပိုပြီးတော့မှ သူတို့က ရေးထားတာကို တွေ့ရှိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီသီပေါဘုရင်မင်းမြတ်ဟာ ဘုရင်တစ်ပါး အနေနဲ့သာမဟုတ်ဘူး။ ကျွန်တော်တို့ နိုင်ငံရဲ့ ပြယုဂ်၊ မြန်မာနိုင်ငံရဲ့ ထီးနန်း၊ မြန်မာနိုင်ငံရဲ့ အရှင်သခင်၊ နောက်ဆုံးဘုရင် အဲဒီပြယုဂ်တစ်ခုဟာ အိန္ဒိယနိုင်ငံမှာ ဒီ သေးသိမ်စွာနဲ့ အဲဒီလိုအုတ်ဂူလေးမှာ စာရေးဆရာတွေရေးထားတဲ့ ပုံစံဆိုလို့ရှိရင် တော်တော်လေး မဖွယ်မရာ ဖြစ်နေတဲ့အနေအထားမှာ ရှိနေပါတယ်။

ကျွန်တော့်သူငယ်ချင်းတစ်ယောက် စာရေးဆရာ ဦးအေးသိန်း ဟာ ကျွန်တော့်လိုပဲ သီပေါဘုရင်ကို စိတ်ဝင်စားပြီးတော့၊ သူ သဘော်ပေါ် လိုက်သွားတော့။ သဘော်သားဘဝနဲ့ ဘုံဘေအထိ အဲဒီ ရတနာဂီရိကို ရောက်အောင်သွားပြီးတော့မှ အန္တယ်တော်တွေ၊ သီပေါဘုရင်ရဲ့ မြေး၊ သွေးနှောထားတဲ့ တုတ်တုတ်ဆိုတဲ့ အမျိုးသမီးကို သွားတွေ့ပြီးတော့မှ ဇာတ်လမ်းတွေကို စာအုပ်တစ်အုပ် ရေးခဲ့ပါတယ်။ အဲဒီမှာ သူမာတ်ပုံတွေနဲ့တကွ ဒီအုတ်ဂူတွေ ဥစ္စာကို ကမ္ဘည်းစာကအစ ပြောင်းပြန်လုပ်ပြီးတော့ ကပ်ထားတဲ့ဟာတွေ အကုန်ဖတ်မိပါတယ်၊ အဲဒီမှာ။

တော်တော့်ကို စိတ်မကောင်းစရာ ဖြစ်ပါတယ်။ ကျွန်တော့်တို့အနေနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံသူ/နိုင်ငံသားတွေဟာ တာဝန်တစ်ရပ် ရှိနေပါတယ်။ ဒီကိစ္စကို ကျွန်တော်တို့ဟာ မဖြစ်မနေ ဆောင်ရွက်ရမှာပါ။ အန္တယ်တော်တွေဟာ စာအုပ်တစ်အုပ်မှာ ကျွန်တော် ဖတ်မိပါတယ်။ အန္တယ်တော်တွေက အိန္ဒိယကို ရောက်တဲ့အခါမှာ သူတို့ဟာ သီပေါဘုရင် ကွယ်လွန်ပြီးတော့ နှစ်ပေါင်း အနှစ်(၇၇)နှစ် ကြာပြီးမှ ရောက်ခဲ့ပြီးတော့မှ သရဏာဂုံ တင်ခဲ့ ရပါတယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာအရ ဆိုလို့ရှိရင် ဘယ်လောက်များ ရင်နာစရာကောင်း လိုက်ပါမလဲ။ ကျွန်တော်တို့ မိဖုရားကြီး စုဖုရားလတ် ဟာဆိုလို့ရှိရင် ဒီကိစ္စအတွက် သူမှာ ရတတ်မအေးဘဲနဲ့ သူဟာ ကံတော်ကုန်ခဲ့ရပါတယ်။

နောက်တစ်ချက်က ကျွန်တော်ပြောချင်တာက ကျွန်တော်တို့ လူမျိုးတွေမှာ ဒီ နိုင်ငံရဲ့ ပုဂ္ဂိုလ်ကြီးပဲ အခုလက်ရှိကို ကျွန်တော်တို့ ရန်ကုန်မှာ သခ္ဓိုင်းတော်တွေ ရှိပါတယ်။ စုဖုရားလတ်ရဲ့ အုတ်ဂူတော်၊ သခင်ကိုယ်တော်မှိုင်းရဲ့ ဂူ၊ အနားမှာ ဦးသန့်ရဲ့ အုတ်ဂူ စသည်အားဖြင့် ကျွန်တော်တို့ အလေးအမြတ်ထားပြီးတော့ နေရာကောင်းကောင်းတွေမှာ ရွေးပြီးတော့မှ ကျွန်တော်တို့ တည်ဆောက်ထားကြပါတယ်။ သို့ပေမယ့်လို့ ဒီအုတ်ဂူတွေဟာ ဒီအတိုင်းပဲ ရှိနေပြီးတော့ ကျွန်တော့်အိမ်က သားသမီးတွေကအစ သူတို့ကတော့ စာအုပ်တွေ ဖတ်ပြီးတော့ သိတော့သိနေပါတယ်။ ဒီရာဇဝင်ဇာတ်လမ်းတွေကို၊ သို့ပေမယ့်လို့ စုဖုရားလတ်က ဘယ်မှာ သင်ကြိုဟ်ထားသလဲဆိုတာကို လုံးဝ မသိပါဘူး ခင်ဗျား။

နောက်ပြီးတော့ ကျွန်တော်တို့ မျိုးဆက်တွေဟာ ဆိုလို့ရှိရင် ကျွန်တော်တို့ တာဝန်မကျေတာ၊ တစ်ချိန်က ပုဂ္ဂိုလ်ကြီးတွေကို ကျွန်တော်တို့ တလေးတစား သွားပြီးတော့ ဂါရဝပြုတာတို့ ဘာတို့ အစဉ်အလာတွေဟာ တော်တော့်ကို ပျောက်ကွယ်နေခဲ့ကြပါပြီ။ ကျွန်တော်တို့ ပြင်သစ်မှာ သွားတဲ့အခါကျတော့ အဲဒီမှာ သူတို့ရဲ့ ဘက်လာရဲ့ ဆိုတဲ့ သခ္ဓိုင်းဟာ ဥယျာဉ်တမျှ ရှိပြီးတော့ အဲဒီမှာ ပုဂ္ဂိုလ်ကြီးတွေ၊ ပုဂ္ဂိုလ်ကြီးတွေကို ကမ္မည်းတွေနဲ့ ထိုးထားပြီးတော့မှ ဧည့်သည်တွေက လာပြီးတော့၊ ပိုက်ဆံပေးပြီးတော့မှ ဝင်ကြည့်ပြီးတော့ အဲဒီမှာ လမ်းညွှန်တွေနဲ့တကွ ဘယ်သူက ဘယ်နေရာမှာ ဘယ်အုတ်ဂူ၊ ဘယ်သူက ဘာလုပ်ခဲ့တယ်၊ ရာဇဝင်အတ္ထုပ္ပတ္တိတွေကို ပြောပြီးတော့မှ ကျွန်တော်တို့ သွားရောက် လေ့လာနိုင်ပါတယ်။ အဲဒါမျိုးတွေ ကျွန်တော်တို့မှာ ပျက်ကွက်နေတယ်။

နောက်တစ်ခုက ကျွန်တော်တို့မှာ မန္တလေးမှာ ကနောင်မင်းသားကြီး မြှုပ်နှံထားပါတယ်။ မန္တလေး၊ စန္ဒာမုနိ ဘုရားဝင်းကြီးထဲမှာ တိတ်ဆိတ်ငြိမ်သက်စွာနဲ့ စံစားလျက်ရှိနေပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ ထို့နည်းတူပဲ ကျွန်တော်တို့ ဂုဏ်ပြုအပ်တဲ့ ပုဂ္ဂိုလ်ကြီးတွေ၊ ယောမင်းကြီးဦးဘိုးလှိုင်တို့၊ စသည်အားဖြင့် ပုဂ္ဂိုလ်ကြီးတွေဟာ သူတို့ရဲ့ သမိုင်းရုပ်ကြွင်းလေးတွေကျန်ပါသေးတယ်။ ကျွန်တော်တို့ ဖော်ထုတ်ခြင်းအားဖြင့် နောင်လာ နောက်သားတွေကို ကျွန်တော်တို့ ဒီဟာတွေကို စိတ်ဓာတ်အမွေအားဖြင့် ကျွန်တော်တို့ ပေးနိုင်ပါတယ်။ အဲဒီအတွက်ကြောင့် သီပေါဘုရင်ရဲ့ အလောင်းတော်ကို ကျွန်တော်တို့ မဖြစ်မနေသယ်လာပြီးတော့မှ ထိုက်ထိုက်တန်တန် ကျွန်တော်တို့ နေရာတစ်ခုမှာ နေရာပေးပြီး တော့ အထူးသဖြင့်တော့ ခုန ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီး ဦးလှဆွေ ပြောသလို မန္တလေးမှာဆိုရင်လည်း သင့်တော်ပါတယ်။ ဒါပေမယ့် မိဖုရားကြီးကတော့ သူ့နံဘေးမှာပဲ မြှုပ်နှံဖို့ သူဆန္ဒရှိခဲ့ပါတယ်။ ဒါကိုတော့ စဉ်းစားတော်မူကြပါ။ ဘယ်လိုမျှားလုပ်ရင် ကောင်းမလဲ ဆိုတာကို အမျှားဆန္ဒအရ ဒေါ်ခင်ဝိုင်းကြည် ပြောသလိုပဲ အမျှားရဲ့ Will နဲ့ ကျွန်တော်တို့ လုပ်ရင် ကောင်းပါလိမ့်မယ် ထင်ပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော် အိန္ဒိယရောက်တုန်းက ကျွန်တော်တို့ကို လိုက်ပို့ပါတယ်။ သူတို့တွေ နန်းတော်(ရဒ်ဖို့) နန်းတော်ကြီး ကျွန်တော် အဲဒီနန်းတော်ထဲရောက်တဲ့ အခါမှာ ကျွန်တော်ရဲ့ စိတ်ဟာ မဂိုဘုရင်ကိုလည်း ရောက်သွားတယ်။ သီပေါဘုရင်ကို လည်း ကျွန်တော် ရောက်သွားတယ်။ မဂိုဘုရင်က မြန်မာပြည်မှာ၊ သူရဲ့ သခ္ဓိုင်းရှိနေပြီးတော့၊ သီပေါဘုရင်က အိန္ဒိယမှာရှိတယ်။ ကျွန်တော်တောင် မရောက်နိုင်ခဲ့ပါဘူး။ အိန္ဒိယပြည်၊ ဘုံဘော၊ ရတနာဂီရိကို မရောက်နိုင်ခဲ့ဘူး။ ဒါပေမယ့် ကျွန်တော်စိတ်ထဲမှာ တစ်ချိန်တည်း အဲဒီဝေဒနာကို ခံစားနေမိတယ်။ အဲဒီနန်းတော်ထဲရောက်ပြီးတော့၊ တစ်ဘက်မှာ ကျွန်တော်စိတ်သက်သာရာ ရခဲ့ပါတယ်။ ဘာလဲဆိုတော့ ကျွန်တော်တို့ နန်းတော်တွေကို ကျွန်တော်တို့ ပြန်ပြီးတော့ ဂုဏ်ဆောင်ပြီးတော့ ပြန်ဆောက် လိုက်ပြီး မန္တလေးနန်းတော်ကြီးကလည်း တစ်သွေးတစ်မွေး ပြန်ဆောက်လိုက်ပြီ၊ ရတနာပုံနန်းတော်ကြီး ဆောက်ပြီးပြီ၊ နောက်ပြီးတော့ ရွှေဘိုမှာလည်း နန်းတော်ဆောက်ပြီးပြီ၊ ပဲခူးမှာလည်း ကျွန်တော်တို့ နန်းတော်ကြီး ဆောက်ပြီးပြီ၊ ကျွန်တော်တို့ ရခိုင်မှာတော့ ကျန်သေးတယ်။

ကျွန်တော်တို့ မြောက်ဦးမှာ မြောက်ဦးရွှေနန်းတော်ကြီးဟာ ကျွန်တော်တို့ ဆောက်ဖို့ ကျန်ပါသေးတယ်။ သမိုင်းအမွေအနှစ်နဲ့ ပြန်လည်ပေးဆပ်ကြရဦးမှာပါ။ ဒီအတွက် ကျွန်တော်တို့မှာ တာဝန်တွေ ကျန်နေပါသေးတယ်။ အဲဒီတော့ သမိုင်း အကြွေးတွေကို ကျွန်တော်တို့လက်ထက်မှာ ကျွန်တော်တို့ မဆပ်ဘူးဆိုလို့ရှိရင် ကျွန်တော်တို့ဟာ တာဝန်မကျေပါဘူး။ စာရေးဆရာကြီး ဦးသန်းဆွေ ကိုလည်း ကျေးဇူးတင်ပါတယ်။ အရင်က ရေးသားခဲ့တဲ့ ဒေါ်ဒဂုန်ခင်ခင်လေးတို့၊ စာရေးဆရာတွေအားလုံးကို ဒီနေရာက ကျွန်တော် ဂါရဝပြုရင်း၊ ကျေးဇူးဆပ်ရင်းနဲ့ ကျွန်တော်တို့ ဆက်လက်ပြီးတော့ သမိုင်းတာဝန်ကို လုပ်ကြပါစို့လို့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်အားလုံးကို ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၃း၃၉။

ဥက္ကဋ္ဌ။ ။ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် ဆွေးနွေးနိုင်ပါပြီ။

အချိန်၊ ၁၃း၃၉။

ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) ။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များခင်ဗျား။ ၁၉ ရာစုမှာ ဥရောပမှာ စက်မှုတော်လှန်ရေး ပေါ်ပေါက်လာပြီး အကျိုးဆက်အဖြစ် အာရှ၊ အာဖရိက နိုင်ငံအများစု ကိုလိုနီဘဝကို ကျရောက်သွားပါတယ်။ အာရှရဲ့ သမိုင်းအစဉ်အလာကြီးမားခဲ့တဲ့ တရုတ်နဲ့ အိန္ဒိယတို့လည်း ကိုလိုနီဘဝကို ပြားပြားဝပ်ရောက်ရှိသွားပါတယ်။ သီပေါမင်းနန်းမတက်ခင် နှစ်ပေါင်း(၅၀)ကျော် ကာလ မင်း(၄)ဆက်အတွင်းမှာ အင်္ဂလိပ်-မြန်မာစစ် (၂)ကြိမ် ဖြစ်ပြီးသွားပါပြီ၊ ဒီ စစ်ပွဲတွေမှာ ရခိုင်၊ တနင်္သာရီနဲ့ မြန်မာနိုင်ငံ အောက်ပိုင်းတစ်ခုလုံးကိုလိုနီဘဝကိုကျရောက်ပြီး ဖြစ်ပါတယ်။ ပထဝီအရ အရေးမပါတော့တဲ့ ကုန်းတွင်းပိတ်မန္တလေးနဲ့ မြန်မာနိုင်ငံ အထက်ပိုင်းလောက်ပဲ ကျန်ပါတော့တယ်။ ဒီလက်ကျန် လေးကိုလည်း ၁၈၈၅ မှာ ဘုရင်သီပေါ လက်ထက်မှာ အပြီးသိမ်းပိုက်ခဲ့ပါတယ်။

ဒီလိုတင်ပြရတဲ့ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံကိုလိုနီ ဘဝကို ကျရောက်ရာမှာ သီပေါမင်းတစ်ပါးတည်းကိုသာ အပြစ်တင်နေလို့မရဘူးလို့ ဆိုလိုခြင်းဖြစ်ပါတယ်။ အင်္ဂလိပ်တို့ဟာ အိန္ဒိယနန်းကျဘုရင်ကို မြန်မာနိုင်ငံပို့ပြီး၊ မြန်မာနန်းကျဘုရင်ကို အိန္ဒိယကို ပို့ခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ အမျိုးသားရေးစိတ်ဓာတ်ကို နိမ့်ကျစေပြီး၊ ကိုလိုနီပြုရန် ဖြစ်ပါတယ်။

နန်းကျဘုရင် သီပေါမင်းရဲ့ ဘဝ အကောင်းဆုံးအချိန် နှစ်ပေါင်း(၃၀)ကျော် ကာလကို အိန္ဒိယမှာ အကျဉ်းစံအဖြစ် နန်းစံခဲ့ရပါတယ်။ အကျဉ်းစံအဖြစ် နေခဲ့ရပါတယ်။ ဒီကာလတွေမှာ စီးပွားရေးနဲ့ အခြားအခွင့်အရေးများအတွက် အင်္ဂလိပ်အစိုးရထံ ဦးညွှတ်ခဲ့ခြင်း မရှိပါဘူး။ လူမှုရေး ရှုပ်ထွေးခဲ့ခြင်းများလည်း မရှိပါဘူး။ ဒါဟာ နန်းကျခဲ့သော်လည်း ဂုဏ်သိက္ခာ မချခဲ့ဘူးဆိုတာ ထင်ရှား ပါတယ်။

၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်မှာ စက်မှုနိုင်ငံများဖြစ်တဲ့ ဂျပန်နဲ့ အမေရိကန်တို့ မီးကုန်ယမ်းကုန် စစ်ပွဲနွဲ့ကြပါတယ်။ ဒီစစ်ပွဲမှာဂျပန်တို့ ခွက်ခွက်လန်ရှုံးပြီး ပြာပုံဘဝကို ရောက်ခဲ့ပါတယ်။ တာဝန်ရှိသူ ဂျပန်ဝန်ကြီးချုပ်တိုကျို ကို အမေရိကန်စစ်သင်္ဘောပေါ်မှာ ကြိုးပေးကွပ်မျက်ခဲ့ပါတယ်။ ဒီနေရာ မှာ အင်္ဂလိပ်နဲ့ကွာခြားချက်ကတော့ အမေရိကန်တို့ဟာ ဂျပန်ဘုရင်ကို နန်းပြန်တင်ပေးပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ စစ်ကာလမှာ စစ်ရှုံးပြီး ပြာပုံဘဝ ရောက်ပေမယ့် ဂျပန်ပြည်သူတို့ဟာ မိမိတို့ရဲ့ အမျိုးသားခေါင်းဆောင်ကို အရိုအသေပေးနေခဲ့ ပါတယ်။ စစ်ရှုံးဂျပန်ပြည်ကို ပြည်သူများ ဘယ်လောက်ထိအောင် လေးစားကြည်ညိုသလဲ ဆိုတာ သိသာပါတယ်။ သေဒဏ်ပေးခံရတဲ့ ဂျပန်ဝန်ကြီးချုပ်တိုကျို့ကို ၁၉၇၀ မှာ ဂုဏ်ထူးဆောင် (ရာဇူဂူမီ) ဂူဗိမာန်သို့ ပြောင်းရွှေ့မြှုပ်နှံပြီး အရိုအသေပေးနေဆဲပါ။ ဒါဟာ သမိုင်းအရ အမှားအမှန် ရှိနိုင်သော်လည်း ပြည်သူတွေဟာ မိမိတို့ရဲ့ အမျိုးသားခေါင်းဆောင်ကို အလေးအနက်ပြုတယ်ဆိုတဲ့ အချက် ပေါ်လွင်ပါတယ်။

အင်္ဂလိပ်တွေဘက်ကို ကြည့်မယ်ဆိုရင်လည်း ဒီ မြန်မာ့တိုင်းထဲက သတင်းစာထဲမှာ မလေးရှားနဲ့ စာချုပ်တစ်ခု ချုပ်ပြီး ပါပြီ၊ ရည်ရွယ်ချက်ကတော့ ဒုတိယကမ္ဘာစစ် မလေးရှားတောကြီးထဲမှာ လေယာဉ်ပျက်ကျခဲ့တဲ့ အင်္ဂလိပ်စစ်သည်(၈)ဦးရဲ့ အရိုးကို ပြန်ရှာပြီး သယ်ဖို့ပါပဲ။ အမေရိကန်ကတော့ (နိုင်းအလဲဗင်း) အပြီးမှာ အာဖဂန်မှာ တာလီဘန်နဲ့ စစ်ပွဲနွဲ့ခဲ့ပါတယ်။ ဒီ စစ်ပွဲမှာ မြန်မာနိုင်ငံဖွား အိန္ဒိယနွယ်ဝင် အမေရိကန် စစ်သားတစ်ယောက် ကျဆုံးခဲ့ပါတယ်။ သူ့ရဲ့ ဖခင်ဟာ ကျွန်တော့် ဆရာ လျှပ်စစ်အင်ဂျင်နီယာ တစ်ဦးပါ။ အမေရိကန်ထိပေါက်ပြီး တစ်မိသားစုလုံး အမေရိကန်နိုင်ငံသားခံယူခဲ့ပါတယ်။ သူ မြန်မာပြည်ပြန်လာစဉ် အဖြစ်အပျက်ကို ပြောပြခဲ့ပါတယ်။ သူ့သားဟာ အာဖဂန်တောထဲမှာ စစ်ဆင်ရေးဆင်နွဲနေစဉ် အဝေးထိန်းမိုင်းတစ်လုံးထိမှန် ခဲ့ပါတယ်။ အနီးရှိ အမေရိကန်စစ်သားကို မိဘများအား ချစ်ခင်ကြောင်း

တစ်ခွန်းသာမှာ သွားနိုင်ခဲ့ပါတယ်။ အသက်(၂၀)ကျော်လေးပဲ ရှိပါသေးတယ်။ ကျွန်အမေရိကန် စစ်သားများဟာ စစ်ပွဲကို ဆက်လက် ဆင်နွှဲရင်း အာဖဂန်တောတွင်းကပါ သူ့ရဲ့ ရုပ်ကလာပ်ကို အမေရိကန်နိုင်ငံကို ပြန်လည် သယ်ယူခဲ့ပါတယ်။ အမေရိကန်နိုင်ငံမှာ ဂုဏ်ထူးဆောင် စစ်သခ္ခါင်းမှာ နိုင်ငံတော်အလံလွှမ်းပြီး စစ်အခမ်းအနားနဲ့ ကောင်းမွန်စွာ သင်္ဂြိုဟ်တဲ့ ဗွီဒီယို အခွေကို ကျွန်တော်ကြည့်ခဲ့ရပါတယ်။

ဒါဟာ အင်္ဂလိပ်နဲ့ အမေရိကန်တို့ဟာ သာမန်စစ်သားလေးများကိုတောင် တလေးတစား နိုင်ငံသယ်ယူပြီး ဂုဏ်ပြုခဲ့ကြတဲ့ သဘောပါ။ ယခုကျွန်တော်တို့အရေးဟာ သာမန် စစ်သား မဟုတ်ပါဘူး။ ရေမြေ့ရှင် သက်ဦးဆံပိုင်ပါ။ အမျိုးသားရေး အထိမ်းအမှတ်ပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်ကြောင့် လွတ်လပ်ရေးဆုံးရှုံးပြီး ဒီ လွတ်လပ်ရေးကို အရ ပြန်ယူပေးခဲ့တဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ အရိုးဂူဗိမာန်ဟာ အထင်အရှား ရှိနေပါပြီ။ ဒီလွတ်လပ်ရေးရဲ့ အစဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်း ရဲ့ ဂူဗိမာန် ရှိသလို ကွင်းဆက်ဖြစ်တဲ့ လွတ်လပ်ရေးရဲ့ အဆုံး ဘုရင်သီပေါမင်း ရဲ့ ဂူဗိမာန်ဟာလည်း ရှိရမှာပါ။ ဒါဟာ စစ်မှန်တဲ့ သမိုင်းပါ၊ ကွင်းဆက်မှန်တဲ့ သမိုင်းပါ။ သမိုင်းကို သင်ခန်းစာယူတဲ့ နိုင်ငံဟာ ဘယ်တော့မှာ တစ်ပတ်ပြန်မလည်ပါဘူး။ ဒါကြောင့် ဘုရင်သီပေါ ရဲ့ ဂူဗိမာန်ကို ဒီနိုင်ငံမှာ ပြန်လည်တည်ဆောက်ခွင့် ရခဲ့မယ်ဆိုရင် သမိုင်းရဲ့ အပိတ်အဖွင့်၊ လွတ်လပ်ရေးရဲ့ အဆုံးနဲ့ အစ ကို ကွင်းဆက်မှန်သွားပြီး လွတ်လပ်ရေးရဲ့ တန်ဘိုးနဲ့ အမျိုးသားရေးစိတ်ဓာတ်များ ပြန်လည် မြင့်တက် လာမည်ဟု ယုံကြည်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၃း၄၃။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမင်းဦး ဆွေးနွေးနိုင်ပါပြီ။

အချိန်၊ ၁၃း၄၃။

ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ ဒုဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ကိုယ်စိတ်နှစ်ပါး ရှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သရင်း ဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး

မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ယခု ယဉ်ကျေးမှု ဒုတိယဝန်ကြီး ဦးသန်းဆွေ ရဲ့ အိန္ဒိယပြည်၊ ရတနာဂီရိရှိ နတ်ရွာစံ သီပေါမင်းတရားကြီးနှင့် မိဖုရားတို့ ရုပ်အလောင်းများမှ အရိုးများကို မြန်မာပြည်သို့ ပြန်လည် သယ်ဆောင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနဲ့ စပ်လျဉ်းပြီးတော့ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ သမိုင်းပညာရှင် မဟုတ်သည့်အတွက် သမိုင်းရှုထောင့်ကနေပြီး ဆွေးနွေးသွားမှာ မဟုတ်ပါဘူး။ အဆိုရှင်ရဲ့ အဆိုပါ အချက်အလက်များအပေါ်မှာ မူတည်ပြီး (၁) အဆိုပါ အနွယ်တော်များရဲ့ ဆန္ဒသဘောထား။ (၂) အရိုးတော် မသယ်ယူခြင်းနှင့် သယ်ယူခြင်းရဲ့ နောက်ဆက်တွဲ အခြေအနေ။ (၃) နိုင်ငံတော်၏ လက်ရှိပကတိ အခြေအနေဆိုတဲ့အချက်(၃)ချက်အပေါ်မှာ သုံးသပ်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ (၁) အနွယ်တော်များရဲ့ ဆန္ဒသဘောထားနဲ့ ပတ်သက်လို့ အဆိုရှင်က ယခုအခါ အနွယ်တော်များက မြန်မာနိုင်ငံတော်သမ္မတကြီးထံနှင့် အိန္ဒိယအစိုးရဝန်ကြီးချုပ်ထံ စာရေးလျှောက်ထားသည့် အချိန်ဖြစ်ပါသည်လို့ ဖော်ပြထားပါတယ်။ ဒါနဲ့ပတ်သက်လို့ အဆိုရှင်က ၃၁-၇-၂၀၁၂ ရက်နေ့မှာ အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းပြီး နောက် (၂)ရက်အကြာ ၃-၈-၂၀၁၂ ရက်နေ့မှာ သီပေါမင်းရဲ့ မြေးတော်၊ တော်ဘုရားကလေး မိသားစုက ကြေငြာချက် တစ်စောင် ထုတ်ပြန်ခဲ့ပါတယ်။

အဲဒီကြေငြာချက် အပြည့်အစုံကို ကျွန်တော်ကို ဖတ်ခွင့်ပြုပါ။ ရက်စွဲ (၃)ရက်၊ သြဂုတ်လ၊ ၂၀၁၂ ခုနှစ်၊ အိန္ဒိယပြည်၊ ရတနာဂီရိရှိ နတ်ရွာစံ သီပေါမင်းတရား ကြီးနှင့် မိဖုရားတို့၏ ရုပ်အလောင်းများမှ အရိုးအိုးများကို မြန်မာပြည်သို့ ပြန်လည်သယ်ဆောင် ရေးကိစ္စနှင့်ပတ်သက်၍ တော်ဘုရားကလေး(အောင်ဇေ)မိသားစု၏ သဘောထား။ (၁) အိန္ဒိယ ပြည်၊ ရတနာဂီရိရှိ နတ်ရွာစံ သီပေါမင်းတရားကြီးနှင့် မိဖုရားတို့၏ ရုပ်အလောင်းများမှ အရိုးအိုး များကို မြန်မာပြည်သို့ ပြန်လည် သယ်ဆောင်ပေးပါရန်၊ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၂)လွှတ်တော်ကိုယ်စားလှယ်က ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၃၁-၇-၂၀၁၂ ရက်နေ့ ကျင်းပတဲ့ အမျိုးသားလွှတ်တော်တွင်တင်သွင်း ခဲ့ကြောင်း သိရှိရပါသည်။

(၂)တော်ဘုရားလေး မိသားစုဝင်များအနေဖြင့် သီပေါမင်းတရားကြီးနှင့် မိဖုရားတို့၏ အရိုးအိုး များကို သင့်တော်သည့်အချိန်သို့ ရောက်မှသာ ပြန်လည်ယူဆောင် သင့်ကြောင်း သဘောထား ရှိပါသည်။ (၃)ဖ.ဆ.ပ.လ အစိုးရလက်ထက် ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဦးဆောင်ကာ အမျိုးသားရေးအသွင်ဖြင့် အလောင်းတော် ပြန်ယူရေးကို လုပ်ဆောင် ခဲ့ဘူးပါသည်။

ထိုအချိန် က မြန်မာနိုင်ငံ၏ ပြည်တွင်းရေးအခြေအနေများ တည်ငြိမ်မှုမရှိသေး သောကြောင့် ပြန်လည်ယူဆောင်ရန် မဖြစ်မြောက်ခဲ့ပါ။ (၄)သို့သော် ယနေ့အချိန်တွင် လည်း မြန်မာနိုင်ငံ၌ ကချင်၊ ကရင်၊ ရှမ်း စသည့် တိုင်းရင်းသားများနှင့် ဖြစ်ပွားနေသည့် စစ်ပွဲများနှင့် ပတ်သက်၍ ညှိနှိုင်းနေ ဆဲပင် ဖြစ်ပါသည်။ ပြည်သူလူထုအကြားမှာ ဆင်းရဲချမ်းသာ ကွာဟမှု ကြီးမားနေဆဲဖြစ်သည်။ တောင်သူလယ်သမားများမှာလည်း လယ်ယာမြေ ပြဿနာများ နှင့် ရင်ဆိုင်နေဆဲ ဖြစ်သည်။ ထို့အပြင် ပြည်သူလူထုအနေဖြင့် ဒီမိုကရေစီ အခွင့်အရေးများ အပြည့်အဝ ရရှိခံစားခြင်း မရှိသေးပါ။

ထိုအခြေအနေမျိုးများတွင် သီပေါမင်း တရားကြီးနှင့် မိဖုရားတို့၏ အရိုးအိုးများ ပြန်လည်သယ်ဆောင်ရေးကိစ္စကို ရှေ့တန်းတင်ကာ ဆောင်ရွက်ခြင်း မပြုသင့်သေးဟု ယူဆပါ သည်။ (၅)ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ပြည်တွင်းငြိမ်းချမ်းရေးရရှိလာသည့် အချိန်၊ အမျိုးသားပြန်လည်သင့်မြတ်မှု ရရှိလာမည့်အချိန်၊ ပြည်သူလူထုတစ်ရပ်လုံး ဒီမိုကရေစီ အခွင့်အရေးကို အပြည့်အဝ ရရှိခံစားရသည့် အချိန်တွင်သာ အရိုးအိုးများ ပြန်လည်သယ်ဆောင် ရေးကိစ္စကို သက်ဆိုင်သူများအားလုံး ညှိနှိုင်းတိုင်ပင်ကာ ဆောင်ရွက်သင့်သည်ဟု ယူဆမိပါ သည်။(၆) အကယ်၍ ယနေ့အချိန်တွင် တော်တော် (တော်ဘုရားကလေး) ရှိခဲ့လျှင်လည်း ဤအတိုင်းသဘောဆန္ဒ ရှိမည်မှာ သေချာပါသည်။ ဒေါ်ခင်မေ(တော်ဘုရားကလေး၏ ဇနီး)၊ ဒေါ်ဒေဝီသန့်ဇင်(တော်ဘုရားကလေး၏သမီး)၊တော်ဘုရားကလေး၏ မြေးများ (၁)ကျော်သူရိန်။ (၂) အောင်စည်သူ။ (၃) အောင်သပြေ ဆိုတဲ့ ကြေငြာချက် ထုတ်ပြန်ခဲ့ပါတယ်။

ဒါကြောင့် အနွယ်တော်များအားလုံးရဲ့ ဒီကြေငြာချက်ကို ထောက်ရှုခြင်းအားဖြင့် အနွယ်တော် များအားလုံးရဲ့ သဘောထားဆန္ဒကို ထင်ဟပ်ခြင်း မရှိဘူးလို့ ဆိုချင်ပါတယ်။ (၂) အရိုးတော် မသယ်ယူခြင်း၊ သယ်ယူခြင်းနဲ့ နောက်ဆက်တွဲ အခြေအနေမှာ (၂)ပိုင်းခွဲပြီးတော့ ဆွေးနွေးပါရစေ။ အရိုးတော် မသယ်ယူခြင်းအပိုင်းနဲ့ ပတ်သက်လို့ (က) မြန်မာပြည်မှာ

နတ်ရွာစံခဲ့တဲ့ အိန္ဒိယဘုရင် ဇက်ဖားရှား ရဲ့ သချိုင်းဗိမာန်တော်ဟာ ရန်ကုန်မြို့မှာ ခမ်းနားစွာ ရှိနေသလို၊ အိန္ဒိယပြည်မှာ နတ်ရွာစံခဲ့တဲ့ မြန်မာဘုရင်သီပေါ မင်းရဲ့ သချိုင်းဗိမာန်တော်ကို လည်း ရတနာဂီရိမြို့မှာ ခမ်းနားစွာ ရှိနေဖို့ သံတမန်အဆက်အသွယ်ဖြင့် အစိုးရခြင်း ချိတ်ဆက်၊ သမိုင်းယဉ်ကျေးမှု အမွေခြင်းဖလှယ်ပြီးတော့ အိမ်နီးချင်း (၂)နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တည်ဆောက်တဲ့အနေနဲ့ ဆက်လက်ထားရှိသွားမယ်ဆိုရင် ပိုမိုသင့်လျော်လိမ့်မယ်လို့လည်း တွေးမိပါတယ်။ (ခ) ၁၉၉၄ခုနှစ်မှာ တပ်မတော်အစိုးရကအိန္ဒိယအစိုးရထံ မြန်မာဘုရင် သီပေါမင်း နေထိုင်ခဲ့သော နန်းတော်အားသမိုင်းဝင်အဆောက်အအုံအဖြစ် သင့်လျော်သော ထိန်းသိမ်းမှုများ ပြုလုပ်ပေးပါရန် စာရေးသားတောင်းဆိုခဲ့တဲ့အတွက် အိန္ဒိယအစိုးရအနေနဲ့ ၂၀၀၀ ပြည့်နှစ်၊ ဇွန်လတွင် နန်းတော်အား နိုင်ငံတော်မှ ကာကွယ်ပေးသော သမိုင်းဝင် အဆောက်အအုံအဖြစ် သတ်မှတ်ခဲ့ပြီး ယခုအခါ အိန္ဒိယရှေးဟောင်းသုတေသနအနေနဲ့ ပြတိုက်ဌာန က နန်းတော်ကို ပြတိုက်အသွင်ပြောင်းလဲရန် ဆုံးဖြတ်ခဲ့ပြီး၊ ပြောင်းလဲမှုများ ပြုလုပ်နေပြီလို့ လေ့လာကြားသိရပါတယ်။

ဒါဟာ နှစ်နိုင်ငံ ယဉ်ကျေးမှု အမွေအနှစ်ဖလှယ်ခြင်းလို့ နားလည်မိပါတယ်။ (ဂ) ၁၉၄၅-၁၉၅၀ ခုနှစ် အတွင်းက ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ သီပေါမင်းတရား စျာပနကော်မတီကို ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်(၄၀)ကျော်နဲ့ ဗဟိုကော်မတီဝင်(၁၀၀)ကျော်ဖြင့် ဖွဲ့စည်းပြီးတော့ သီပေါမင်းတရားကြီး၏ ရုပ်ကလာပ်တော်ကို မြန်မာပြည်သို့ ပြန်လည်သယ်ဆောင်ရန် ထိုခေတ်က ငွေ(၅၀၀၀၀)မတည်ဆောင်ရွက်ခဲ့သော်လည်း အကြောင်းကြောင်းကြောင့် အကောင်အထည်မပေါ်ခဲ့ပါ။

အကြောင်းကြောင်းကြောင့် ဆိုသည်မှာ တော်ဘုရားကလေးမိသားစု၏ ကြေငြာချက် အရဆိုလျှင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေး အခြေအနေများ တည်ငြိမ်မှု မရှိသေးသောကြောင့်လို့ မှတ်ယူရမှာပါ။ ယခုအချိန်မှာလည်း မြန်မာနိုင်ငံမှာ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး ရရှိအောင် ဆောင်ရွက်နေတဲ့ အချိန်မို့ အကြောင်းကြောင်းလို့ပဲ မှတ်ယူသင့်ပါတယ်။ အရိုးတော်သယ်ယူခြင်းနဲ့ နောက်ဆက်တွဲအခြေအနေအပိုင်း မှာ (က) သီပေါမင်းရဲ့ မြစ်တော် တော်ဘုရားလေး အောင်ဇေရဲ့ သမီးတော်ဒေါ်ဒေဝီသန့်ဇင် က ဘိုးတော်အရိုးအိုးပြန်လည် သယ်ယူမယ့်ကိစ္စက လက်မခံစရာ၊ သဘောမတူစရာကိစ္စမဟုတ်ပါ ဘူး။ ဒါပေမယ့် ဒီအချိန်မှာ

တိုင်းပြည်က လမ်းကြောင်းသစ်ပေါ်မှာသွားကာစအချိန်၊ ပြည်တွင်းမှာ မငြိမ်းချမ်းမှုတွေလည်း ရှိနေသေးတယ်။ အဲဒီတော့ ဒီကိစ္စက ပထမ အရေးလုပ်ပေးရမှာ မဟုတ်ပါဘူး။

တိုင်းပြည်ငြိမ်းချမ်းရေးကိစ္စတွေ အရင်လုပ်ပြီး ဒါတွေက နောက်မှာပါလာပါ လိမ့်မယ် လို့ ၁-၈-၂၀၁၂ ရက်နေ့က 7 Day News ဂျာနယ်ကို ပြောခဲ့တာ မှတ်သားခဲ့ဖူးပါတယ်။ ဒါဟာအန္တယ်တော်ဝင်ရဲ့ ဆန္ဒတစ်စိတ်တစ်ပိုင်းပါ။ (ခ) အရိုးတော်သယ်ယူပြီး ဘယ်မှာထားမလဲ ဆိုတာ အတော် စဉ်းစားစရာပါ။ ရွှေတိဂုံဘုရားတောင်ဘက်မုဒ် ခြေတော်ရင်းမှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်၊ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည် တို့ရဲ့ အုတ်ဂူများနဲ့ တစ်ဝင်းထဲမှာရှိနေတဲ့ မိဖုရားစုဖုရားလတ် ရဲ့ အုတ်ဂူနံဘေးမှာ ထားမှာလား။ အဆိုရှင်က အဆိုမတင်သွင်းမီ သီပေါမင်းအုတ်ဂူရယ်၊ မိဖုရားကြီး အုတ်ဂူရယ်ကို မန္တလေး ရွှေနန်းတော်ကြီးထဲမှာပဲ ထားချင်တယ်လို့ ပြည်တွင်းမီဒီယာ တစ်ခုကို ပြောခဲ့ဖူးပါတယ်။

ဒါဆိုရင် မိဖုရားစုဖုရားလတ် ရဲ့ အရိုးတော်ကိုပါ မန္တလေး ရွှေနန်းတော်ထဲသို့ ပြန်လည်ပို့ဆောင်ပေးရမယ့် အခြေအနေမျိုး ရောက်လာပြန်ပါတယ်။ နှစ်ပေါင်း(၉၀)ကျော် ကြမ္ဘာ အရိုးတော်စျာပန ဘယ်ကြွရမှန်းမသိတဲ့ အခြေအနေမျိုးနဲ့ ကြုံတွေ့လာရမှာကိုလည်း လေးလေးနက်နက် စဉ်းစားစေချင်ပါတယ်။ နံပတ်(၃)အချက် နိုင်ငံတော်ရဲ့ လက်ရှိပကတိ အခြေအနေနဲ့ ပတ်သက်လို့ အစိုးရအနေနဲ့ရော၊ လွှတ်တော်အနေနဲ့ပါ နှစ်ပေါင်းများစွာ ကမ္ဘာ့အလယ်မှာ မျက်နှာငယ်စွာ နောက်ကျကျန်နေခဲ့တဲ့ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးအတွက် ဒီမိုကရေစီလမ်းကြောင်းသစ်ပေါ်မှာ အားကောင်းမောင်းသန် လျှောက်လှမ်းနိုင်ဖို့ အားယူလျှောက်လှမ်းနေချိန်မှာ ပဓာနထားဆောင်ရွက်ရမယ့် တရားဥပဒေ စိုးမိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့တည်ငြိမ်မှုရရှိရေး၊ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလျှင်မြန်စွာစီးဝင်လာပြီး၊ နိုင်ငံသူ/နိုင်ငံသားများ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး၊ ဆင်းရဲမွဲတေမှု လျော့ချရေး၊ ကျေးလက်ဒေသအထိ လျှပ်စစ်မီးရရှိရေး၊ ပြည်သူများ တန်ဘိုးနည်းဖုန်းများ သုံးစွဲနိုင်ပြီးတော့ ဆက်သွယ်ရေးလိုင်းများ ကောင်းမွန် မြန်ဆန်ရေး၊ ပြည်သူများ ဒီမိုကရေစီအခွင့်အရေးများပြည့်ဝစွာ ခံစားနိုင်ရေးဆိုတဲ့ စတဲ့ စတဲ့ စတဲ့ များလှတဲ့ တာဝန်ရှိသေးတာကို အဆိုရှင်ရဲ့ သီပေါမင်းတရားကြီးနဲ့ မိဖုရား တို့ ရုပ်အလောင်းမှ အရိုးများကို မြန်မာပြည်သို့ ပြန်လည်သယ်ဆောင်ရေးဆိုတာဟာအထက်မှာ ဖော်ပြခဲ့တဲ့အရေး

ကိစ္စများထက် ပဓာနထားပြီးတော့ ဆောင်ရွက်သင့်တဲ့ အခြေအနေမျိုး ဟုတ်/မဟုတ်ဆိုတာ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးစဉ်းစားတော်မူကြပါအုန်း၊ ကျွန်တော့်အနေနဲ့ တိုက်တွန်းတော်မူရင်း နိဂုံးချုပ်တော်မူပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၃း၅၄။

ဥက္ကဋ္ဌ။ ။ အဆိုနှင့် စပ်လျဉ်းပြီး သမ္မတရုံး ဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးရန် ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၃း၅၄။

ဦးစိုးမောင် (ပြည်ထောင်စုဝန်ကြီး၊သမ္မတရုံးဝန်ကြီးဌာန-၂)။ ။ လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ကျန်းမာကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ အမှတ်(၂)မဲဆန္ဒနယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေ ရဲ့ အဆိုကို ပြန်လည်ဖြေကြားခွင့်ရတဲ့အတွက် ကျွန်တော်အနေနဲ့ဝမ်းသာဂုဏ်ယူမိကြောင်း ပဏာမ ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁စက၅ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှာ ငြိတိသျှ အစိုးရက မြန်မာနိုင်ငံတော်ကို ကျူးကျော်သိမ်းပိုက်ခဲ့ခြင်းကြောင့် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြင့်နန်းဖြင့် လွတ်လပ်ထည်ဝါစွာ ခမ်းနားစွာရှိခဲ့သော မြန်မာနိုင်ငံတော်သည် ကိုလိုနီဘဝ ကျရောက်ခဲ့ပြီး သီပေါမင်းနှင့် မိဖုရားများ၊ သမီးတော်များအား အိန္ဒိယနိုင်ငံ၊ ရတနာဂီရိမြို့ကို မတရားပို့ဆောင်ထိန်းသိမ်းခြင်းခံခဲ့ရပါတယ်။ သီပေါမင်းနဲ့ စုဖုရားလတ်တို့ ပါတော်မူခဲ့သည်မှာလည်း နှစ်ပေါင်း(၁၂၀)ကျော် ကြာမြင့်ခဲ့ပြီး ဖြစ်ပြီးတော့ ကံကုန်ခဲ့သည်မှာလည်း နှစ်ပေါင်း(၁၀၀)နီးပါးရှိပြီ ဖြစ်ပါတယ်။ မျိုးဆက်အနီးအဝေးနှင့် အခြေအနေများ ပြောင်းလဲမှုများကို ဆန်းစစ်သင့်ပါတယ်။

ထို့အပြင် အိန္ဒိယမှာကျန်ရှိနေခဲ့တဲ့ အနွယ်တော်များရဲ့ သဘောထားနှင့် မြန်မာနိုင်ငံမှာရှိတဲ့ အနွယ်တော်များရဲ့ သဘောထားအခြေအနေ ဦးရေမည်မျှတိုးပွားနေသည်ကို အသေးစိတ်အတိအကျ မသိရသေးပါဘူး။ သီပေါမင်းရဲ့ အနွယ်တော်များကို ကူညီစောင့်ရှောက်ခြင်းဟာ ကောင်းမွန်တဲ့ လုပ်ငန်းဖြစ်ပေမယ့် အခြားသောပဒေသရာဇ် မင်းဆွေမင်းမျိုးများ အာဏာစွန့်ခဲ့ရတဲ့ မင်းဆွေ၊ မင်းမျိုးများ အလားတူကိစ္စရပ်မျိုး တောင်းဆိုလာနိုင်ပါတယ်။

လက်ရှိအချိန်မှာ ပြည်သူတို့ဟာ ပဒေသရာဇ်စနစ်နဲ့လည်း အလွန်အလှမ်းကွာဝေးလျက်ရှိပါတယ်။ အိန္ဒိယဧကရာဇ် ဇက်ဖားရှားရဲ့ သခ္ဓိုင်းဂူဗိမ္မာန်တော်ဟာ ရန်ကုန်မြို့မှာ တည်ရှိနေသလို၊ သီပေါမင်းနဲ့ မိဖုရားတို့ရဲ့ အုတ်ဂူဟာလည်း အိန္ဒိနိုင်ငံမှာ တည်ရှိနေပါတယ်။ ၄င်းတို့ရဲ့ အရိုးများကို မြန်မာပြည်ကို ပြန်လည်သယ်ယူရာမှာ အချုပ်အခြာအာဏာပိုင်ဖြစ်တဲ့ အိန္ဒိယနိုင်ငံရဲ့သဘောထား၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ အိန္ဒိယမှာ ကျန်ရှိနေတဲ့ အနွယ်တော်များ၊ မြန်မာနိုင်ငံမှာရှိတဲ့ အနွယ်တော်များရဲ့ သဘောထားတို့အရ ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စအဝဝတို့အပြင် သမိုင်းကြောင်းအခြေအနေများအရ လက်ရှိအတိုင်းထားရှိခြင်းသာ အကောင်းဆုံးဖြစ်ပါ၍ ကိုယ်စားလှယ်တော်ကြီးရဲ့အဆိုကို မှတ်တမ်းသာ တင်ပေးပါရန် မေတ္တာရပ်ခံတင်ပြ အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၃း၅၇။

ဥက္ကဋ္ဌ။ ။ ကဲလာပါပြီ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)က ဦးလှဆွေ စိတ်ဝင်စားတဲ့ အစီအစဉ် ၊ မူလအဆိုရှင် ဦးသန်းဆွေ ကနေပြီးတော့မှ သဘောထားပြောပြပါ။

အချိန်၊ ၁၃း၅၇။

ဦးသန်းဆွေ(ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အခုအခါ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ မဟုတ်တော့တဲ့အတွက် ဒီကိစ္စကို ကျွန်တော့်ကို ဖိတ်ကြားနားထောင်ခွင့် ပေးတာအပြင်၊ ဥက္ကဋ္ဌကြီးက အခုလို ပြန်လည်မေးမြန်းတဲ့ အခွင့်အရေးပေးတဲ့အတွက် အမျှားကြီးပဲ ကျေးဇူးတင်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ အခုအခါမှာ အစိုးရအဖွဲ့ဝင်တစ်ဦး ဖြစ်နေတဲ့အတွက် အဆိုကို မှတ်တမ်းတင်ရန်မှတစ်ပါး အခြားပြောခွင့်မရှိပါလို့ ပြောလိုပါတယ်။ ဒါပေမယ့် ဒီနေရာမှာ ကျွန်တော် အဆိုနဲ့ ပတ်သက်ပြီး ဘာမှ မပြောလိုပေမဲ့ ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ ထောက်ခံတာ၊ ကန့်ကွက်တာ၊ ကြားနေတာ စိတ်ဝင်တစား လူ(၁၄)ယောက်က ဒီ စာတင်ပြီးတော့ အခု မလာရောက်နိုင်တဲ့သူတွေကလွဲလို့ ကျန်တဲ့သူတွေက ပြောသွားတဲ့အတွက် အမျှားကြီးပဲ ကျေးဇူးတင် ပါတယ်ခင်ဗျား။

နောက်တစ်ခုကတော့ နောက်ဆုံးပြောသွားတဲ့ အဆိုနဲ့ ပတ်သက်ပြီးတော့ ဝေဖန်ချက်နဲ့ ပတ်သက်ပြီးတော့ ဒီ ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ သို့လော သို့လော ထင်မိတဲ့ ကိစ္စလေးကိုတော့ ကျွန်တော်ရှင်းပြပါရစေ၊ ကျွန်တော် ဒီကိစ္စကို တင်တာဟာ

နိုင်ငံရေးမဟုတ်ပါဘူး။ အမျိုးသားရေး သက်သက်ပဲ ဖြစ်ပါတယ်။ ဒီကိစ္စကို တင်တဲ့အခါမှာ ကျွန်တော် အဆိုမှာ ပါပါတယ်။ အနွယ်တော်များထဲက နိုင်ငံခြားရေးဝန်ကြီးရုံး၊ ဒုတိယညွှန်ချုပ် (အငြိမ်းစား) ဦးစိုးဝင်း ရဲ့ တောင်းဆိုချက်အရ ကျွန်တော်တင်တယ်လို့ ပြောခဲ့ပါတယ်။ အဲတော့ အနွယ်တော်၊ အနွယ်တော်လို့ ပြောသွားတော့ ဦးနု ပြောသလို ကျွန်တော် အနွယ်တော် မဟုတ်ပါဘူး။

အနွယ်တော်၊ အနွယ်တော်လို့ ပြောသွားတော့ အနွယ်တော်အကြောင်းကို ဘယ်လောက်သိသလဲ၊ ကျွန်တော် အဲဒီအနွယ်တော်တွေနဲ့ အတူအိပ်၊ အတူစား နေခဲ့တာပါ။ အဲဒီတော့ သီပေါမင်းမှာ သမီးတော်(၄)ပါး ရှိပါတယ်။ ပထမသမီးတော်ကြီးဟာ တံခါးမှူးနဲ့ ရပြီးတော့ ဟိုမှာ တုတုဆိုတဲ့ မိန်းကလေးတစ်ယောက် မွေးပါတယ်။ အဲဒီ တုတုကဆင်းသက်တဲ့ အနွယ်တော်တွေဟာ ဒီနေ့ အိန္ဒိယမှာ (၄၂)ယောက်ရှိပါတယ်။ ဒုတိယ သမီးတော်ဟာ တိုင်းတားမင်းကြီး မြစ် လတ်သခင်နဲ့ရပြီး သားသမီးမထွန်းကားပါဘူး။ တတိယ သမီးတော်ကတော့ ကျွန်တော်တို့ သခင်ထိပ်တင်ကိုယ်တော်ကြီးနဲ့ လက်ဆက်ပြီးတော့ သမီးတော်တစ်ပါး ထွန်းကာပါတယ်။ စတုတ္ထသမီးတော်ကတော့ ကိုကိုနိုင်ဆိုတဲ့ ရဟန်းပညာရှိလူထွက်နဲ့ အိမ်ထောင်ကျပါတယ်။ သားသမီး (၆)ယောက်ထွန်းကားပါတယ်။ အဲဒီတော့ အဲဒီ ထီးမွေ၊ နန်းမွေလွှဲတဲ့စာချုပ်ကို မိဖုရားခေါင်ကြီး စုဖုရားလတ်က ဒီသမီးတော်(၄)ပါးအနက်က စတုတ္ထ သမီးတော်ကိုပဲ စာချုပ်စာတမ်းနဲ့ လွှဲခဲ့ပါတယ်။ အဲဒီစာချုပ်မှာ I am အရှင်နန်းမတော်ဘုရား ဆိုပြီးတော့ ရေးထားတာ ကျွန်တော် ယနေ့ထိ မမေ့သေးပါဘူး။ လက်မှတ်ထိုးထားတဲ့ ရှေ့နေတွေဟာလည်း၊ အင်္ဂလိပ် လူမျိုးတွေပါ၊ သက်သေတွေကလည်း အင်္ဂလိပ်လူမျိုးတွေပါ။ အဲတော့ ဒီထီးမွေ၊ နန်းမွေတွေဟာ စတုတ္ထသမီးတော်နဲ့ပဲ ဆိုင်ပါတယ်။

တစ်ခါ စတုတ္ထသမီးတော်က သားသမီး(၆)ယောက်ရှိတဲ့အတွက် ထီးမွေ၊နန်းမွေဟာ စတုတ္ထသမီးတော်ရဲ့ သားတော်အကြီးဆုံးဖြစ်တဲ့ တော်ဘုရားကြီးနဲ့ပဲ ဆိုင်ပါတယ်။ တစ်ခါ တော်ဘုရားကြီးက လွတ်လပ်ရေးရပြီးစမှာ ဒီတပ်ကုန်းနားမှာပဲ သူပုန်တွေရဲ့ ပစ်သတ်မှုကို ခံသွားတော့ ဒီ ထီးမွေ၊ နန်းမွေဟာ တော်ဘုရားကြီးရဲ့ သားကြီးဖြစ်တဲ့ ခုနက ကျွန်တော် ပြောခဲ့တဲ့ ဦးစိုးဝင်းနဲ့ပဲ ဆိုင်ပါတယ်။ အဲဒီတော့ အနွယ်တော်များ၊ အနွယ်တော်များ ပြောသွားတာ ဒီတော်ဘုရားလေးရဲ့သမီး ဒေဝီသန့်စင် မိသားစုတစ်ခုတည်းနဲ့ မဆိုင်ပါဘူး။ တော်ဘုရားကြီး

ဆင်းသက်တာ တော်ဘုရားကြီးအောက် ထိပ်စုဘုရားကြီးရဲ့ ဆင်းသက်တာ သားသမီး(၅)ယောက် ရှိပါတယ်။ ထိပ်စုဘုရားကြီးလည်း ရှိပါသေးတယ်။ တတိယတော်ဘုရားဆိုတာ မေမြို့မှာ ဒီနေ့အထိ သက်တော်ထင်ရှားရှိပါတယ်။ တော်ဘုရားရဲ့ ဇနီးက ခုနက တတိယသမီးတော်ရဲ့ သမီးတော်ပါ အဲ သူတို့နှစ်ယောက်က ပေါက်ဖွားလာတာ အားလုံး(၆)ယောက်ရှိပါတယ်။

အဲဒီက မြစ်တော်တွေလည်းရှိပါတယ်။တစ်ခါ တော်ဘုရားအောက်ကတော်ဘုရားငယ် ဆိုတာ ရှိပါသေးတယ်။ တော်ဘုရားငယ်အောက်က တော်ဘုရားငယ်မှာလည်း သားသမီးရှိ ပါတယ်။ တော်ဘုရားငယ်အောက်က ခုန တော်ဘုရားလေးပါ။ တော်ဘုရားလေးက သမီးတစ်ယောက် ရှိပါတယ်။ နောက်ဆုံးက ထိပ်စုဘုရားထွေး သူမှာလည်း သားတစ်ယောက် ရှိပါတယ်။ အဲတော့ အန္တယ်တော်၊ အန္တယ်တော်ဆိုတာ ဒီတစ်အုပ်စုလုံး ပါပါတယ်။ အဲဒီတော့ တော်ဘုရားလေးရဲ့ သမီးတစ်ယောက်တည်း မိသားစုက အန္တယ်တော် မဟုတ်ပါဘူး။ အဲဒီ ကြေညာချက်ကို ဖတ်ပြနေလို့ အဲဒီကြောညာချက်မှာ သားတော်ကြီးဖြစ်တဲ့ အောင်ဇေယျဆိုတာ လက်မှတ် မပါပါဘူး။ သိကြမှာ မဟုတ်ပါဘူး။ အဲဒီတော့ သူတို့ မိသားစုအရေးနဲ့ သူတို့ပါ။ ကျွန်တော် ဒီနားမှာ တင်ပြချင်တာကတော့ သိမ္ပြောတာ ကောင်းပါတယ်။ လေဖမ်းဒန်းစီးပြီး ပြောတာ မကောင်းပါဘူး ဆိုတာပါပဲ။ (သြဘာသံများ)

အချိန်၊ ၁၄း၀၃။

ဥက္ကဋ္ဌ။ ။ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကို ရိုးသားစွာတာဝန်ခံရမှာ ဖြစ်တဲ့ အတွက် ဒီကိစ္စကို မဆွေးနွေးခင်မှာ ဦးသန်းဆွေဟာ ကျွန်တော်ကို လာတင်ပြပါတယ်။ ဒါကို မှတ်တမ်း တင်ဖို့လုပ်ပေးပါ။ ဒါကြောင့်မို့လို့ ဆန္ဒကတိလားမသိဘူး၊ ဦးမန်းကံညွှန့်ဆွေးနွေးတဲ့ အတိုင်း ဦးသန်းဆွေရဲ့ တင်ပြချက်အတိုင်း မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

ဦးမောင်စောဖြူ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပြည်နယ်တို့တွင် ယဉ်ကျေးမှုနှင့် အနုပညာ ကောလိပ် (Arts and Culture College)ကျောင်း တစ်ကျောင်းစီ ဖွင့်လှစ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း

အချိန်၊ ၁၄း၀၃။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးမောင်စောဖြူ က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပြည်နယ်တို့တွင်ယဉ်ကျေးမှုနှင့် အနုပညာကောလိပ် (Arts and Culture College)ကျောင်း တစ်ကျောင်းစီ ဖွင့်လှစ်ပေးရန် နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဦးမောင်စောဖြူ အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၄း၀၃။

ဦးမောင်စောဖြူ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) မင်းပြားမြို့နယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်စောဖြူ ဖြစ်ပါတယ်။ ကျွန်တော် အဆိုတစ်ခု တင်သွင်းဖို့ လုပ်ထားပါတယ်။ အဲဒီအဆိုက ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပြည်နယ်တို့တွင် (Arts and Culture College)ယဉ်ကျေးမှုနှင့် အနုပညာကောလိပ်ကျောင်း တစ်ကျောင်းစီ ဖွင့်လှစ်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။

ဒီအဆိုကို တင်သွင်းရခြင်း အကြောင်းအရင်းကတော့ တိုင်းရင်းသားလူမျိုးတွေမှာ လည်း အနုပညာ ယဉ်ကျေးမှုတွေ ရှိပါတယ်။ ဒါပေမယ့် အဲဒီ အနုပညာယဉ်ကျေးမှုတွေဟာ မီးခဲပြာဖုံးသလို မထင်မရှားဘဲနဲ့ရှိနေတဲ့ အချိန်ဖြစ်နေပါတယ်။ အဲဒါကို မြင်လို့ဒီနေ့ ယဉ်ကျေးမှုတွေ ဟာ TV ကြည့်လိုက်ရင် ကမ္ဘာ့ယဉ်ကျေးမှုအနုပညာ၊ မြန်မာ့ယဉ်ကျေးမှု

အနုပညာတွေဟာ တဟုန်တည်း တိုးတက်ဖွံ့ဖြိုးနေတာကို တွေ့ရတဲ့အတွက်ကြောင့် ကျွန်တော်တို့ ကလည်း အားကျတယ်။ အားကျလို့ ဒီအဆိုကို တင်သွင်းရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုတိုင်းရင်းသားအားလုံး(၁၃၅)မျိုး ရှိတယ်လို့ သိရပါတယ်။ အဓိကတော့ လူမျိုးကြီး (၈)မျိုး၊ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ ရခိုင်၊ ဗမာ စတဲ့ လူမျိုးကြီး (၈)မျိုးဟာ အဓိကဖြစ်ပါတယ်။

အဲဒီလူမျိုးကြီး(၈)မျိုးအပါအဝင် လူမျိုးနွယ်စု စုစုပေါင်း အားလုံးပေါင်းဟာ(၁၃၅) မျိုးရှိတယ်ဆိုတာကို သိရှိရပါတယ်။ အဲဒီ (၁၃၅)မျိုးမှာ ကချင်က (၁၂)မျိုးပါတဲ့၊ ကယားက (၉)မျိုး၊ ကရင်က (၁၁)မျိုး၊ ချင်းက(၅၃)မျိုး၊ မွန်က(၁)မျိုး၊ ရခိုင်က(၇)မျိုး၊ ရှမ်းက(၃၃)မျိုး၊ ဗမာက(၉)မျိုး ဆိုတာကို တွေ့ရပါတယ်။ အဲဒီ (၈)မျိုးထဲမှာ အဓိက(၁၃၅)မျိုးထဲမှာ ဗမာ့ ယဉ်ကျေးမှု၊ မြန်မာ့ယဉ်ကျေးမှုနှင့် တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှု အနုပညာတို့ကို နှိုင်းယှဉ် လိုက်တဲ့အခါမှာ အဲဒီယဉ်ကျေးမှုနှစ်ခုဟာ မိုးနဲ့မြေလို ကွာခြားနေတာကို တွေ့ရပါတယ်။ တိုင်းပြည် တိုင်းရင်းသားပြည်နယ် လူမျိုးကို အခြေခံတဲ့ ပြည်နယ် (၇)ပြည်နယ်မှာလည်း ယဉ်ကျေးမှုအနုပညာ ရှိပါတယ်။ အဲဒီ အနုပညာ ယဉ်ကျေးမှုတွေ ဟာလည်း ဗမာ့ယဉ်ကျေးမှုနဲ့ နှိုင်းယှဉ်တဲ့ အခါမှာအလွန်တရာနိမ့်ကျနေတာကို တွေ့ရပါတယ်။ ဒီနေ့ National University Of Arts and Culture Yangon၊ National University Of Arts and Culture Mandalay ဆိုတဲ့ ယဉ်ကျေးမှုအနုပညာ တက္ကသိုလ်နှစ်ခုဟာ ဗမာပြည်မှာ ထင်ရှားကျော်စော ပြီးတော့ တကယ့်ကို ထွန်းလင်းတောက်ပနေတဲ့ နေရာဌာန ဖြစ်နေပါတယ်။

အဲဒီလို ရန်ကုန်နဲ့ မန္တလေးမှာရှိတဲ့ တက္ကသိုလ်နှစ်ခုဟာ မြန်မာ့ယဉ်ကျေးမှုရဲ့ ဗဟို ဌာနချုပ် တစ်နည်းအားဖြင့် ထိန်းလင်းတောက်ပရာ နေရာဖြစ်သလို ကျွန်တော်တို့ တိုင်းရင်းသား ပြည်နယ် (၇)ပြည်နယ်မှာလည်း အဲဒီလို ယဉ်ကျေးမှုဌာနတစ်ခု ထွန်းလင်းတောက်ပရာ ဌာနတစ်ခုစီ ရှိသင့်တယ်လို့ တွေးမိပါတယ်။ အဲဒါကြောင့်မို့လို့ ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ၂၁(က)မှာ နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု အခွင့်အရေး ဆိုပြီးတော့ ရေးထားပါတယ်။ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတွေကို ခံစားခွင့်ရှိတယ်လို့ ရေးထားပါတယ်။ အဲဒီတော့ ယဉ်ကျေးမှုအနုပညာတန်းတူရေး တစ်နည်းအားဖြင့် ဗမာ အမျိုးသားတွေရဲ့ ယဉ်ကျေးမှု အနုပညာ ထွန်းကားသလို သူတို့နဲ့ တန်းတူ၊ အခွင့်အရေး

ယဉ်ကျေးမှုအနုပညာ အခွင့်အရေးကိုလည်း ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးတွေက လိုချင်ပါတယ်။

အဲဒီလိုပဲ လွတ်လပ်မှုအခွင့်အရေး၊ အဲဒီလို ယဉ်ကျေးမှုတွေကိုတော့ ဗမာလူမျိုးတွေရဲ့ ယဉ်ကျေးမှု အနုပညာတွေကို လွတ်လပ်စွာ ဖော်ထုတ်နေတဲ့ အချိန်အခါမှာ ကျွန်တော်တို့ တိုင်းရင်းသား လူမျိုး(၇)ပြည်နယ်မှာလည်း အဲဒီလို ယဉ်ကျေးမှုအနုပညာတွေကိုလည်း လွတ်လပ်စွာ ဖော်ထုတ်လိုပါတယ်။ တရားမျှတမှုအခွင့်အရေး အဲဒီလိုပဲ ဗမာ့ယဉ်ကျေးမှုကို တရားမျှတစွာ လုပ်သလို ကျွန်တော်တို့ရဲ့ တိုင်းရင်းသား လူမျိုးတွေရဲ့ ယဉ်ကျေးမှုကိုလည်း အနုပညာတွေကိုလည်း တရားမျှတစွာ အလုပ် လုပ်နိုင်အောင် ပြည်ထောင်စုအစိုးရက အားပေးသင့်တယ်။ အားပေးရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်ပါပါတယ်။

ပုဒ်မ ၂၂(က)တွင်လည်း နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ပေးမယ်ဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ အဲဒါလည်း (၁၃၅)မျိုးထဲက စာပေမရှိတဲ့ မျိုးနွယ်စုကို ကျွန်တော်တို့ ပြည်ထောင်စုအစိုးရက စာပေကို ထီထွင်ဖန်တီးအားပေးသင့် တယ်လို့ ကျွန်တော်တို့က ယူဆပါတယ်။ အဲဒီလိုပဲ မျိုးနွယ်စုတွေမရှိသေးတဲ့ အနုပညာယဉ်ကျေးမှု နည်းပါးတဲ့ လူမျိုးစုတွေ၊ မျိုးနွယ်စုတွေရဲ့ အနုပညာ၊ ယဉ်ကျေးမှုတို့ကိုလည်း ပြည်ထောင်စုအစိုးရက ကူညီအားပေးသင့်တယ်။ ပြည်နယ်အစိုးရတို့ကလည်း ကူညီအားပေးသင့်တယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။

နောက်တစ်ခုက ပုဒ်မ ၂၇ မှာ အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးနှင့် စောင့်ရှောက်ထိန်းသိမ်းရေးအတွက် နိုင်ငံတော်အစိုးရက ကူညီမယ်တဲ့၊ အဲဒီတော့ ဒီလို ဖွဲ့စည်းပုံမှာရေးထားတဲ့အတွက်ကြောင့် အလွန်တရာမွန်မြတ်တဲ့ဥပဒေဖြစ်တယ်။ တိုင်းရင်းသားလူမျိုးတွေရဲ့ တစ်နည်းအားဖြင့် မျိုးနွယ်စုတွေရဲ့ ယဉ်ကျေးမှု၊ အနုပညာတွေကို နိုင်ငံတော်အစိုးရကလည်း ပျောက်ကွယ်သွားမှာကို ကြောက်တယ်လို့၊ စိုးရိမ်တယ်လို့ ကျွန်တော်ကယူဆတယ်။ စိုးရိမ်တဲ့အတွက်ကြောင့် နိုင်ငံတော်အစိုးရသည် အားပေးကူညီမယ်၊ မြှောက်စားလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ နောက်ပြီးတော့ ဖွဲ့စည်းပုံအခြေခံ ၉၆ မှာလည်း ရေးထားပါတယ်။ ပြည်ထောင်စုလွှတ်တော် ဇယား(၁)တွင် ဖော်ပြထားသော ပြည်ထောင်စုဥပဒေပြု စာရင်းပါ ကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတစ်ဝန်းလုံးအတွက်သော် လည်းကောင်း၊ ပြည်ထောင်စု တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန်

ဥပဒေပြုခွင့်ရှိသည်။ ဇယား(၁) ဥပဒေပြုစာရင်း၊ လူမှုရေးကဏ္ဍတွင် တိုင်းရင်းသား တွေရဲ့ စာပေ၊သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ဗွီဒီယို စသည်တို့ကိုလည်း ဆောင်ရွက်နိုင်ခွင့်ရှိတယ်လို့ ရေးထားပါတယ်။

အဲဒီလို နိုင်ငံတော်အစိုးရရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှု၊ အနုပညာတွေကို အားပေးထားတာကို တွေ့ရတဲ့အတွက်ကြောင့် တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုဟာ တိုးတက်ဖွံ့ဖြိုးဖို့ အလားအလာရှိတယ်ဆိုတာကို သိရပါတယ်။ အထူးသဖြင့် ကျွန်တော်က ရခိုင်ဖြစ်တဲ့အတွက်ကြောင့် ရခိုင်ပြည်နယ်မှာ ယဉ်ကျေးမှု၊ အနုပညာအမွေအနှစ်တွေ ရှိပါတယ်။ ဟိုးယခင်တုန်းကလည်း ရှိခဲ့တယ်။ တိုင်းပြည်မကျဆုံးခင်က ကိုယ့်ထီးကိုယ်နန်းနဲ့ နေခဲ့တဲ့ အချိန်အခါမှာ ရခိုင်နန်းတော်မှာ နန်းတွင်းဇာတ်တော်တွေရှိခဲ့တယ်၊ အတီးအမှုတ်တွေ ရှိခဲ့တယ်။ ရတု၊ ရကန်၊ ဇချင်း၊ အိုင်ချင်း၊ သာချင်း၊ တမ်းချင်း၊ လွမ်းချင်း၊ ကာချင်း၊ ပျို့၊ ကဗျာ၊ လင်္ကာ၊ ဆုံးမစာ၊ မေတ္တာစာ၊ ကျောက်စာ၊ မော်ကွန်း၊ ကျမ်း၊ ဓမ္မသတ်၊ မှတ်တမ်း၊ မှတ်ရာ၊ လျောက်ထုံး၊ သံချပ်၊ သံပေါက်၊ အရွှေ့၊ အက၊ ဝတ္ထု၊ ပြဇာတ်၊ ရာဇဝင် စသည့်အားဖြင့် ရခိုင်မှာ အဲဒီလိုရှိခဲ့သလို ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးနွယ်စုမှာလည်း၊ တိုင်းရင်းသားတွေမှာလည်း ဒီလို ယဉ်ကျေးမှု အမွေအနှစ်တွေ၊ အနုပညာအမွေအနှစ်တွေ ရှိမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

အဲဒါကြောင့်မို့လို့ ဒီရှိခဲ့တဲ့ ယဉ်ကျေးမှု၊ အနုပညာတွေကို ဖော်ထုတ်မယ်၊ တီထွင်မယ်၊ အဲဒီလိုဆိုရင် ကျွန်တော်တို့ ပြည်ထောင်စုတစ်ဝန်းလုံးရဲ့ ယဉ်ကျေးမှုပန်းဥယျာဉ်ဟာ တကယ်ကို လှပတဲ့ပန်း ဥယျာဉ်ဖြစ်မယ်လို့ ယုံကြည်ပါတယ်။ အဲဒါကြောင့်မို့လို့ ယခုအခါမှာ ဒီမိုကရေစီအစိုးရလက်ထက် တိုင်းရင်းသားပြည်နယ်တို့တွင် တိုင်းရင်းသားရိုးရာ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကို ပြည်နယ်အစိုးရတို့က ပြိုင်ပွဲကျင်းပပြုလုပ်ခွင့် ရရှိသကဲ့သို့ တိုင်းရင်းသားပြည်နယ်တို့တွင် တိုင်းရင်းသားတို့၏ အဆို၊ အက၊ အရေး၊ အတီး တို့အပြင် အခြားသော အနုပညာလက်ရာတို့ကိုလည်း တိုးတက်မြင့်မားလာစေရေးကို မျှော်မှန်းလျှက် ပြည်နယ်တိုင်းတွင် ယဉ်ကျေးမှု အနုပညာကောလိပ်တစ်ခုစီ ဖွင့်လှစ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကိုတင်သွင်းရင်း နိဂုံးချုပ်ပါတယ်။

အချိန်၊ ၁၄း၁၄။

ဥက္ကဋ္ဌ။ ။ အဆိုကို ထောက်ခံမယ့်ပုဂ္ဂိုလ်ရှိပါက ဆက်လက်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၄း၁၄။

ဦးတင်ရှန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။ ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးမောင်စောဖြူ တင်သွင်းတဲ့အဆိုကို ဆွေးနွေးပါရန် ကျွန်တော် ဦးတင်ရှန်၊ တနင်္သာရီ မဲဆန္ဒနယ်အမှတ်(၆)အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကနေပြီးတော့ ထောက်ခံအပ်ပါတယ် ခင်ဗျား။

အချိန်၊ ၁၄း၁၅။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမောင်စောဖြူ တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပြည်နယ်တို့တွင် ယဉ်ကျေးမှုနှင့် အနုပညာကောလိပ် (Arts and Culture College)ကျောင်း တစ်ကျောင်းစီ ဖွင့်လှစ်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆို ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့် /မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ သဘောတူရင်လည်း တူတယ် ကျယ်ကျယ်အော်နော်။ မျက်လုံးဖွင့်ပြီး အိပ်ကြည့်ပါ လုပ်မနေနဲ့။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ပြောချင်သေးလား။

အချိန်၊ ၁၄း၁၅။

ဦးမိုးမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။ ။ ကျွန်တော်တို့ ဒါ ယဉ်ကျေးမှု၊ အနုပညာကောလိပ်က မြန်မာတစ်မျိုးသားတည်းအတွက် မဟုတ်ပါဘူး။ တိုင်းရင်းသားအားလုံးအတွက် ဖွင့်ထားတဲ့အတွက် သီးခြားထပ်ဖွင့်ဖို့ မလိုတဲ့အတွက် ကန့်ကွက်ပါတယ်။

အချိန်၊ ၁၄း၁၅။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမောင်စောဖြူ တင်သွင်းတဲ့ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်ရှိတဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊

နည်းဥပဒေ ခွဲငယ်(၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုတဲ့နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။ ဒီလိုဆန္ဒရယူရာမှာ အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိတို့နေရာများမှာ မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။

အကယ်၍ မတ်တတ်ရပ်ပြသည့် လွှတ်တော်ကိုယ်စားလှယ်ဟာ (၄၀) ဦးနှင့် အထက်ဖြစ်လျှင် လက်ခံဆွေးနွေးရန် သဘောတူသည်ဟုလည်းကောင်း၊ (၄၀) ဦး မပြည့်လျှင် လက်ခံဆွေးနွေးရန် သဘောမတူဟုလည်းကောင်း လွှတ်တော်သို့ ကြေညာမှာ ဖြစ်ပါတယ်။

ဒါကြောင့် ယခု (၄၀)ဦး မပြည့်လျှင် လက်ခံဆွေးနွေးရန် သဘောမတူဟုလည်းကောင်း လွှတ်တော်ကို ကြေညာမှာ ဖြစ်ပါတယ်။ ဒါကြောင့် လက်ခံဆွေးနွေးရန် သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ယခုမိမိတို့ နေရာမှာ မတ်တတ်ရပ်ပြပါ။

ဥက္ကဋ္ဌ။ ။ ထိုင်နိုင်ပါပြီ။ မတ်တတ်ရပ်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးရေဟာ(၄၀)ဦး နှင့်အထက် ရှိတဲ့အတွက် ဦးမောင်စောဖြူ ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေငြာပါ တယ်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဒသမနေ့ အစည်းအဝေးရပ်နားကြောင်း နှင့် (၁၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

အချိန်၊ ၁၄း၁၆။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသား လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် (ကြာသပတေးနေ့) နေ့လယ် ၁း၀၀ နာရီခွဲ အချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

အခမ်းအနားမှူး။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့ အစည်းအဝေးကို ၁၄း၁၆ နာရီအချိန်တွင် ရပ်နားပါသည်။]